# ဆီရော

ဇေယျာမောင်
ဘာသာပြန်သည်



စာပေဗိမာန်စာမူဆုရ

၁၉၇၁ ခုနှစ် စာပေဗိမာန် စာမူဆု

ဘာသာပြန် ပထမဆုရ

# ဆီရောဇာ

## သူငယ်ကလေးတဦး၏ ဘဝအတွေ့အကြုံများ

ရေးသားသူ— ဗဲရာ ပါနော်ဗာ

ဘာသာပြန်သူ— ဇေယျာမောင်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမနှိပ်ခြင်း၊ ၁၉၇၃၊ အုပ်ရေ ၂၅,၀၀၀

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၈၀) က ထုတ်ဝေသည်။

ရန်ကုန်မြို့ ၃၆၁-ပြည်လမ်း၊ စာပေဗိမာန်ပုံနှိပ်တိုက်တွင် ဦးကျော်အုံး
(မှတ်ပုံတင်အမှတ် ၀၀၃၂)က ရိုက်နှိပ်သည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆိရောဇာ မည်သူဖြစ်သနည်း .... .... | ၁ |
| ၂။ | ဘဝလမ်းကြောင်း၏ အခက်အခဲကလေးများ .... | ၄ |
| ၃။ | အိမ်တွင်းပြောင်းလဲမှု .... .... | ၇ |
| ၄။ | ကော်ရက်စကျီလက်နှင့် ပထမဆုံး နံနက်စောစော အိမ်လည်သွားခြင်း .... .... .... | ၁၉ |
| ၅။ | စက်ဘီးတစီးဝယ်ပြီ .... .... .... | ၂၅ |
| ၆။ | သူများနှင့် မတူသည့် ကော်ရက်စကျီလက် .... | ၃၀ |
| ၇။ | ဘေးမကြီး၏ ဈာပနကိစ္စ .... .... | ၃၈ |
| ၈။ | ကောင်းကင်ဘုံနှင့် မြေပြင်လောက .... .... | ၄၇ |
| ၉။ | ဗတ်စကာနှင့် သူ၏ဦးလေး .... .... | ၅၉ |
| ၁၀။ | ဗတ်စကာ့ဦးလေးနှင့် သိကျွမ်းလိုက်ရသောကျေးဇူး | ၇၂ |
| ၁၁။ | ငြိမ်းငွေ့ဖွယ် ကောင်းသောလောက .... .... | ၈၀ |
| ၁၂။ | ဟိုလမ်ဂေါရီ .... ... ... | ၈၅ |
| ၁၃။ | ခရီးမထွက်မီနေ့ .... .... .... | ၉၅ |
| ၁၄။ | ခရီးထွက်ကြသောနေ့ .... .... .... | ၁၀၀ |

# ကျေးဇူးတင်လွှာ

ဤစာအုပ် ဘာသာပြန်ဆိုရာတွင် အမည်များကို မြန်မာဘာသာသို့ အသံလှယ်ပေးသော ပြည်ထဲရေးဝန်ကြီးဌာန စာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနခွဲမှ ဦးတင်ဟုတ်၊ ဒေါ်တင်တင်လှိုင်၊ သမီး ဒဂုံအထက ၁၊ ကိုးတန်းကျောင်းသူ လှိုင်မေဦးတို့အား အထူး ကျေးဇူးတင်ပါသည်။

**စာပေဗိမာန်**

# ဆီရောဇာ[၁] မည်သူဖြစ်သနည်း ဘယ်မှာနေထိုင်သနည်း

ယခုဆိုလျှင် လူတွေက သူ့ကို မိန်းကလေးနှင့် တူသည်ဟု ခေါင်းထဲ၌ စွဲထင်နေကြပါသည်။ ဤအစွဲသည် အလွန်မိုက်သောအ,သောအစွဲဖြစ်ပါသည်။မိန်းကလေးများသည်သင်တိုင်းဝတ်ပါသည်။ ဆီရောဇာသည် သင်တိုင်းမဝတ်သည်မှာ ကြာပါပြီ။ ထို့ပြင် မည်သည့်မိန်းကလေးသည် သားရေဂွကိုင်လေ့ရှိပါသနည်း။ ဆီရောဇာတွင်မူ သားရေဂွ တခု ရှိပါသည်။ ပစ်လည်းပစ်တတ်ပါသည်။ ရှူးရစ်[၂]က သူ့အတွက် ဂွတချောင်း လုပ်ပေးထားပါသည်။ သူတသက်လုံး စုဆောင်း လာခဲ့သည့် ချည်ရစ်လုံးဟောင်းများကို ရှူးရစ်အား ပေး၍ သားရေဂွနှင့် လဲလှယ်ယူထားခြင်းဖြစ်ပါသည်။

ယခုကဲ့သို့ သူ၏ဆံပင် ရှည်နေသည့်အတွက် သူ မည်သို့မျှ မတတ်နိုင်ပါ။ စက်ကတ်ကြေးဖြင့် ထပ်တလဲလဲ ညှပ်ခဲ့ပြီးပါပြီ။ ဆံပင်ညှပ်တိုင်း ဆီရောဇာခမြာ ငြီးသည်အထိ ငြိမ်ငြိမ်သက်သက် နေခဲ့ရှာပါသည်။ သို့သော် ဆံပင် များသည် ယခင်က အတိုင်း ပြန်၍သာရှည်လာခဲ့ပါသည်။

---

၁။ Seyogha

၂။ Shurik

မိန်းကလေးနှင့် တူသည်ဟု အပြော ခံရသော်လည်း ဆီရောဇာသည် ကလေး အရွယ်နှင့် မလိုက်၊ ဥာဏ်ကောင်း သည်ဟု လူတိုင်း ချီးမွမ်းကြပါသည်။ သူသည် စာအများ ကြီး အလွတ်ဆိုနိုင်ပါသည်။ စာလုံး အက္ခရာများကိုသည်း သိ ပါသည်။ သို့သော် ဘေးမှထောက်ကူမပေးဘဲ စာဖတ် ခိုင်း လျှင်မူ လွန်စွာအချိန်ကြာတတ်ပါသည်။

ဆီရောဇာသည် စာအုပ်တွင် ရေးထားသမျှကို သူ့ရင်ထဲ အသည်းနှလုံးထဲက လေးလေးပင်ပင် ယုံမှတ်ခြင်း မရှိတတ်သော် လည်း သူသည် စာဖတ် ဝါသနာကား ပါလှသည်။ "တိရစ္ဆာန် များ စကားမပြောတတ်ပါ။ ကော်ဇောပျံ မပျံနိုင်ပါ။ စက်တပ် မထားရ၍ဖြစ်ပါသည်" ဆိုသည်လောက်ကို လူတိုင်း သိကြပါ သည်။ လူတွေသည် ဤမျှလောက် ဥာဏ်မထူထိုင်းပါ။

ဆီရောဇာသည် မေမေ၊ အန်တီ ပါရှာ၊[၃] လူကီယာနစ်[၄]တို့ သုံးဦးနှင့် အတူကကွ နေထိုင်ပါသည်။ သူတို့၏ အိမ်ငယ်တွင် အခန်းသုံးခန်း ရှိပါသည်။ ဆီရောဇာသည် မေမေနှင့် အခန်းတခန်းတွင် အတူအိပ်ပါသည်။ အန်တီပါရှာနှင့်လူကီ ယာနစ်တို့က အခြားတခန်းတွင်အိပ်ကြ၍ ကျန် အခန်းမှာ ထမင်းစားခန်းဖြစ်ပါသည်။ ဧည့်သည် စောင်သည်များ လာ သည့်အခါတွင်သာ သူတို့ထမင်းစားခန်းတွင် စားသောက်ကြ ပါသည်။ အိမ်သားများချည်း သာဆိုလျှင် မီးဖိုခန်းမှာသာ စားသောက်လိုက်ကြပါသည်။ သူတို့ အိမ်သည် အိမ်ပြင် ဝရံ တာနှင့် ဝင်းခြံနှင့်ဖြစ်ပါသည်။

သူတို့မြို့ကို မြို့ငယ်ကလေးဖြစ်သည်ဟု လူများက ပြော ကြပါသည်။ ဆီရောဇာနှင့် သူ၏ အပေါင်းအဖော် များကမူ

---

၃။ Aunty Pasha

၄။ Lukianych

ဤသို့ ပြောဆိုကြသူများ မှားယွင်းကြသည်ဟု တထစ်ချ ယုံကြည်ကြပါသည်။ သူတို့မြို့သည် မြို့ကြီးတမြို့ပင် ဖြစ်ပါသည်။ ဆိုင်ကြီးကန္တားကြီးများ ရေစင် ကြီးများ ရှိပါသည်။ အထိမ်းအမှတ် ကျောက်တိုင်နှင့် ရုပ်ရှင်ရုံ တရုံလည်း ရှိပါသည်။ မေမေသည် တခါတရံ ဆီရောဇာကို ရုပ်ရှင်သို့ ခေါ်သွားတတ်ပါသည်။ ရုပ်ရှင်ပြရန် မီးမှိန်လိုက်လျှင် "မေမေဇာတ်ကြောင်းနားလည်ရင် သားကို ပြောပြပါ" ဟု သမေမေအား ပြောတတ်ပါသည်။

ဆီရောဇာတို့၏လမ်းကို "ခရီးဝေးလမ်း" ဟု ခေါ်ပါသည်။ သို့သော် နာမည်နှင့်မလိုက်၊ မည်သည့် နေရာနှင့်မျှ အလှမ်းမဝေးလှပါ။ မြို့လယ်နှင့် နှစ်ကီလိုမီတာသာလျှင် ဝေးသည်ဟု ဗတ်စကာ[၅]က ပြောဘူးပါသည်။ ဗရိုက်ရှိုး အစိုးရခြံ[၆] နှင့်မူ ပို၍ပင် နီးသေးသည်ဟု ဗတ်စကာက ပြောပြပါသည်။

ဗရိုက်ရှိုးအစိုးရခြံထက် အရေးကြီးသော နေရာဟူ၍မရှိနိုင်တော့ပါ။ ထိုခြံတွင် လူကီယာနစ် အလုပ်လုပ်ပါသည်။ အန်တီပါရှာသည် ငါးခြောက်၊ အဝတ်အထည် စသည် တို့ကို ထိုခြံမှဆိုင်တွင် သွားရောက်ဝယ်ရပါသည်။ မေမေ စာသွားသင်သောကျောင်းလည်း ထိုခြံမှာပင် ရှိပါသည်။

၅။ Vaska

၆။ Bright Shore State Farm

# ဘဝလမ်းကြောင်း၏
# အခက်အခဲကလေးများ

ပတ်ဝန်းကျင်တွင် သက်ရှိ သက်မဲ့ပစ္စည်း အများအပြား ရှိပါသည်။ ကမ္ဘာကြီးသည် အရာဝတ္ထုများနှင့် ပြည့်နှက် နေပါသည်။ ယင်းတို့အားလုံးကို မည်ကဲ့သို့ ဂရုတစိုက် သတိပြုမိနိုင်ပါမည်နည်း။

အရာဝတ္ထု အားလုံးလိုလိုသည် အရွယ်အားဖြင့် ကြီးမားကြပါသည်။ တံခါးများသည် အလွန် မြင့်၍ လူတွေလည်း (ကလေးသူငယ်များမှအပ) တံခါးများနီးပါး မြင့်ကြပါသည်။ လော်ရီကားများ၊ ကောက်ရိတ် ကောက်နယ်စက်ကြီးများ၊အခြား မည်သည့်အသံကိုမျှ မကြားနိုင်အောင် ကျယ်လောင်စွာ ဥဩမှုတ်တတ်သော မီးရထားခေါင်းတွဲများလည်း ကြီးမားကြပါသည်။

ယင်းတို့သည် အန္တရာယ် ပေးလေ့မရှိပါ။ လူများသည် ဆီရေဇာအပေါ် ကြင်နာစိတ်ရှိကြ၍ သူက ငုံ့စေလိုလျှင် ကိုယ်ကိုကုန်းပေးကြပါသည်။ သူတို့၏ ခြေထောက် ကြီးများနှင့်လည်း သူ့အား တက်မနင်းကြပါ။ လော်ရီနှင့် ကောက်ရိတ်ကောက်နယ် စက်ကြီးတွေကလည်း သူတို့ ရှေ့တည့်တည့်

ဖြုတ်မပြေးလျှင် အန္တရာယ်မပေးကြပါ။ မီးရထားစက်ခေါင်းများမှာမူ မီးရထား ဘူတာရုံတွင်ရှိ၍ အလုပ်မ်း ခဲ့းပါသည်။ ဆီရောဇာသည် ဘူတာရုံသို့ ကျိမော့ဟင်[၇] နှင့်အတူတခေါက်နှစ်ခေါက် ရောက်ဘူးပါသည်။ သို့သော် ဘူတာဝင်းထဲ၌ပင် ကြောက်မက်ဖွယ် သတ္တဝါကြီးတကောင်ရှိပါသည်။ သူ၏အရုပ်ဆိုးသော မျက်လုံးသေးကလေးများဖြင့် လူကို မယုံသင်္ကာသလို၊ စိတ်ဆိုးနေသလို ကြည့်တတ်ပါသည်။ ဇလုပ်ကြီးကလည်း အသက်ရှူနေသကဲ့သို့ လှုပ်တုတ်လှုပ်တုတ်နေပါသည်။ သူ၏ရင်အုပ်မှာ လှည်းဘီးပမာ ဝိုင်းစက်နေပါသည်။ နှုတ်သီးသည် သံကဲ့သို့ မာကြောပါသည်။ အသားအဖုများ ရှိသောခြေသည်းများနှင့် မြေကြီးကို ကုတ်ခြစ် နေတတ်ပါသည်။ လည်ပင်းကို ဆန့်တန်းလိုက်လျှင် သူ၏အရပ်သည် ဆီရောဇာလောက်ပင်မြင့်ပါသည်။ တဖက်ခြံမှ ကြက်ထီးမိုက် တကောင်သည် ဤဖက်ခြံသို့အလည်အပတ်ပျံသန်းဝင်လာစဉ် ထိုသတ္တဝါကြီးက ထိုးဆိပ်လွှတ်လိုက်ဘူးသကဲ့သို့ တနေ့နေ့တွင် သူသည် ဆီရောဇာကို နှုတ်သီးဖြင့် ထိုးဆိတ်မည်အမှန် ဖြစ်သည်။

ဤတိရစ္ဆာန်ရိုင်းကြီး ရှိလျှင် ဆီရောဇာသည် သူ့ကို မမြင်ယောင်ပြု၍ အစဉ်အဝေးမှ ရှောင်ကွင်းကာ သွားလေ့ရှိသည်။ ထိုအခါများတွင် သတ္တဝါကြီးသည် အမောက်နီနီကြီးကို တဖက်သို့ တွဲကျစေ၍ ရန်လိုဟန်နှင့် သူ့အား မျက်ခြေမပြတ် လိုက်ကြည့်ပြီးကြောက်မက်ဖွယ်အသံပြုကာခြိမ်းခြောက်တတ်ပါသည်။

ကြက်များက ဆိတ်တတ်၍ ကြောင်များက ကုတ်ခြစ်တတ်ကြပါသည်။ ဆူးပင်က ဆူးစူးတတ်ပါသည်။ ယောကျ်ား

၇။ Timokhin

ကလေးများသည် အချင်းချင်းရန်ဖြစ်တတ်၍ ထိုးကြ၊ ကိုက်ကြ၊ မြေကြီးပေါ် လဲကျ၍ ဒူးများပွန်းပဲ့ ထိခိုက် ဖြစ်တတ်ကြသည်။ ထို့ကြောင့် ဆီရောဇာ၌ အစဉ်သဖြင့် ကုတ်ရာခြစ်ရာ၊ အဖုအပိမ့်၊ အပွန်းအပဲ့များနှင့် ဖြစ်ပါသည်။

တနေ့ပတ်လုံး အဖြစ်အပျက်အမျိုးစုံဖြစ်ခဲ့၊ ကြည့်ရှုစရာ အမျိုးစုံကြည့်ရှုခဲ့ပြီးနောက် ဆီရောဇာ လွန်စွာ မောပန်းသွားပါသည်။ ညနေစောင်းတွင် သူသည် ပန်းဟိုက် လွန်းသဖြင့် စကားပင်မပြောနိုင်တော့ပါ။ သူ၏မျက်တောင်များလည်း ငှက်မျက်လုံးကဲ့သို့ မှေးလာပါပြီ။ လူကြီးများက ခြေလက် ဆေးပေး၊ ညဝတ်အင်္ကျီလဲပေး လုပ်နေသည်ကိုပင် သူမသိတော့ပါ။ သူ့အတွက် တနေ့တာနာရီသံပတ် ကုန်သွားခဲ့ပေပြီ။

သူအိပ်ပျော်သွားပါပြီ။ အိပ်ပြီ ဆိုလျှင်လည်း သူ့အနားတွင် ဆင်အော်၍ပင် မနိုးတော့ပါ။ သံပုံးတီးလဲမကြား၊ သေနတ်ဖေါက်လည်း မနိုးတော့ပါ။ လောကကြီးတွင် ဆက်လက် နေထိုင်ရေးအတွက် ဆီရောဇာတယောက် အားအင်အသစ် စုဆောင်းနေရှာလေပြီ။

# အိမ်တွင်းပြောင်းလဲမှု

“သွားရေ....မင်းဘယ့်နှယ်သဘောရသလဲ။ ဒို့မှာ မင်းဖို့ ဖေဖေတယောက် ရှိဖို့လိုတယ်ထင်တယ်”ဟု ဆီရောဇာ၏မေမေက သူ့နှင့်တိုင်ပင်ကြည့်သည်။ ဆီရောဇာက သူ့အမေကို မော့ကြည့်လိုက်ပါသည်။ ဤကိစ္စကို သူစဉ်းစား မကြည့်ခဲ့မိဘူးပါ။ အချို့ကလေးများတွင် ဖေဖေရှိ၍ အချို့မှာ မရှိကြပါ။ ဆီရောဇာမှာမူ ဖေဖေမရှိတော့ပါ။ စစ်ပွဲတွင် ကျဆုံးခဲ့ပါသည်။ သူ့အဖေကို ဆီရောဇာ မမြင်ဘူးရှာပါ။ ဓာတ်ပုံကိုသာ မြင်ဘူးပါသည်။ တခါတရံ သူ့မေမေသည် ထိုဓာတ်ပုံကို နမ်းရှုံ့နေတတ်ပါသည်။ သူ့ကိုလည်း အနမ်းခိုင်းပါသည်။ မေမေ၏အသက်ရှူငွေ့နှင့် မှုံဝေဝေဖြစ်နေသော ဓာတ်ပုံမှန်ကို သူ့နှုတ်ခမ်းနှင့်ထိပြီး နမ်းလိုက်ရန်မှာ ဝန်မလေးလှသော်လည်း ချစ်သောစိတ်ဟူ၍ သူ့၌ ပေါ်မလာပါ။ ဓာတ်ပုံတွင်သာ မြင်ဘူးသူတဦးကို မည်ကဲ့သို့ ချစ်နိုင်ပါမည်နည်း။

ဆီရောဇာသည် မေမေ၏ဒူးကြားတွင် ဝင်၍ ရပ်လိုက်ပြီးနောက် သူ့အမေ မျက်နှာကို စုံစမ်းသော သဘောနှင့် ကြည့်နေပါသည်။ သူ့အမေမျက်နှာသည် တဖြည်းဖြည်း ရှက်

သွေးများဖြာလာပါသည်။ ပထမ ပါးနှစ်ဖက် ပန်းရောင်သန်းလာပြီးနောက် နဖူးနှင့် နားရွက်နှစ်ဖက် နီရဲလာပါသည်။

"တကယ်ဆိုတော့ ဖေဖေတယောက်ရှိမယ်ဆိုရင်ပိုကောင်းမှာဘဲနော်....နော်....သားသားရယ်" ဟု သူ့အမေက တိုးတိုးကလေးပြောပြပါသည်။

"ဟုတ်....ဟုတ်....ဟုတ်ကဲ့....မေမေ"ဟု သူကလည်း တိုးတိုးပင် ပြန်ပြောလိုက်ပါသည်။အဘယ်ကြောင့် ဤသို့ဖြေကြားလိုက်မိသည်ကို သူကိုယ်တိုင်ပင် မသိပါ။

သေချာဂန မသိရိုးအမှန်ပင်၊ အဖေတယောက် ရှိခြင်းဖြင့် ကောင်းမကောင်း ဆိုသည်ကို သူ့အနေဖြင့် သူ့မေမေက ပြောစေချင်၍သာ"ဟုတ်ကဲ့"ဟု ဖြေလိုက်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် အဖေ ရှိတာနှင့် မရှိတာ ဘယ်ဟာက ပိုကောင်းမလဲဟု ကမန်းကတန်း စဉ်းစားကြည့်လိုက်ပါသည်။ ကျီမော့ဟင်က သူ၏လော်ရီကားနှင့် ကလေးများကို ကားစီးရန် လာခေါ်လျှင် ရှုရစ်မှ အပ အခြားကလေး အားလုံးကားနောက်ပိုင်းမှာ ထိုင်နေကြရပါသည်။ ရှုရစ်ကမူ ကျီမော့ဟင်နှင့်အတူ ရှေ့ခန်းမှာ ထိုင်ရပါသည်။ ကလေးများအားလုံး သူ့ကို မနာလိုဖြစ်ကြသော်လည်း သူ့နေရာကို မည်သူမျှ ဝင်မလုကြပါ။ အဘယ်ကြောင့်ဆိုသော် ကျီမော့ဟင်သည် ရှုရစ်၏ဖေဖေဖြစ်ပါသည်။

တခုတော့ရှိပါသည်။ ရှုရစ်သည် ပြောစကား နားမထောင်ဘဲ ဆိုးတေနေပြီဆိုလျှင် ကျီမော့ဟင်က ရိုက်နှက်၍ ဆုံးမလေ့ရှိပါသည်။ ထိုအခါတွင် ရှုရစ်သည် မျက်ရည် စို့ရွဲနှင့် မှိုင်နေတတ်ပါသည်။ ဆီရောဇာက ရှုရစ်အား သနားစိတ်ဖြစ်ပေါ်လာ၍ သူ့ကစားစရာများကို ထုတ်ယူပြီး ရှုရစ်



2:31 PM 13/113

ကို ချော့မော့နှစ်သိမ့်ပေးရပါသည်။ မည်သို့ပင်ဖြစ်စေ အဖေ တယောက် ရှိလျှင်တော့ ကောင်းမျှား ကောင်းမလားဘဲ။ မကြာသေးခင်က ဗတ်စကာသည် လီဒါ [ဂ] ကို သွားပြီးကျီစား မိသောအခါ "ဒါပေမဲ့ ငါ့မှာအဖေရှိတယ်၊ နင့်မှာအဖေမရှိဘူး။ ကဲ...."ဟု အပြောခံရဘူးသည်မဟုတ်ပါလား။

သူ့မေမေရင်တွင်း၌ ဒုတ် ဒုတ် ဒုတ် ဒုတ် မြည်သံတခုကို ကြားရ၍ ဆီရောဇာသည် "ဘာလဲ....ဘာလဲ....အဲဒီ ဆောင့်တိုး နေတဲ့အသံ" ဟု သူ့မေမေကို ပြာပြာသလဲ မေးမြန်းလိုက် ပါသည်။ သူ့မေမေက ရယ်မောပြီး ဆီရောဇာကို မွှေးမွှေး ပေးလိုက်ပါသည်။ ထို့နောက်သူ့အား ပိုပြီး ယုယစွာ ပွေ့ဖက် ထားလိုက်ပါသည်။

"အဲဒါ....မေမေ့နှလုံးပေါ့"

'ကျွန်တော့်မှာလဲ နှလုံးရှိသလားမေမေ"ဟု မေး မြန်းရင်း ဦးခေါင်းကိုငုံ့ကာ နားထောင်ကြည့်ပါသည်။

"သားသားမှာလဲ ရှိတာပေါ့"

"ဟင် .... ဟုတ်လား၊ ဒုတ်ဒုတ်လို့ မြည်နေတာ မကြားရဘူး"

"မြည်ပါတယ်သားရဲ့၊ သားသား မကြားရလို့ပါ၊ သားသား နှလုံးလဲ ခုန်နေတာဘဲ။ နှလုံးမခုန်ရင် အသက် မရှင်နိုင်ဘူး"

"အစဉ်ဒီလိုဘဲ ဒုတ်ဒုတ်နှင့် ခုန်နေသလား"

"ဟုတ်တယ် အစဉ်ပေါ့"

"အိပ်ပျော်နေတုံးလဲ ခုန်သလား....မေမေ"

"အေး....အိပ်ပျော်နေတုံးလဲ ခုန်တာဘဲ"

---

ဂ။ Lida

"မေမေကြားရသလား"

"ကြားရတယ်၊ လက်နှင့်လဲ စမ်းကြည့်နိုင်တယ်" ဟု ပြောရင်း သူ့လက်ကလေးကိုကိုင်၍ သူ့နံရိုးများ ပေါ်တွင် တင်ပေးလိုက်သည်။

"ကိုင်း....ခုန်နေတာ သိပြီလား"

"ဟုတ်တယ်မေမေ၊ အမယ်လေး ဒုတ်ဒုတ်နဲ့ သိပ်ခုန်တာဘဲ။ နှလုံးဆိုတာ အကြီးကြီးလား....မေမေ"

"မင်း လက်သီးဆုပ်လိုက်စမ်းပါ။ အဲ....ဟုတ်ပြီ၊ အဲဒီလက်သီးဆုပ်လောက်ကြီးတယ်"

ဆီရောဇာတွင် ရှုတ်တရက် အကြံအစည်တခုခုပေါ် လာသည်နှင့်တူပါသည်။ သူ့မေမေ ပွေ့ပိုက်ထားရာ ရင်ခွင်မှ လူးလွန့်ထွက်ရင်း "သွားတော့မယ်မေမေ" ဟု ပြောလိုက်သည်။

"ဘယ်သွားမလို့လဲ" သူ့မေမေက မေးလိုက်သည်။

"ခဏကလေးပါ" ဟုပြန်ပြောရင်း လက်သီးဆုပ်ဖြင့် ဝဲဖက်ရင်ပတ်ကို ဖိထားပြီး လမ်းထဲသို့ ပြေးထွက်သွားပါသည်။ လမ်းထဲတွင် ဗတ်စကာနှင့် ဇင်ကာ[၆] တို့ကို မြင်လိုက်ရာ သူတို့ထံသို့ ပြေးသွားပါသည်။

"ဟေ့....ဒီမှာ စမ်းကြည့်စမ်း၊ အဲဒါ ငါ့နှလုံးကွ၊ ငါ့လက်နဲ့ စမ်းကြည့်လို့ရတယ်။ မင်းတို့စမ်းကြည့်မလား"

"အမယ်....သူ့မှာသာ နှလုံးရှိတာမှတ်လို့၊ လူတိုင်းမှာ ရှိတာဘဲ" ဟု ဗတ်စကာက လှောင်ပြောင် လိုက်ပါသည်။

သို့ရာတွင် ဇင်ကာကမူ "အဟုတ်လား" ဟု မေးပြီးလျှင် ဆီရောဇာနံဘေးကို လက်ဖြင့် ဖိစမ်းကြည့်ပါသည်။

"စမ်းမိလားဟေ့" ဟု ဆီရောဇာက မေးလိုက်ပါသည်။

---

၆။ Zhenk

"အယ်....အင်း"

"ငါ့ လက်သီးဆုပ်လောက် ရှိတယ်နော်"

"မင်း ဘယ်နှယ့်လုပ်သိလဲ" ဗတ်စကာက ဝင်မေးလိုက်ပါသည်။

"မေမေက ပြောတယ်"ဟု ပြန်ပြောရင်း ရုတ်တရက် သတိရ၍ "ငါ့မှာ ဖေဖေရတော့မယ်ကွ"ဟု ဆက်ပြောလိုက်ပါသည်။

ထိုအချိန်တွင် ဆီရောဇာတို့ အိမ်ဝင်းပေါက်၌ မော်တော်ကားတစီး ထိုးရပ်လာပါသည်။ ကားကို မိန်းမတယောက်က မောင်းလာပါသည်။ ထိုမိန်းမသည် ကားပေါ်မှ ဆင်းလာစဉ် အန်တီပါရှာလည်း ဝင်းပေါက်မှ ထွက်လာပါသည်။

"ဟောဒီမှာ....ပစ္စည်းတွေကို ဒမီထရီကော်ရနေးဗစ်[၁၀] က အပို့ခိုင်းလိုက်ပါတယ်"

ကားနောက်တွင် အဝတ်သေတ္တာတလုံးနှင့် ကြိုးဖြင့်စည်းနှောင်ထားသည့် စာအုပ်ထုပ်တထုပ် ပါလာသည်။ ထို့ပြင် မီးခိုးရောင် ထူထူအလိပ်ကြီး တလိပ်လည်း ပါပါသည်။ ယင်းမှာ စစ် အပေါ် အင်္ကျီကြီးကို လိပ်၍ ထားခြင်း ဖြစ်ပါသည်။ အန်တီပါရှာနှင့် ကားမောင်းလာသော မိန်းမတို့သည် ပစ္စည်းများကို အိမ်ထဲသို့ သယ်ယူကြပါသည်။ မေမေက ပြူတင်းပေါက်မှ ခေါင်းပြူကြည့်ပြီး ပြန်ဝင်သွားပါသည်။

"မေမေ၊ မေမေ၊ ကော်ရက်စကျိုလက်[၁၁] က သူ့စစ်အင်္ကျီကြီးကို အပေးခိုင်းလိုက်တယ်"

(ဒမီတရီကော်ရနေဗစ် ကော်ရက်စကျိုလက်သည် သူတို့ အိမ်သို့ မကြာခဏ အလည် လာဘူးပါသည်။ ဆီရောဇာကို

၁၀။ Dmitri Korneievich ၁၁။ Korestelev

ကစားစရာများ ဝယ်ပေးဘူးပါသည်။ ဆောင်းတွင်း ကလည်း စွပ်ဖားလှည်းစီးရန် တကြိမ်ခေါ်သွားဘူးပါသည်။ သူ့ စစ်အင်္ကျီကြီးမှာ ပခုံးထောက်များ မပါပါ။ စစ်တွင်းမှ အကျန် ဖြစ်ပါသည်။ ဆီရောဇာသည် ဒမီတရီကော်ရနေဗစ်နာမည်ကို အပြည့်အစုံ မခေါ်တတ်ပါ။ လျှာလိပ်လိပ်နေပါသည်။ ထို့ကြောင့် အိမ်လာလည်သည့် ဧည့်သည်ကို လွယ်လွယ်ပင် ကော်ရက်စကျီလက်ဟု ခေါ်လေ့ ရှိပါသည်)။

စစ်အင်္ကျီကြီးကို အင်္ကျီချိတ်တွင် ချိတ်ထားပြီး ဖြစ်နေပေပြီ။ မေမေလည်း စာတစောင် ဖတ်နေသဖြင့် သူ့ကို ချက်ခြင်းစကားပြန်မပြောပါ။ စာကို ကောင်းစွာဖတ်ပြီးမှ "အေး.... ဆီရောဇာ မေမေသိတယ်။ ကော်ရက်စကျီလက်ဟာ မေမေတို့နဲ့ အတူလာနေတော့မှာ။ သူဟာ မင့်ဖေဖေ ဖြစ်တော့မယ်"ဟု ပြောပါသည်။

"ဖေဖေ" ဆိုသော စကားလုံးကို ကြားရစဉ်က သူမသိသော သူစိမ်းတယောက်ယောက် ဖြစ်လိမ့်မည်ဟုသာ ဆီရောဇာ တွေးထင်မိခဲ့သည်။ ယခုတော့ ကော်ရက်စကျီလက် ဖြစ်နေပါလား။ သူသည် မိတ်ဆွေရင်းကြီး ဖြစ်နေပါလည်း။ အန့်တီပါရှာနှင့် လူကီယာနစ် တို့က ဆိုလျှင် သူ့ကို ရင်းရင်း နှီးနှီး "မီကျာ"ဟု ခေါ်ကြပါသည်။ မေမေက ဘာစိတ်ကူးများ ပေါက်လို့ပါလိမ့်ဟု မရှင်းမလင်း ဖြစ်နေသည်။

"ဘာဖြစ်လို့လဲ"

"ကိုင်း....စကားတွေ များမနေစမ်းနဲ့။ စာကို ကောင်းကောင်း မဖတ်ရတော့ဘူး၊ တကယ်ထဲမှတဲ့"

သူ့အမေးကို မေမေက အဖြေမပေးပါ။ မေမေသည် လွန်စွာပင် အလုပ်များနေပုံ ရပါသည်။ စာအုပ်ထုပ်ကိုဖြည်ပြီး

စာအုပ်များကို စင်ပေါ်တွင် စီတင်ထားပါသည်။ ထိုပြင် ပန်းခြံသို့ ဆင်းသွား၍ ပန်းများ ခူးလာပြီး ပန်းအိုးတွင် လှပစွာ ထိုးပါသည်။ ထို့နောက် ဘန်းမုန့်များကို စတင်ဖုတ်ပါသည်။ မေမေ့ကို အန်တီပါရှာက ဂျုံမှုန့် နှံ့နည်း သင်ပေး ထားပါသည်။ ဆီရောဇာသည် ဂျုံမှုန့်နှပ်နှင့် ယိုအနည်းငယ်ယူပြီး သူ့အတွက် ဘန်းမုန့်ကလေးကို သူကိုယ်တိုင် ဖုတ်ပါသည်။

ကော်ရက်စကျီလက် ရောက်လာသောအခါ ဆီရောဇာသည် မရှင်းမလင်းနှင့် ခေါင်းရှုပ်ခဲ့သည်များ မေ့ပျောက်သွားပြီး "ကော်ရက်စကျီလက်....ဒီမှာကြည့်စမ်း။ကျွန်တော် ဘန်းမုန့်ဖုတ်ထားတယ်"ဟု အော်ပြောလိုက်ပါသည်။ ကော်ရက်စကျီလက်သည် ၎င်း၍ ဆီရောဇာကို အားပါးတရ နမ်းရှုပ်လိုက်ပါသည်။ "သူ အခု ငါ့ဖေဖေ ဖြစ်လာလို့ အကြာကြီးနမ်းနေတာထင်ပါရဲ့"ဟု ဆီရောဇာက တွေးကြည့်နေမိလေသည်။

ကော်ရက်စကျီလက်သည် သူ၏ အဝတ်သေတ္တာကို ဖွင့်၍ မှန်ဘောင် သွင်းထားသော မေမေ့ ဓာတ်ပုံကို ထုတ်ယူလိုက်ပါသည်။ ထို့နောက် မီးဖိုချောင်မှ တူနှင့် သံချောင်းကို သွားယူပြီး ဓာတ်ပုံကို ဆီရောဇာ အခန်းတွင် ချိတ်ဆွဲ ထားလိုက်ပါသည်။

"ဓာတ်ပုံကို ချိတ်ထားစရာ လိုသေးလား၊ လူကိုယ်တိုင်တသက်လုံး အတူတူ ရှိနေတော့မှာဘဲ"ဟု မေမေက ပြောပါသည်။ ကော်ရက်စကျီလက်က မေမေ၏ လက်နှစ်ဖက်ကို ဆွဲကိုင်လိုက်၍ သူတို့နှစ်ဦးစလုံး ဆီရောဇာကို ကြည့်လိုက်ကြပြီးနောက် လက်တွဲ ဖြုတ်ချ လိုက်ပါသည်။ ထို့နောက် မေမေ အခန်းထဲမှ ထွက်သွား ပါသည်။ ကော်ရက်စကျီလက်သည် ကုလားထိုင်တလုံးတွင် ထိုင်ချလိုက်ပြီးနောက်....



2:31 PM 18/113

"ကိုင်း....ဆီရောဇာ၊ မင်းတို့နှင့် အတူတူ နေဖို့ ငါတော့ ရောက်လာပြီလေ၊ မင်းက မကန့်ကွက်ဘူး မဟုတ်လား"ဟု မေးပါသည်။

"အစဉ်နေဖို့ လာခဲ့တာလား" ဆီရောဇာက မေးလိုက်သည်။

"အေးပေါ့၊ အစဉ်နေဖို့ပေါ့"ဟု ကော်ရက်စကျီလက်က ပြောပြသည်။

"ပြီးတော့ ကျွန်တော့်ကို ဒုတ်နှင့် ရိုက်မှာလား" ဤမေးခွန်းကြောင့် ကော်ရက်စကျီလက် အံ့အားသင့်သွားရသည်။

"ဘာပြုလို့ ဆီရောဇာကို ရိုက်ရမှာတုံး"

"ကျွန်တော် ဆိုးတဲ့အခါလေ" ဆီရောဇာက ရှင်းလင်းပြသည်။

"မရိုက်ပါဘူးကွာ၊ ဒုတ်သုံးပြီး ဆုံးမတယ်ဆိုတာ အလွန်မိုက်မဲတာဘဲ" ကော်ရက်စကျီလက်က ပြန်ဖြေသည်။

"ဟုတ်တယ်၊ သိပ်မိုက်မဲတာဘဲနော်၊ ဒုတ်နှင့် ရိုက်တော့ ငိုရတာပေါ့"ဟု ဆီရောဇာက သဘောတူစွာ ပြောလိုက်သည်။

"ဒို့နှစ်ယောက် ဒုတ်မသုံးဘဲ ယောကျ်ားပီပီ ကိစ္စတွေ ဖြေရှင်းရအောင်ပေါ့ကွာနော်"

"ဒါနဲ့ ခင်ဗျား ဘယ်အခန်းမှာ အိပ်မှာလဲ" ဆီရောဇာက မေးလိုက်သည်။

"ဒီအခန်းမှာ အိပ်ရမဲ့ ပုံဘဲကွ။ ဟုတ်တယ်.... ကလေးရ၊ ဒီအခန်းမှာ အိပ်ရမယ် ထင်တယ်။ ဒါနဲ့ တနင်္ဂနွေကျတော့ ဒို့နှစ်ယောက် အပြင်သွားကြရအောင်။ ဘယ်သွားမလဲ မင်းမသိချင်ဘူးလား။ အရုပ်ဆိုင်ကိုလေ။ မင်းကြိုက်တာဝယ်ပေးမယ်။ ဘယ့်နှယ်လဲ၊ သဘောမကျဘူးလား"



2:31 PM 19/113

"ဟာ....ကော်တာဘဲ။ ကျွန်တော် စက်ဘီးလိုချင်တယ်။ တနင်္ဂနွေနေ့ရောက်အောင် အကြာကြီးလား"

"မကြာပါဘူးကွာ"

"ဘယ်နှစ်ရက် စောင့်ရအုံးမှာလဲ"

"နက်ဖန် သောကြာနေ့ဆိုတော့ သဘက်ခါ စနေ၊ အဲဒီနောက်တရက်ဆို တနင်္ဂနွေပေါ့ကွ"

နောက်တနေ့နံနက် အိပ်ရာမှ နိုးလာသောအခါ ဆီရောဇာသည် သူဘယ်ရောက်နေသလဲဟု ပထမဦး ဇဝေဇဝါ ဖြစ်နေသည်။ ပြူတင်းပေါက် နှစ်ပေါက်အစား သုံးပေါက် ဘာကြောင့် ဖြစ်နေပါလိမ့်။ ပြူတင်းပေါက်များလည်း ဘာဖြစ်လို့ အိပ်ရာနှင့် ဖက်မှားနေကြပါလိမ့်။ ခန်းဆီးများလည်း တမျိုးဖြစ်နေပါလား။ နောက်မှ သဘောပေါက်လာသည်။ သူရောက်နေသည့် အခန်းသည် အန်တီပါရှာ၏ အခန်းဖြစ်၍ လွန်စွာလှပ သပ်ရပ်သော အခန်းဖြစ်သည်။ ပြူတင်း ဘောင်ပေါ်တွင် ပန်းပွင့်များ တင်ထားသည်။ ကြည့်မှန် နောက်ဖက်၌ ဒေါင်းတောင်များ စိုက်ထားသည်။

အန်တီပါရှာနှင့် လူကီယာနစ်တို့သည် အိပ်ရာမှ ထသွားကြချေပြီ။ ခေါင်းအုံးများကို သေသေသပ်သပ် တခုပေါ် တခုထပ်၍ အိပ်ရာ ပြင်ထား ခဲ့ကြသည်။ ပွင့်နေသော ပြူတင်းပေါက်တခုအနီးရှိ ပန်းခြုံပေါ်တွင် နံက်စောစော နေရောင်ခြည်သည် ပျောက်ချည် ကွယ်ချည် ဖြစ်လျက် တူတူပုံးတန်းကစားနေသည်နှင့် တူသည်။

ဆီရောဇာသည် အိပ်ရာပေါ်မှ ဆင်းပြီးလျှင် ညဝတ်အင်္ကျီရှည်ကို ချွတ်လိုက်သည်။ ထို့နောက် ဘောင်းဘီတိုကလေးကို ဝတ်ပြီး ထမင်းစားခန်းသို့ ထွက်သွားသည်။ သူ၏ အခန်း

ပိတ်ထားသည်ကို တွေ့ရသည်။ တံခါးလက်ကိုင်ကိုလှည့်၍ ဖွင့်စမ်းကြည့်ရာ ဖွင့်၍ မရပေ။ သူသည် အခန်းတွင်းသို့ ဝင်ရမှ ဖြစ်မည်။ သူပိုင်သော ကစားစရာများအားလုံး အခန်းတွင်းမှာ ရှိသည် မဟုတ်ပါလား။ တူရွင်းပြားသစ်ကလေးလည်း အခြား ကစားစရာ များနှင့်အတူ အခန်းတွင်းမှာ ရောက်နေသည်။ အရေးထဲတွင် မြေကြီးတူးတမ်း ကစားချင်စိတ်ကလည်း ရုတ်တရက် ဖြစ်ပေါ်လာသည်။

"မေမေ"ဟု ဆီရောဇာက အော်ခေါ်လိုက်သည်။ "မေမေ"ဟု နောက်ထပ် ခေါ်လိုက်ပြန်သည်။ တံခါးသည် ပွင့်မလာ၊ ပိတ်မြဲပင် ပိတ်နေ၍ အခန်းတွင်း၌ အားလုံးငြိမ်သက် တိတ်ဆိတ်လျက် ရှိသည်။

ဆီရောဇာက "မေမေ"ဟု အသံကုန် ညှစ်လျက် ကုန်းအော်လိုက်ရာ အန့်တီပါရှာ ကမန်းကတန်းပြေးလာ၍ ဆီရောဇာကို ပွေ့ချီပြီး မီးဖိုထဲသို့ ခေါ်သွားပါသည်။

အန့်တီပါရှာက "ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"ဟု တိုးတိုးကလေးမေးသည်။ "အဲဒီလို ဘာပြုလို့အော်နေတာလဲ။ သားသားက မငယ်တော့ဘူး၊ မအော်ရဘူး၊ မေမေအိပ်နေတုံး၊ ကောင်းကောင်းအိပ်ပါစေ။ ဘာပြုလို့ သွားနှိုးတာလဲ"

"ကျွန်တော် တူရွင်းပြား လိုချင်လို့"ဟု သူက တုန့်တုန့် ရီရီနှင့် ပြန်ပြောသည်။

"ရမှာပေါ့။ တူရွင်းပြားက ထွက်မပြေးပါဘူး။ မေမေ နိုးလာတော့ ယူတာပေါ့"ဟု အန့်တီပါရှာက ပြောပြသည်။ "ဒီမှာ မင်းသားရေ့ မဟုတ်လား။ အဲဒါနဲ့ သွားကစားနေအုံးပေါ့....နော်....နော်၊သားသားက လိမ္မာပါတယ်။ မင်းစား

ချင်ရင် မုန့်လာဥဝါ တခု ပေးလိုက်မယ်။ မင်း ရေဆေးစား ပေါ့။ ဒါပေမဲ့ လူကောင်းသူကောင်းတွေဆိုရင် အိပ်ရာက ထထ ခြင်း မျက်နှာအရင်သစ်ကြတာဘဲ"

ချိုချိုသာသာ ကြင်ကြင်နာနာ ပြောပြ၍ အဓိပ္ပာယ်ရှိ သော စကားဆိုလျှင် ဆီရောဇာသည် အစဉ်ပင် ငြိမ်ငြိမ် သက်သက် နာယူလေ့ ရှိပါသည်။ ထို့ကြောင့် သူ့အဒေါ် မျက် နှာသစ်ပေးသည်ကို ကောင်းစွာ ခံယူ၍ နွားနို့ တခွက်ကိုလည်း သောက်သွားသည်။

"သူတို့ အိပ်ရာကထရင်တော့ ငါ့ပစ္စည်းတွေ တခုမကျန် အန့်တီပါရှာ အခန်းထဲ ပြောင်းထားမယ်"ဟု ဆီရောဇာ တွေး နေမိသည်။ "ဟိုဘနေ့က ဘီရိုအံဆွဲအောက်လိမ့်ဝင်သွားတဲ့ အိမ် ဆောက် သစ်သားတုံးကလေး မေ့နေအုံးမယ်။ အခုထိ ထုတ် မယူရသေးဘူး"

ဗတ်စကာနှင့် ဇင်ကာတို့ ရောက်လာ၍ ဆီရောဇာရှေ့တွင် ရပ်နေကြသည်။

"ဟေ့ကောင်၊ ဘာဖြစ်နေတာလဲ" ဇင်ကာက မေးလိုက် သည်။

"သူ့မေမေ၊ ယောကျ်ားယူလို့ကွ" ဟု ဗတ်စကာက ရှင်းပြ သည်။ ထို့နောက် အတန်ကြာ မည်သူမျှ စကားမပြောကြချေ။

"ဘယ်သူနှင့် ယူတာတုံး" ဟု ဇင်ကာက မေးသည်။ "ဗရိုက်ရှိုးခြံက အုပ်ချုပ်ရေးမှူး ကော်ရက်စကျီလက်နဲ့" ဟု ဗတ်စကာက ပြောပြသည်။

လီဒါကမူ "ဆီရောဇာတယောက် စိတ်ငယ်နေတယ်။ သူ့အမေနောက်အိမ်ထောင်ပြုလို့" ဟု ရှူရစ်ကို ပြောပြသည်။

"စိတ်ပူမနေပါနှင့်ကွာ။ သူလဲ လူကောင်းနဲ့ တူပါတယ်။ ခါတိုင်းလိုဘဲ နေသွားပေါ့။ မင်းက အနေသာကြီးဘဲ" ဟု ဗတ်စကာက ဆီရောဇာကို နှစ်သိမ့်စကားပြောသည်။

ထိုတွင် ယမန့်နေ့ညက ပြောကြသော စကားကို ရုတ်တရက်သတိရ၍ "သူက စက်ဘီးတစီး ဝယ်ပေးမယ်တဲ့ကွ" ဟု ဆီရောဇာက ပြောလိုက်သည်။



2:30 PM 23/113

# ကော်ရက်စကျိုလက်နှင့် ပထမဆုံးနံက်စောစောအိမ်လည်သွားခြင်း

မေမေက ဝရံတာမှ အော်ခေါ်လိုက်သည်။ "ဆီရောဇာ အဝတ်လာလဲလှည့်၊ အိမ်လည်သွားရအောင်"။ ဆီရောဇာသည် အိမ်ထဲသို့ ဝမ်းသာအားရ ပြေးလာခဲ့သည်။ အိမ်လည်ဆိုလျှင် နေ့စဉ်သွားရပါစေ။ သူသွားချင်သည်။ အိမ်လည်သွားရသည်မှာ ပျော်စရာကောင်းသည်။ လူတွေက အချိုအချဉ်များပေးကြသည်။ ကစားစရာ အမျိုးမျိုးကိုလည်း ထုတ်ပြတတ်ကြသည်။

"ဖွားဖွားနတ်စကျာ [၁၂] ဆီ သွားလည်ကြမလို့" ဟု သူမမေးဘဲနှင့် သူ့မေမေက ပြောပြနေသည်။ ဘယ်သွားလည်လည်၊ ဘာအရေးလဲ။ အလည်သွားရသည်ဆိုလျှင် ပြီးသည်ပင် မဟုတ်ပါလား။

ဖွားဖွားနတ်စကျာသည် ဣန္ဒြေကြီး၍ မျက်နှာထားအလွန်တင်းသည်။ အဖြူပျောက် ပါသော ပုဝါတထည်ဖြင့် ဦးခေါင်းကို အုပ်ကာ မေးစေ့အောက်တွင် အစဉ်သိုင်းထားလေ့ရှိသည်။ လီနင်ရုပ်ပုံပါသော တံဆိပ်တခုကိုလည်း တခါတရံ

၁၂။ Nastya

ဆင်မြန်းတတ်သည်။ ဇစ်တတ်ထားသော အိတ်အနက်ကို အစဉ် ကိုင်ဆောင်လေ့ ရှိသည်။ စားကောင်းသောက်ဖွယ် တခုခုကို ထိုအိတ်မှ နှိုက်ယူ၍ ဆီရောဇာကို ပေးတတ်သည်။ သို့သော် ဖွားဖွားထံသို့ ဆီရောဇာ အလည်အပတ်တခါမျှ မရောက်ဖူး သေးချေ။

လမ်းဖက်မျက်နှာပြုနေသော ပြူတင်းပေါက်နှစ်ခုရှိသည့် အိမ်ကလေးသို့ ဆီရောဇာတို့ရောက်လာကြသည်။ ဝင်းခြံကျဉ်း ကျဉ်း၊ အခန်းငယ်ငယ်နှင့် အိမ်ကလေးဖြစ်သည်။ သူတို့သည် အခန်းတွင်းသို့ မီးဖိုခန်းမှ ဖြတ်၍ဝင်ကြသည်။ မီးဖိုခန်းတွင်း၌ ရှေးခေတ်ဟောင်း၊ ရှုရှအုတ်မီးဖိုကြီးတဖိုရှိသည်။ ဖွားဖွား နတ်စကျာသည် အိမ်ပြင်ထွက်လာ၍ သူတို့ကို ကြိုသည်။

"ငါ့ရဲ့ ကောင်းသမျှ ဆန္ဒနှင့် ပြည့်ဝကြပါစေ" ဟု ဖွားဖွားက ဆုတောင်းသည်။ ထိုနေ့သည် အခါကြီး ရက်ကြီး တရက်ရက် ဖြစ်ရမည်။ ထို့ကြောင့်သာ ဖွားဖွားက ထိုရက် များတွင် ပေးလေ့ ရှိသော ဆုကို ပေးခြင်း ဖြစ်ပေမည်။ ထိုသို့ ဆုပေးသောအခါများတွင် အန်တီပါရှာ ပြန်ပြောလေ့ ရှိသည့် အတိုင်း "ဖွားဖွားလည်း မင်္ဂလာနှင့် ပြည့်စုံပါစေ" ဟု ဆီရောဇာ က ပြန်ပြောလိုက်သည်။

ထို့နောက် အခန်းပတ်ပတ်လည် ကြည့်လိုက်ရာ ကစား စရာဟူ၍ ဘာတခုမျှမရှိ။ အလှအပအတွက် ဟိုနား၊ သည်နား တင်ထားတတ်ကြသည့် အရုပ်ကလေးတခု၊ နှစ်ခုမျှကိုပင် မမြင် ရ။ စိတ်ဝင်စားစရာမကောင်းသော အိုးခွက်၊ ပန်းကန်၊ အိပ်ရာ နေရာတို့ကိုသာလျှင် အခန်းထဲမှာ တွေ့ရသည်။

တနေရာရာတွင် သိမ်းဆည်းထားသော ကစားစရာများ

ရှိလိုရှိငြား "ကစားစရာတခုခုမှ မရှိဘူးလား၊ ဖွားဖွား" ဟု ဆီရောဇာက မေးကြည့်သည်။

"မရှိပါဘူးကွယ်၊ ဖွားဖွားအိမ်မှာ ကလေးမှ မရှိဘဲ။ ကစားစရာလဲမရှိဘူးပေါ့။ ရော့ရော့၊ ငါ့မြေးစားဖို့ ချိုချဉ်တခု" ဟု ဖွားဖွားပြော၍ပေးသည်။

စားပွဲအလယ်၊ ကိတ်မုန့်၊ ဘန်းမုန့် ပန်းကန်များကြား တွင်ရှိသော ဖန်ခွက်အပြာကလေးထဲ၌ ချိုချဉ်များ ထည့်ထားသည်။ သူတို့အားလုံးကုလားထိုင်များကို ဆွဲ၍ ထိုင်ကြသည်။ ကော်ရက်စကျီလက်သည် ပုလင်းတလုံးမှ ဖော့ပိတ်ကို ဖွင့်၍ ဖန်ခွက်ငယ်များတွင် နီရဲရဲဝိုင်အရက်ကို ငှဲ့ထည့်လိုက်သည်။

"ဆီရောဇာ မသောက်ရဘူးနော်" မေမေက ပြောလိုက်သည်။

အစဉ် ဤကဲ့သို့သာ ဖြစ်ခဲ့ရသည်။ လူကြီးတွေသာ သောက်ကြ၍ သူကိုမူ သောက်ခွင့်မပြု။ စားကောင်းသောက်ဖွယ်ကလေးများရှိတိုင်း မည်သည့်အခါမျှ သူမစားသောက်ရပေ။

သို့ရာတွင် ကော်ရက်စကျီလက်က ဝင်၍ပြောလိုက်သည်။ "တစက် နှစ်စက်လောက်တော့ သောက်ပါစေလား။ ဒါမှ ဒို့နဲ့အတူတူ ဖန်ခွက်မြှောက်နိုင်အောင်လေ"

ကော်ရက်စကျီလက်သည် အလွန်သေးငယ်သော ဖန်ခွက်ကလေးတွင် ဆီရောဇာအတွက် အရက်အနည်းငယ် ငှဲ့ထည့်ပေးလိုက်သည်။ ကော်ရက်စကျီလက်သည် ပေါင်းရသင်းရကောင်းမည့်သူဘဲဟု ဆီရောဇာက စိတ်တွင် မှတ်ချက်ချလိုက်သည်။

ထို့နောက် သူတို့အားလုံး ဖန်ခွက်များမြှောက်၍ ဖန်ခွက်

နှုတ်ခမ်းချင်း ထိကြသည်။ ဆီရောဇာလည်း သူ့ဖန်ခွက်ကို မြှောက်၍ ဝင်ထိလိုက်သည်။

သူတို့နှင့်အတူ အဖွားကြီး တယောက် ရှိသေးသည်။ ထိုအဖွားကြီးသည် ဆီရောဇာ၏ဖွားဖွားမဟုတ်၊ ဘေးမကြီး ဖြစ်ကြောင်း သူ့ကို ပြောပြ ကြသည်။ ဆီရောဇာသည် ဘေးမကြီးနှင့် လုံးဝ မျက်နှာကြောမတည့်ချေ။

သူ့ကို အရက်ငှဲ့ပေးစဉ်က "စားပွဲခင်းပေါ် ဖိတ်ကုန်ပါ လိမ့်မယ်" ဟု ဘေးမကြီးက ဝင်ပြောခဲ့သည်။ ဖန်ခွက်ချင်း ထိကြရစဉ်ကလည်း တကယ်ပင် အရက်တစက် ဖိတ်ကျ သွားခဲ့ပါသည်။ ထိုအခါ ဘေးမကြီးက "ကိုင်း.... ငါမပြောဘူးလား" ဟု ငေါ့ပါသည်။

ဆီရောဇာသည် အနေအထိုင်ကျဉ်းကြပ်သွား၍ ကုလား ထိုင်ပေါ်တွင် ကိုယ်ကို တွန့်လိမ်လိုက်မိသည်။

"ကုလားထိုင်မှာ ကောင်းကောင်း မထိုင်တတ်ဘူးလား" ဟု ဘေးမကြီးက ဆိုပြန်ပါသည်။

ဆီရောဇာကိုယ်တွင်း၌ ဝိုင်အရက်ရှိန်ကြောင့် ပူလောင်၍ သီချင်းဆိုချင်စိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် သီချင်း အော်ဆိုလိုက်သည်။ ဘေးမကြီးက "လူရှေ့သူရှေ့မှာ အိန္ဒြေနှင့် မနေနိုင်ဘူးလား" ဆိုပြန်ပါလေပြီ။

ထိုအခါတွင် ကော်ရက်စကျီလက်သည် ဆီရောဇာဖက်မှ ကူညီ၍ ဝင်ပြောပေးရတော့သည်။

"နေပါစေ ဖွားဖွားရယ်.... ကလေး နေတတ်သလိုနေ ပါစေ"

"အေး....တော်တော် အလိုလိုက်ထား။ ကြည့်နေ၊လုပ်ပြ ပါလိမ့်အုံးမယ်" ဟု ဘေးမကြီးက နိမိတ်ဆိုးဖတ်ပြလိုက်သည်။

ဘေးမကြီးလည်း ဝိုင်အရက်သောက်ထားသောကြောင့် သူ၏ မျက်လုံးနှစ်စုံသည် မျက်မှန်များနောက်ကွယ်၌ အရောင်လက်နေသည်။ သို့ရာတွင် ဆီရောဇာသည် ဘေးမကြီးအား "သွားစမ်းဗျာ။ ခင်ဗျားကြီးကို ကျုပ်မကြောက်ဘူး" ဟု ရဲဝံ့စွာအော်ပြောလိုက်သည်။

"အမလေး.... ခက်တော့တာပါဘဲ" ဟု မေမေက ပြောလိုက်သည်။

ထိုအချိန်တွင် ဆီရောဇာသည် ကိုယ်ကို ယိမ်းထိုးချင်စိတ်ပေါက်လာသည်။ ထို့ကြောင့် ကိုယ်ကို တဖက်တချက်ယိမ်း၍ လှုပ်လိုက်သည်။ သူ့ရှေ့မှ စားပွဲနှင့် ဘန်းမုံ့များလည်း ယိမ်းနေကြသည်။ မေမေ၊ ကော်ရက်စကျီလက်နှင့် ဖွားဖွားနတ်စကျာတို့လည်း ယိမ်းနေကြသည်။ သူတို့သည် စကားပြောလိုက်၊ ကိုယ်ကိုယိမ်းလိုက်နှင့် လှုပ်ကုလားထိုင်တွင် ထိုင်လှုပ်နေကြသလို ယိမ်းထိုးနေကြပါသည်။ သူတို့ကိုကြည့်ရသည်မှာ ရယ်ဖွယ်ကောင်းလှသောကြောင့် ဆီရောဇာသည်အသံထွက်အောင် ရယ်လိုက်သည်။

ထိုအချိန်တွင် တဦးတယောက်က သီချင်းဆိုလိုက်သံကို ဆီရောဇာ ရုတ်တရက် ကြားလိုက်မိသည်။ အလို....ဘေးမကြီး၊ သီချင်းဆိုနေတာပါလား....။

မျက်မှန်ကို အရေတွန့်နေသော လက်တဖက်ဖြင့် ကိုင်၍၊ လက်ကိုဝှေ့ရမ်းကာ၊ ဘေးမကြီးသီချင်းဆိုနေလေပြီ။ ပင်လယ်ကမ်းခြေသို့ သွား၍ သီချင်း ဆိုသော ကတ်ကျူရှား[၁၃] အကြောင်းကို ဘေးမကြီး သီဆိုနေသည်။ ဘေးမကြီး ဤသို့

၁၃။ Katyusha

သီဆိုနေစဉ်တွင် ဆီရောဇာသည် ဘန်းမှုံ့တလုံးပေါ် ခေါင်းချ၍ အိပ်ပျော်သွားလေသည်။

သူနိုးလာသောအခါ ဘေးမကြီးမရှိတော့ပြီ။ အခြားသူများမှာ လက်ဖက်ရည်သောက်နေကြသည်။ သူတို့အားလုံး သူ့ကိုပြုံး၍ ကြည့်နေကြသည်။

“ဘယ်နှယ်လဲ၊ နေသာထိုင်သာရှိသွားပြီလား။ ရန်တော့ ထပ်မဖြစ်တော့ပါဘူးနော်”ဟု မေမေကမေးသည်။ တကယ်ပင် သူရန်ဖြစ်မိသလောဟု ဆီရောဇာစဉ်းစားကြည့်နေမိသည်။

# စက်ဘီးတစီးဝယ်ပြီ

ရုတ်တရက်ဆိုသလို တနင်္ဂနွေနေ့သည် သူ့ထင်မှန်းသည်ထက် ပိုမို လျင်မြန်စွာ ရောက်ရှိလာသည်။ တနင်္ဂနွေနေ့သို့ ရောက်လာမှန်းသိသောအခါ ဆီရောဇာတယောက် လွန်စွာ စိတ်လှုပ်ရှားနေသည်။

"စက်ဘီး ဝယ်ပေးမယ်ဆိုတာ မေ့မသွားပါဘူးနော်"ဟု ကော်ရက်စကျီလက်ကို မေးကြည့်သည်။

"မမေ့ပါဘူးကွာ၊ ဒါလောက်အရေးကြီးတဲ့ကိစ္စကို ဘယ်မေ့ပစ်ပါ့မလဲ" ကော်ရက်စကျီလက်က ပြန်ပြောသည်။ "လုပ်စရာကလေးတွေတခု၊ နှစ်ခုရှိတာ ပြီး ပြီးချင်းသွားတာပေါ့"

လုပ်ကိုင်စရာ ရှိသည်ဆိုသည်မှာ ထွင်လုံးသက်သက်သာ ဖြစ်ပါသည်။ သူ့တွင် ဘာမျှလုပ်စရာမရှိပါ။ မေမေ့ အနားထိုင်၍ စကားသာပြောနေပါသည်။ မည်မည်ရရ၊ ဘာတခုမျှ ပြောကြသည်တော့ မဟုတ်ပါ။ မျှင်းစရာ၊ ငြီးငွေ့စရာကြီး ဖြစ်ပါသည်။ သို့သော်လည်း သူတို့နှစ်ယောက်ကမူ စကားပြောရသည်ကို တော်တော်အရသာ တွေ့နေကြပုံရပါသည်။ အဆက်မပြတ်နိုင်တော့ပါ။ မေမေက ပိုကဲပါသည်။ မည်သည့်

အကြောင်းကြောင့် မသိ၊ စကားတလုံးကို ထပ်ကာထပ်ကာဘဲ ပြောနေပါသည်။ ကော်ရက်စကျီလက်လည်း မေမေ့အတု ရသွားပါသည်။

ဆီရေဇာသည် သူတို့နှင့် မလှမ်းမကမ်းတွင် ရစ်သီရစ်သီ လုပ်နေရာ၊ သွားချင်ဇောကြောင့် စကားပင် မပြောနိုင်ပါ။ သူခေါင်းထဲတွင် တခုတည်းသာ ရှိသည်။ သူသည် သူတို့နှစ်ယောက် ပြောရင်းပြောရင်း မောပြီး ရပ်သွားသည်အထိ တစောင့်စောင့်နှင့်သာ နေရတော့သည်။

"ရှင် အားလုံး နားလည်တယ်နော်။ ရှင်နားလည်လို့ ကျွန်မတော့ သိပ်ဝမ်းသာရတာဘဲ" ဟု မေမေက ပြောသည်။

"အမှန်ပြောရရင်တော့၊ မင်းနှင့်မတွေ့ခင်တုံးက ဒါမျိုးတွေ သိပ်နားမလည်ပါဘူး။ ကျုပ်နားမလည်တာတွေ အများကြီးပါဘဲလေ။ မင်းနဲ့တွေ့ကြမှ အဲဒါတွေ....အဲ....အဲ.... ကျုပ်ဆိုလိုတာသိတယ်မဟုတ်လား"

ဤသို့ ပြောပြီး တယောက်နှင့် တယောက် လက်တွဲ ချိတ်ဆက်လိုက်ကြသည်။

"မင်းကိုချစ်တယ်"ဟု ကော်ရက်စကျီလက်က ပြောသည်ကို မေမေက မယုံပါ။

"အဟုတ်၊ တကယ်"

"တကယ်ချစ်ပါတယ်"ဟု ကော်ရက်စကျီလက်က ထပ်ပြောပြန်ပါသည်။

"အဟုတ် ချစ်ရဲ့လားလို့"

"ဘုရားစူးပါစေ့၊ မိုးကြိုးပစ်ပါစေ့လို့ ဘာကြောင့်များ ကျိန်မပြောပါလိမ့်။ အဲဒီတော့မှ ယုံမှာ"ဟု ဆီရေဇာက စိတ်ထဲတွင် တွေးနေမိသည်။

ကော်ရက်စကျီလက်က စကားပြောရတာ မောသွားပြီ ထင်သည်။ နောက်ထပ် မပြောတော့ပါ။ မေမေ့ကိုသာ ကြည့်နေသည်။ မေမေကလည်း သူ့ကို ပြန်ကြည့်သည်။ တယောက်နှင့် တယောက် ကြည့်နေကြသည်မှာ တနာရီ လုံးလုံးလောက် ကြာသွားသလား မသိ။ ပြီးတော့မှ မေမေက "ရှင့်ကို ချစ်တယ်"ဟု ဆိုပါသည်။ ရှေ့လူ ပြောသလို နောက်လူ လိုက်ပြောရသည့် ကစားနည်း တမျိုးများ ကစားနေကြရော့ သလား။ ဘယ်တော့မှ ပြီးကြမှာလဲဟု ဆီရော့ဇာ တယောက်တည်း တွေးကြည့်မိသည်။

အသက်အရွယ် ငယ်၍ ဘဝအတွေ့အကြုံ နည်းပါးသေးသော်လည်း ဆီရော့ဇာတွင် အသိဉာဏ်ကလေးရှိသည်။ လူကြီးများ စကား ပြောနေကြလျှင် ဝင်ရောက် မနှောက်ရှက်ရဟု သူသိသည်။ နှောက်ရှက်သည်ကို လူကြီးများ မကြိုက်။ သူတို့ စိတ်ဆိုးသွားပြီး ဘာလုပ်မည်ကို မပြောနိုင်။ ထို့ကြောင့် အနားမှာ မယောင်မလည် အရိပ်အရောင်ပြရင်း မကြာမကြာ သက်ပြင်းကလေး ရှူရှူပြီးသာ သူ့ကို သတိပြုမိကြရန် အသံပေးရတော့သည်။

သို့ရာတွင် နောက်ဆုံး၌ ဆီရော့ဇာ တယောက် စိတ်ဆင်းရဲမှုမှ ကင်းလွတ်ရပေပြီ။

"မာရယာရှာ....ကိုယ် တနာရီလောက်တော့ အပြင်သွားရဦးမယ်"ဟု ကော်ရက်စကျီလက်က ပြောလိုက်သည်။ "ဆီရော့ဇာနှင့် ကိုယ်တို့ အရေးကြီးတဲ့ ကိစ္စတခု ရှိလို့"

ကော်ရက်စကျီလက်၏ ခြေတံ များသည် လွန်စွာရှည်သည်။ ဆီရော့ဇာသည် ဟိုဟိုဒီဒီ ပတ်ဝန်းကျင်ကို လှေ့လာမကြည့်ရသေးမီ ကစားစရာ ရောင်းသော ဆိုင်ရှိရာ မြို့လယ်သို့

ရောက်လာချေပြီ။ ကော်ရက်စကျီလက်သည် ဆီရောဇာကို ချီလာသည်မှ မြေသို့ချ၍ ဆိုင်ဆီသို့ သွားရောက်ကြသည်။

ဆိုင်၏ မှန်ပြူတင်းနောက်၌ ပါးဖောင်းဖောင်းနှင့် အရုပ်ကလေးက ပြုံးနေသည်။ သားရေအစစ် ရှူးဘိနပ် စီးထားပြီး ခြေထောက်များကိုကားရှုပ်နေသည်။ အနီရောင် စည်တလုံးပေါ်တွင် ဝက်ဝံပြာ မိသားစုတို့ ထိုင်နေကြသည်။ ခရာတခုသည် ရွှေရောင်ဖြင့် တဝင်းဝင်း လက်နေသည်။ ဆီရောဇာသည် မြှော်လင့်ချက်နှင့် အသက်ရှူ မှားမတတ် ဖြစ်နေလေပြီ။ ဆိုင်တွင်းမှ တီးလုံးသံများ ထွက်ပေါ်လာသည်။

အိမ်သို့ ဆီရောဇာ စက်ဘီးစီး ပြန်ခဲ့သည်။ စက်ဘီး စီးခဲ့သည်ဆိုသည်မှာ သားရေထိုင်ခုံ၌ ထိုင်လိုက်လာသည်ကို ဆိုလိုပါသည်။ ထိုင်ခုံ စပရင်အိအိပေါ်တွင် အရသာတွေ့လာပါသည်။ လက်ကိုင်ကိုလည်း မရဲတရဲ ကိုင်လိုက် လာပါသည်။ ခြေနင်းကွင်းပေါ် ခြေတင်စမ်းရာ ကလန်ကဆန်နှင့် ချော်ချော်ထွက်သွားပါသည်။

စက်ဘီးကို ကော်ရက်စကျီလက်က တွန်းယူ လာရခြင်းဖြစ်ပါသည်။ စက်ဘီးလဲကျမသွားရန် ခါးကုန်းပြီး ထိန်းယူလာရပါသည်။ အိမ်ဝင်းပေါက် ရောက်သောအခါ ကော်ရက်စကျီလက် တယောက် မျက်နှာများ နီရဲ၍ လွန်စွာ မောဟိုက်နေလေပြီ။ စက်ဘီးကို ခုန်တန်းလျှားတွင် မှီ၍ ထောင်ပေးပြီး "ကဲ....မင်းဟာမင်း စီးစမ်းပေတော့၊ ငါတော့ ဖားလျှပြီ" ဟု ကော်ရက်စကျီလက်က ပြောလိုက်သည်။

ထို့နောက် ကော်ရက်စကျီလက် အိမ်ထဲသို့ ဝင်သွားသည်။ မကြာမီ ဇင်ကာ၊ လီဒါနှင့် ရှူရစ်တို့ ဆီရောဇာထံသို့ ရောက်လာကြသည်။

"နည်းနည်းတော့ စီးတတ်ပြီကွ" ဆိီရေဇာက ကြွားလိုက်သည်။ "ရှေ့က ဖယ်နေ၁် ဝင်တိုက်မိမယ်"ဟုလည်း သတိပေးလိုက် သေးသည်။

သူသည် ခုံရှည်မှခွာထွက်၍ စက်ဘီးစီးစမ်းရာ စီးမရဘဲ လဲကျသွားတော့သည်။ သူ့အပေါ် ပိနေသော စက်ဘီးအောက်မှ ကုန်းထလာပြီး အရေးမကြီးလှကြောင်းပြရန် အရှက်ပြေရယ်ရယ် မောမောဖြင့် "အား....ငါလက်ကိုင် မှားလှည့်တာကိုးကွ။ ခြေနင်း ကွင်းကလဲ ရှာရ ခက်လိုက်တာ"ဟု ညည်းညူလိုက်သည်။

မကြာမီ ဆိီရေဇာ စက်ဘီး ကောင်းစွာ စီးတတ်သွားပါသည်။ ဆပ်ကပ်ထဲမှ စက်ဘီး သမားကဲ့သို့ လက်ကိုင်လွှတ် လက်နှစ်ဖက်ပိုက်ပြီး တောင်ကုန်းပေါ်မှ လိမ့်ဆင်း နိုင်အောင်ပင် ကျွမ်းကျင်နေပါပြီ။ သို့သော် အဘယ့်ကြောင့်မသိ၊ စက်ဘီး ပိုင်ခါစကဲ့သို့ ဝမ်းသာအားရ ဟက်ဟက်ပက်ပက် မရှိတော့ပါ။ စက်ဘီးစီးတတ်စ အချိန်က ခံစားခဲ့ရသော ထူးခြားလှသည့် အရသာမျိုးလည်း မခံစားရတော့ပါ။

ဆိီရေဇာသည် စက်ဘီးကို ငြီးငွေ့သွားပေပြီ။ သူသည် စက်ဘီးကို မီးဖိုခန်းတွင် ထောင်ထား လိုက်သည်။ မီးအိမ်နီနီ၊ ငွေရောင် ခေါင်းလောင်း ကလေးနှင့် စက်ဘီး ကလေးသည် အကောင်းပကတိ လှလှပပ ပင် ဖြစ်ပါသည်။ သို့သော် ဆိီရေဇာသည် သွားစရာရှိလျှင် ခြေလျင်သာ သွားတော့သည်။ စက်ဘီးလှကလေးကို ဂရုမစိုက်တော့ပေ။ စက်ဘီးစီးရန် ငြီးငွေ့သွားခြင်းသာ ဖြစ်သည်။ ထွေထွေထူးထူး အကြောင်းမရှိပါ။ ပြန်လည် စိတ်ဝင်စားရန်လည်း မည်သို့မျှ ပြုလုပ်၍ ရတော့မည် မဟုတ်ပါ။

# သူများနှင့်မတူသည့် ကော်ရက်စက်ချိလက်

လူကြီးများသည် မလိုသော စကားလုံးများကို အလွန်သုံးတတ်ကြသည်။ မေမေဆိုလျှင် မည်သို့မျှ အဓိပ္ပာယ်မရှိသည့် "ကျေးဇူးပြု၍" ဆိုသော စကားလုံးများကို အစဉ်ထည့်ပြောခိုင်းသည်။

"ကိုယ်လိုချင်တာကို ယဉ်ယဉ်ကျေးကျေး တောင်းယူတဲ့ အဓိပ္ပာယ်ပေါ့"ဟု မေမေက ရှင်းပြပါသည်။ "မေမေဆီမှာ ခဲတန် တောင်းချင်လျှင် ကျေးဇူးပြု၍လို့ ထည့်ပြောရမယ်"

"ကျွန်တော် ခဲတန်တောင်းမှန်း မေမေ မသိဘူးလား"

"သိတော့ သိတာပေါ့၊ ဒါပေမဲ့ ကျေးဇူးပြု၍ ထည့်မပြောရင် ယဉ်ယဉ်ကျေးကျေး မရှိဘူးပေါ့။ မှန်မှန်ရည်ရည်နဲ့ လိမ်မာတဲ့ကလေးဆိုရင် အဲဒီလို မပြောဘူး။ ခဲတန်တချောင်းပေးပါလို့ မာဆတ်ဆတ် ပြောတာနဲ့ ကျေးဇူးပြု၍ ခဲတန်တချောင်းပေးပါဆိုတာနဲ့ ဘယ်လိုနေလဲ၊ နားထောင် ရတာ ယဉ်ကျေးတယ် မဟုတ်လား။ ပေးရမဲ့လူကလဲ ခဲတန်ပေးရမှာ ဝမ်းမြောက် ဝမ်းသာ ရှိတာပေါ့"

"ကျေးဇူးပြု၍ ထည့်မပြောရင် ခဲတန်ပေးရတာကို မေမေ က ဝမ်းနည်းမှာလား"

"ပေးကို မပေးဘူး"ဟု မေမေက ပြန်ပြောသည်။

ကောင်းပါပြီ....ကျေးဇူးပြု၍၊ ဤမျှလောက် ကြားချင်ကြသော"ကျေးဇူးပြု၍"စကားလုံးများကို ဆီရောဇာ စကားပြောတိုင်း ထည့်ပြောပါမည်။ သူတို့(လူကြီးတွေ)၏ သဘောအယူအဆများသည် ထူးဆန်းသည်။သို့ရာတွင် ကလေးဆိုသည်မှာ သူတို့ချယ်လှယ်သလို ခံကြရမည်မဟုတ်ပါလား။ဆီရောဇာကို ခဲတန် ပေးလိုလျှင် ပေးမည်။မပေးလိုလျှင် မပေး။ သူတို့၏ သဘောအတိုင်းပင် ဖြစ်ပေသည်။

ကော်ရက်စကီလက်ကမူ ဤကဲ့သို့ အသေး အဖွဲ့ ကိစ္စကလေးများကို ဂရုမပြုပါ။ သူနှင့် စကားပြောရာတွင် "ကျေးဇူးပြု၍"ဟု ထည့်ပြော၊ မပြောကိုပင် သူသတိ မထားမိပါ။

ထို့ပြင် ဆီရောဇာသည် သူ ဒေါင့်ကြားထဲ၌ ကစားစရာများဖြင့် အလုပ်ရှုပ်နေလျှင် ကော်ရက်စကီလက်သည် သူ့အား လာရောက် မနှောင့်ရှက်တတ်ပါ။ "ဆီရောဇာ....ဒီလာစမ်း၊ မွှေးမွှေးပေးမယ်"ဟုလည်း အလိုက်မသိနှင့် မခေါ်တတ်ပါ။ လူကြီးယာနစ်ကမူ အလုပ်မှ ပြန်လာတိုင်း ဤကဲ့သို့ ခေါ်တတ်ပါသည်။ သူ့ မုတ်ဆိတ်မွေး ကြမ်းကြမ်းကြီးစူးအောင် ဆီရောဇာအား မွှေးမွှေးပေးပြီး ချော့ကလက်ဖြစ်ဖြစ်၊ သစ်တော့သီးဖြစ်ဖြစ် ပေးတာကတော့ မဆိုးပါ။ ချစ်စရာကောင်းပါသည်။ သို့သော်လည်း သူ့သစ်တော့သီးထက် အရေးကြီးသော ကစားပျက်ရအောင် နှောင့်ရှက်သည်ကတော့ မသင့်လျော်ပါ။ သစ်တော့သီးကို နောက်မှ စားလျှင်လည်း ဖြစ်နိုင်ပါသည်။



2:30 PM 36/113

ဆီရေဇာတို့ အိမ်သို့ လူမျိုးစုံလာတတ်ပါသည်။ အများအားဖြင့် ကော်ရက်စကျီလက်နှင့် တွေ့ရန် လာကြခြင်းဖြစ်ပါသည်။ အလာအများဆုံး သူမှာ အန်ကယ်တိုလျာ[၁၄] ဖြစ်ပါသည်။အန်ကယ်တိုလျာသည် မည်းနက်ရှည်လျားသော မျက်တောင်မွေး၊ ဖြူသောသွားများနှင့် လူချော လူလှ တယောက်ဖြစ်ပါသည်။ ရှက်ရွံ့သည့် အမူအရာဖြင့် ပြုံးလေ့ ရှိသည့် လူရွယ်တဦး ဖြစ်ပါသည်။ အန်ကယ်တိုလျာသည် ကဗျာ စပ်ဆိုနိုင်သူဖြစ်၍ ဆီရေဇာက သူ့အား ကြည်ညို လေးစားသည်။ သူနောက်ဆုံး ရေးစပ်သည့် ကဗျာကို ရွတ်ဆိုပြရန် ခိုင်းကြလျှင် ပထမ၌ ရှက်ရွံ့ရွံ့နှင့် ငြင်းဆန်တတ်သည်။ နောက်၌ နေရာမှ ထသွား၍ အခန်းဘေးတွင်ရပ်ပြီးလျှင် ရွတ်ဆိုပြလေ့ ရှိသည်။ အံ့သြဖွယ်ကောင်းလောက်သည့် ကဗျာများ ဖြစ်ပါသည်။ စာအုပ်ထဲမှ ကဗျာများအတိုင်း နားဝင်ချို၍ သာယာ လှသောတေးများဖြစ်ပါသည်။ ကြားရသူတိုင်းက သူ့အား ခြီးကျူးသြဘာပေး၍ မေမေက လက်ဖက်ရည်ဖြင့် ဂုဏ်ပြုပါသည်။ လက်ဖက်ရည် သောက်ကြစဉ် နွားများ အနာ ကျ သည့်အကြောင်းကို ပြောကြပါသည်။ အန်ကယ် တိုလျာသည် ဗရိုက်ရှီးခြံတွင် နွားများ ရောဂါဖြစ်သောအခါ ဆေးဝါး ကုသပေးရသူ ဖြစ်ပါသည်။

အိမ်ကို လာရောက်လည်ပတ်ကြသူတိုင်း အန်ကယ်တိုလျာကဲ့သို့ သဘောကောင်း၍ စိတ်ဝင်စားဖွယ် ဖြစ်သည်မဟုတ်ပါ။ ပုံစံပြရလျှင် အန်ကယ်ပျိုတယ်ဖြစ်ပါသည်။ သူလာလျှင် ဆီရေဇာသည် ဝေးဝေးမှ ရှောင်နေလေ့ ရှိသည်။ မျက်နှာပေါက်ဆိုး၍ ဦးခေါင်းမှာ ပင်ပေါင်ဘော့လုံးကဲ့သို့ ပြောင်ချောပြီး ပန်း

၁၄။ Tolya



2:30 PM 37/113

ရောင် သန်းနေပါသည်။ ဟီး၊ ဟီး၊ ဟီးဟု စက်ဆုတ်ဖွယ် အသံဖြင့်လည်း ရယ်မောတတ်ပါသည်။

တခါတွင် အန်ကယ် ပျိုတယ်နှင့် မေမေတို့ ဝရံတာတွင် ထိုင်နေကြပါသည်။ ကော်ရက်စကျီလက်သည် အိမ်တွင် မရှိပါ။ အန်ကယ်ပျိုတယ်က ဆီရောဇာကို လှမ်းခေါ်ပြီးလျှင် ချော့ကလက်တထုပ် ပေးပါသည်။ စက္ကူနှင့် ပတ်ထားသည့် ချော့ကလက်ထုပ် အကြီးကြီးဖြစ်ပါသည်။ဆီရောဇာသည် ကျေးဇူးတင်ပါသည်ဟု ယဉ်ကျေး သိမ်မွေ့စွာ ပြောပြီးလျှင် စက္ကူထုပ်ကို ဖြေကြည့်ရာ အတွင်း၌ ဘာမျှ မတွေ့ရပါ။ ဗလာနတ္ထိဖြစ်၍ ဆီရောဇာ ရှက်သွားပါသည်။ အဟုတ်မှတ်၍ ချော့ကလက် ထုပ်ကို လက်ခံ ယူမိသည့် အတွက်လည်း ရှက်သည်။ ဤသို့ လိမ်လည်လှည့်စားလိုက်သည့် အန်ကယ်ပျိုတယ်အတွက်လည်း ရှက်မိသည်။ မေမေလည်း အဟုတ်တကယ်မှတ်ခဲ့သည်။ မေမေလည်း ရှက်နေကြောင်း ဆီရောဇာ သိသည်။

အန်ကယ်ပျိုတယ်ကမူ ဟီး၊ ဟီး၊ ဟီးဟု လှောင်ရယ် ရယ်နေသည်။

ထိုအခါတွင် ဆီရောဇာသည် ဒေါသမပါဘဲ ဝမ်းနည်းစွာဖြင့်ပင် ''အန်ကယ်ပျိုတယ်....ခင်ဗျားဟာ အလကား လူကြီးဘဲ''ဟု ပြောချလိုက်သည်။

သူ့မေမေလည်း ဤကဲ့သို့ပင် ထင်မြင် ယူဆမည်ဟု သူ တထစ်ချ ယုံကြည်သည်။ သို့ရာတွင် သူ့မေမေကမူ ''ဟဲ့....လူကြီးကို ဒီလိုပြောရသလား။အန်ကယ်ပျိုတယ်ကို အခုချက်ချင်း တောင်းပန်လိုက်''ဟု ခိုင်းနေလေပြီ။

သူပြောမှား ဆိုမှား ပြုမိသည်အတွက် ဝမ်းနည်းပါသည် ခွင့်လွှတ်ပါ စသဖြင့် တောင်းပန်စကား ပြောကြားမည်လားဟု

သူ့မေမေက ခေတ္တရပ်၍ စောင့်ဆိုင်းနေသည်။ သို့ရာတွင် သူသည် နှုတ်ခမ်းကို တင်းကြပ်စွာ စိထား၍ မျက်နှာကို တဖက်သို့ လှည့်ပစ်လိုက်သည်။ မျက်လုံးများမှာ ဝမ်းနည်း စိတ်ပျက်အားငယ်ပုံ ပေါက်နေသည်။ အမှားကို ပြုလုပ်မိသည်ဟု သူမထင်။ အဘယ့်ကြောင့် တောင်းပန်ရမည်နည်း။ သူ့စိတ်တွင် ယူဆသည့်အလျောက် ရှင်းရှင်းပြောချလိုက်ခြင်းသာဖြစ်သည်။

မေမေ ထွက်သွားသည်။ သူလည်း နောက်မှ လိုက်၍ သူ့အခန်းတွင်းသို့ ဝင်သွားသည်။ ဖြစ်ပျက်ခဲ့သမျှကို မေ့ပျောက်သွားစေရန် ကစားစရာများကို မွှေနှောက်နေသည်။ သူ့ လက်ချောင်းကလေးများသည် တုန်နေသည်။ ဖဲချပ်ဟောင်းများကို ဖြတ်၍ ပြုလုပ် ထားသော အရုပ် များကို လှန်လှော နေစဉ် အင်္ကျီနက်ဝတ်ဆင်ထားသော အမျိုးသမီးကြီး၏ ဦးခေါင်းကို ဆုတ်ဖြဲပစ်လိုက်သည်။ မေမေက ဘာကြောင့် အလကားလူကြီး အန်ကယ်ပျိုတယ်ဖက်က လိုက်ရတာလဲ၊ အခု ကြည့်လေ မေမေက သူနဲ့ ရယ်မောစကားပြောနေလိုက်တာ ဆီရောဇာကို တော့ အဖက်လုပ် စကားမပြောချင်ဘူး မဟုတ်လား....။

ထိုနေ့ညတွင် ကော်ရက်စကျီလက်အား မေမေက အကြောင်းစုံ ပြန်ပြောပြနေသည်ကို သူကြားရသည်။

"အေးလေ....သူမှန်တာပေါ့၊ ဒါ မျှတတဲ့ ဝေဖန်ချက်လို့ ထင်တာဘဲ"ဟု ကော်ရက်စကျီလက်က ပြောသည်။

"ဟာ၊ ဘယ့်နှယ်....ကလေးက လူကြီးကို ဝေဖန်ရမလဲ" ဟု မေမေက ကန့်ကွက်စကား ပြောသည်။ "ကိုယ့် သားသမီးက ကိုယ့်ပြန်ဝေဖန်နေရင် မိဘတွေ သူတို့ကို ဘယ်လိုလုပ်ပြီး ဆုံးမရမလဲ၊ကလေးဆိုတာ လူကြီးကို ရိုသေကိုင်းရှိုင်းရမှာပေါ့"



2:30 PM 39/113

"ဒါပေမဲ့ ဒီလူငနွားကို ကလေးက ဘယ်နှယ်လုပ် ရှိသေနိုင်ပါ့မလဲကွ" ကော်ရက်စကျီလက်က ချေပသည်။

"ရှိသေရမယ်၊လူကြီးတယောက်ကို အလကားလူကြီးဘဲလို့ သူ့ခေါင်းထဲမှာ စိတ်ကူးမရောက်ရဘူး။ ပျိုတယ်အီလျစ်[၁၅] လောက် အသက် ကြီးလာတော့မှ ဝေဖန်ချင် ဝေဖန်ပေါ့"

"ကျုပ်သဘော ပြောရရင်တော့ အသိဥာဏ်အရာမှာ ဆီရောဇာဟာ အခုကို ပျိုတယ်အီလျစ်ထက် ခေါင်းတလုံးသာနေပါပြီ။ ပြီးတော့ အသုံးမကျတဲ့လူ့မို့ အလကားကောင်လို့ ခေါ်လိုက်တာကို အပြစ်ဒဏ်ပေးရမယ်လို့ ဘယ်ပညာရေးစည်းကမ်း ဥပဒေကမှ သတ်မှတ်မထားပါဘူး"

သူတို့ ပြောဆိုနေကြသော ဝေဖန်ရေး၊ ပညာရေး၊ စည်းကမ်းစသော စကားလုံးများကို ဆီရောဇာ ကောင်းစွာ နားမလည်လှပါ။ သို့သော် အလကားလူကြီး ဟူသော စကားနှင့် စပ်လျဉ်းသော မှတ်ချက်ကိုမူ သူ ကောင်းစွာနားလည်သည်။ ထို့ကြောင့် ကော်ရက်စကျီလက်ကို သူ အထူး ကျေးဇူး တင်လျက် ရှိသည်။

အားလုံး ခြုံကြည့်လျှင် ကော်ရက်စကျီလက် အပေါ် ကြေနပ် နှစ်ခြိုက်စရာများကိုသာ တွေ့ရသည်။ ဤမျှ အဆင်ပြေနေသော ကော်ရက်စကျီလက်သည် ယခင် သူနှင့်အတူ လာမနေသည်မှာ ထူးဆန်းနေတော့သည်။ ယခင်ကမူ ကော်ရက်စကျီလက်သည် ဖွားဖွား နတ်စကျာနှင့် ဘေးမကြီးတို့နှင့် အတူ နေခဲ့သည်။ အိမ်ကို ရုံဖန်ရံခါသာ အလည်အပတ် လာခဲ့ပေသည်။

ကော်ရက်စကျီလက်သည် ဆီရောဇာကို မြစ်ဆိပ်သို့ ရေ

၁၅။ Pyotr Ilyich



2:30 PM 40/113

ချိုးခေါ် သွား၍ ရေကူးသင်ပေးသည်။ မေမေက ဆီရောဇာ ရေနစ်မည်စိုးသည်ကို ကော်ရက်စကျီလက် ရယ်နေသည်။ ဆီရောဇာ၏အိပ်ရာဘေးတွင် တတ်ဆင်ထားသည့် လက်တန်း အတားများကိုလည်း ကော်ရက်စကျီလက်က ဖြုတ်ပစ်သည်။ မေမေက ဆီရောဇာ အိပ်ရာမှ လိမ့်ကျ၍ အနာတရ ရမည်ကို စိုးရိမ်ပူပန်သဖြင့် ကန့်ကွက် သော်လည်း ကော်ရက်စကျီလက်က နားမထောင်။

"မီးရထားနှင့် ခရီးရှည်ကြီး သွားရမယ်၊ အိပ်စင် အပေါ်ဆင့်မှာ အိပ်ရမယ်ဆိုရင် ဘယ့်နှယ် လုပ်မလဲ။ လူကြီးလို အိပ်တတ်အောင် လေ့ကျင့်ရမှာပေါ့"ဟု ပြောပြသည်။

တခါက်တွင်လည်း ဆီရောဇာ ခြေချော်လဲ၍ ဒူးရေ ပွန်းပဲ့ပြီး သွေးများစွာ ထွက်လာသည်။ အိမ်သို့ ငိုယိုပြီး ပြန်လာရာ အန်တီပါရှာသည် ထိတ်ထိတ်ပြာပြာနှင့် ပတ်တီး ပြေးယူသည်။ ကော်ရက်စကျီလက်ကမူ "သားကလေးကလဲ....အားတင်းထားမှ ပေါ့ကွ၊ ခဏနေ ပျောက်သွားမှာဘဲ။ မင်း စစ်သားဆိုရင် ဘယ့်နှယ်လုပ်မလဲ။ တခါတလေ ဒဏ်ရာ ရချင်ရမယ်။ အဲဒီတော့ ဘယ့်နှယ်လုပ်မလဲ"ဟု မေးသည်။

"ကော်ရက်စကျီလက်ကော ဒဏ်ရာ ရတုံးက မငိုခဲ့ဘူးလား" ဆီရောဇာက မေးသည်။

"ဟာ....ဘယ်ငိုလို့ ဖြစ်မလဲမကွ၊ ငါ့ သူငယ်ချင်းတွေက ဝိုင်းရယ်ကြမှာပေါ့၊ တို့က ယောကျ်ားတွေဘဲကွ။ ဒါ တို့ရဲ့ ဘဝတာဝန်ဘဲပေါ့"

ဆီရောဇာသည် အငို တိတ်သွားသည်။ ယောကျ်ား ပီသကြောင်းပြရန် ဟား ဟား ဟား ဟုပင်ရယ်လိုက်သည်။ အန်တီပါရှာ ပတ်တီးများ ယူပြီး လာသော အခါ "စည်းချင် စည်းပါ

အန်တီ။ နည်းနည်းလေးမှ မနာပါဘူး”ဟု ပြုံးပြုံး ရွှင်ရွှင်ပင် ပြောလိုက် သေးသည်။

ကော်ရက်စကျီလက်က ဆီရောဇာကိုစစ်ပွဲများအကြောင်း ပြောပြသည်။ ထို့နောက်တွင်မူ ထမင်းစားပွဲ၌ ကော်ရက်စကျီလက်၏ဘေးတွင် ထိုင်ရသည်ကိုဂုဏ်ယူမဆုံးဖြစ်နေတော့သည်။

စစ်ဖြစ်လျှင် မည်သူသွား၍ တိုက်ကြမည်နည်း။ မည်သူရှိမည်နည်း။ သူနှင့် ကော်ရက်စကျီလက်တို့ သွားကြရမှာပေါ့။ အဲဒါ သူတို့၏ဘဝတာဝန်ဘဲမဟုတ်လား။ မေမေ အန်တီပါရှာနှင့် လူကြီးယာနစ်တို့ကမူ စစ်ပွဲအောင်နိုင်သည်အထိ အိမ်မှာပင် စောင့်နေကြမည်။ သူတို့၏ဘဝတာဝန်က ဤသို့ ဆောင်ရွက်ရမည်သာဖြစ်ပေသည်။



2:29 PM 42/113

# ဘေးမကြီး၏ ဈာပနကိစ္စ

ဘေးမကြီးနာမကျန်းဖြစ်၍ ဆေးရုံတင်လိုက်ကြရသည်။ ထို့နောက် နှစ်ရက်အတွင်း ဘေးမကြီးအား သွား၍ မေးမြန်းသင့်ကြောင်း လူတိုင်း ပြောခဲ့ကြသည်။ သုံးရက်မြောက် နေ့တွင် အိမ်၌ ဆီရောဇာနှင့် အန်တီပါရှာ နှစ်ယောက်တည်း ရှိစဉ် ဖွားဖွားနတ်စကျာရောက်လာသည်။ အခါတိုင်း ထက်ပင် ဖွားဖွားနတ်စကျာသည် ဣန္ဒြေကြီး၍ မျက်နှာထားတင်းတင်းနေသည်။ ဇစ်တတ်ထားသော လက်ပွေ့အိတ် အနက်ကိုလည်း ကိုင်လာသည်။ နှုတ်ဆက်စကား အနည်းငယ်ပြောပြီး ဖွားဖွားနတ်စကျာသည် ကုလားထိုင်တလုံးတွင် ထိုင်ချလိုက်ပြီးနောက် "အမေ ဆုံးသွားပြီ" ဟု ပြောလိုက်သည်။

အန်တီပါရှာသည် (သူ၏နဖူးနှင့် ရင်ဘတ်ဝဲယာကို လက်ဖြင့် တို့၍) လက်ဝါးကပ်တိုင် အထိမ်းအမှတ် ပြုလုပ်ပြီး "ဘေးမကြီး၏ဝိညာဉ် ငြိမ်း ချမ်းသာပါစေ" ဟု ဆုတောင်းလိုက်သည်။

သေဆုံးဆိုသည်ကို ဆီရောဇာသိနားလည်သည်။ကြောင်ကလေး ဇိုက်ကာ[၁၆] သတ်ဖြတ်ထားသော ကြွက်တကောင်ကို

၁၆။ Zaika



2:29 PM 43/113

မြင်ဘူးသည်။ မသေမီ ကြွက်ကလေးသည် ဟိုမှသည်မှ ပြေးလွှားနေ၍ ဇိုက်ကာက သူနှင့် ကစားနေသည်။ ထို့နောက် ဇိုက်ကာသည် ကြွက်ကလေးကို ရုတ်တရက် ခုန်အုပ် လိုက်ပြီး နောက်ပြန်ခုန်လိုက်သည်။ ကြွက်ကလေး မပြေးလွှားနိုင်တော့ပေ။ ဇိုက်ကာသည် သူ၏ပြည့်ဖောင်းသောမျက်နှာကို ဖလေးလေးကန်ကန်လှုပ်ရှားပြီး ကြွက်ကလေးကို ဝါးစားလိုက်သည်။ ဆီရောဇာသည် ညစ်ပတ် ပေရေနေသော သားမွေးစကလေးနှင့်တူသည့် ကြောင်သေကိုလည်း မြင်ဘူးသည်။ လိပ်ပြာအသေကောင်များကိုလည်း မြင်ဘူးသည်။ လိပ်ပြာသေကောင်တို့၏ စုတ်ပြတ်နေသော တောင်ပံ များမှ အမှုံကလေးများကို ပွတ်တိုက်ပစ်လိုက်လျှင် တဖက်သို့ ဖေါက်ထွင်း၍ မြင်နိုင်သည်။ မြွစ်ကမ်းသောင်ပေါ် ရောက်ပြီး သေနေသောငါးကိုလည်း မြင်ဘူးသည်။ ကြက်သေကောင်ကိုလည်း မြင်ဘူးသည်။

စာကလေး အသေကလေးတကောင်ကို ဆီရောဇာတခါက ကိုင်စမ်းကြည့်ဘူးသည်။ ရေခဲတုံးလို အေးစက် နေသဖြင့် ဆီရောဇာ ထိတ်လန့်ပြီး သူ့လက်ကို ပြန်ရုတ်ပစ်လိုက်ရသည်။ ခြေကလေးနှစ်ချောင်းအပေါ် ထောင်၍လီလက် ပန်းခြုံကလေး အောက်တွင် သေနေရှာသော သနားစရာကလေး....။ လီလက်[၁၇] ပန်းခြုံက နေရောင်ခြည်မှာနွေးလျက် သူ့ခမြာမှာတော့ ပန်းခြုံအောက်တွင် အေးစက်လျက်။

သေခြင်းဆိုသည်မှာ မလှုပ်မရှက် ငြိမ်သက်ခြင်းနှင့် အေးစက်ခြင်းတို့ဖြစ်ပေမည်ဟု ဆီရောဇာနားလည်ထားသည်။

လူများလည်း တခါတရံသေဆုံးကြသည်။ လူသေသောအခါ ခေါင်းဟု ခေါ်ကြသည့် သေတ္တာရှည်များတွင်ထည့်၍

---

၁၇။ Lilac

လမ်းမတလျှောက် သယ်ဆောင်သွားကြသည်ကို ဆီရောဇာ သည် အဝေးမှ လှမ်း၍မြင်ဘူးသည်။ သို့ရာတွင် လူသေကိုမူ တခါမျှ မမြင်ဘူးသေးချေ။

အန်တီပါရှာသည် ပန်းကန်ပြားစောက်တချပ်တွင် ဖြူ ဖွေးနူးညံ့သော ထမင်းအပြည့်ထည့်၍ ပန်းကန် အနားပတ် လည်တွင် မုံ့ချိုနီကလေးများကို စီထားသည်။ ပန်းကန်၏ အလယ်ထမင်းပုံပေါ်တွင်လည်း မုံ့ချိုနီကလေးများကို ပန်းပွင့် ပုံမကျ၊ ကြယ်ပွင့်ပုံမကျ ပုံသဏ္ဍာန်တခုဖော်၍တင်ထားသည်။

"အဲဒါကြယ်ပွင့်လား" ဟုဆီရောဇာက မေးကြည့်သည်။

"လက်ဝါးကပ်တိုင်လေ၊ ဘေးမကြီး အသုဘကို သွားကြ မလို့" ဟု အန်တီပါရှာက ပြန်ဖြေသည်။

အန်တီပါရှာသည် ဆီရောဇာကို မျက်နှာသစ် ခြေလက် ဆေးပေးသည်။ထို့နောက် ခြေအိတ်စွပ် ရှူးဘိနပ်စီးစေ၍သူ၏ သဘော်သားဝတ်စုံကို ဝတ်ပေးသည်။ ဖဲပွင့် တတ်ထားသည့် သဘော်သားဦးထုပ်ကိုလည်း ဆောင်းပေးသည်။ ဝတ်စားဆင် ယင်လိုက်ရသည်မှာလည်း တပင်တပန်းပင်။ အန်တီကိုယ်တိုင် လည်း ဇာပုဝါနက်တထည်ကို ထူးထူးခြားခြားဆင်မြန်းသည်။

အန်တီသည် ထမင်းပန်းကန်ကို လက်သုတ်ပုဝါ အဖြူ တထည်ဖြင့် ထုပ်ယူခဲ့သည်။ ပန်းစည်း တစည်းကိုလည်း ယူ ခဲ့သည်။ ဆီရောဇာကိုလည်း အရိုး တုတ်တုတ်နှင့် ဒေလီယာ ပန်းနှစ်ပွင့်ကို ကိုင်ဆောင်ခဲ့စေသည်။

သူတို့သည် ကျောက်တုံးဖြူများဖြင့် ပြုလုပ်ထားသော ဝင်းတံခါးပေါက်တခုရှေ့သို့ ရောက်လာကြသည်။ ဝင်းအတွင်း ၌ ရှည်လျားသော အဖြူရောင် အဆောက် အအုံများရှိ၍ သစ်ပင်ပျိုများ ဝိုင်းရံစိုက်ပျိုးထားသည်။ သစ်ပင်ပင်စည်များ



2:29 PM 45/113

ကိုလည်းဆေးဖြူသုတ်ထားသည်။ နက်ပြာရောင် ဝတ်ရုံ ဝတ်ဆင်ထားကြသောသူများသည် စကြံ လျှောက်နေကြသည်။ ခုံတန်းလျားများတွင် ထိုင်သူထိုင်နေကြသည်။

"ဒါဘာလဲအန်တီ" ဟု ဆီရောဇာက မေးလိုက်သည်။ အန်တီပါရှာက "အဲဒါဆေးရုံပေါ့" ဟု ပြန်ဖြေသည်။

သူတို့သည် အစွန်ဆုံးကျသည့် အဆောက်အအုံ ဆီသို့ လျှောက်သွားကြသည်။ လမ်းဒေါင့်တခုကို ချိုးဝင်လိုက်သော အခါ ကော်ရက်စကျီလက်၊ မေမေ၊ လူကီယာနစ်နှင့် ဖွားဖွား နတ်စကျာတို့ကို ဆီရောဇာမြင်ရသည်။ သူတို့ အားလုံး ဖွင့်ထားသော တံခါးပေါက်ကြီး တခု အနီး၌ ရပ်နေကြသည်။ ဦးခေါင်းကို ပဝါအုပ်ထားသည့် အမယ်အိုသုံးဦးလည်းရှိသည်။

"ကျွန်တော်တို့ ဘတ်စကားနှင့် လာခဲ့တာ" ဟု ဆီရောဇာက ပြောလိုက်သည်။

မည်သူကမျှ စကားပြန်မပြောကြချေ။ အန်တီ ပါရှာကမူ "ရှူတ်" ဟု ဆို၍ သူ့ကို ဟန့်တားလိုက်ရာ ထိုနေရာတွင် စကားမပြောရကြောင်း သူနားလည်လိုက်ရသည်။ သူတို့အချင်းချင်းမှာမူ စကားပြောနေကြသည်။ သို့သော် တီးတိုးပြောကြခြင်းသာဖြစ်ပါသည်။ "သူ့ကို ဘာလို့များ ခေါ်လာရ သလဲ" ဟု မေမေက အန်တီပါရှာကို အပြစ်တင်လိုက်ပါသည်။

အောက်မှနေ၍ ဆီရောဇာ ဘာမျှမမြင်ရပါ။ ထို့ကြောင့် ခုံရှည်ပေါ် တက်၍ လည်ဆန့်ပြီး ခေါင်းထဲသို့ ငုံ့ကြည့်လိုက်ပါသည်။

ခေါင်းထဲတွင် ဘေးမကြီးရှိသည်ဟု သူထင်မှတ်ခဲ့သည်။ သို့ရာတွင် ခေါင်းထဲတွင်မူ ထူးဆန်းသော အရာတခုသာ လဲလျောင်းနေပါသည်။ ထိုဟာသည် ဘေးမကြီးနှင့် ဆင်ဆင်



2:29 PM 46/113

တူပါသည်။ ဝါးစပ်ဟောက်နေပုံ၊ မေးရိုးစွန့်နေပုံက ဘေးမကြီးအတိုင်းဖြစ်ပါသည်။ သို့ရာတွင် ထိုဟာသည် ဘေးမကြီး မဟုတ်ပါ။ မည်သည့်အရာဖြစ်သည်ကိုမူ သူမသိပါ။ လူများသည် ထိုဟာကဲ့သို့ မည်သည့်အခါမျှ မျက်လုံး ပိတ်မထားပါ။ လူများအိပ်နေစဉ် မျက်လုံးမှိတ်ထားသည်မှာ ထိုဟာမှိတ်ထားပုံမျိုးနှင့် မတူပါ။

ထိုဟာသည် အလွန့်အလွန် ရှည်လျားပါသည်။ ဘေးမကြီးကမူ အရပ်ပြတ်ပြတ်ပင် ဖြစ်ပါသည်။ ခေါင်းထဲတွင် ထိုဟာကို အအေး၊ အမှောင်နှင့် တိတ်ဆိတ်မှုတို့က ရစ်ပတ် ဖုံးလွှမ်းထားသည်။ ခေါင်းဘေးတွင် ရပ်နေသူတို့လည်း ထိုတိတ်ဆိတ်ငြိမ်သက်မှုအောက်တွင် ရင်ခုန်ဖွယ်ရာ တိုးတိုးတိုးတိုးနှင့်အချင်းချင်း စကားပြောနေကြသည်။ ဆီရောဇာ၌ ကြောက်စိတ်ဝင်လာသည်။ ထိုဟာကြီးသည် ရုတ်တရတ် အသက် ဝင်လာပါက ပို၍ပင် ထိတ်လန့်ကြောက်မက်ဖွယ်ရာ ဖြစ်ပေမည်။ ဥပမာ ထိုဟာကြီးက ရုတ်တရက်ထလာပြီး ဟဲ.... ဟဲ.... ဟဲ... လို့များဆိုလိုက်လျှင် ဤသို့ တွေးကြည့်မိသည်နှင့် တပြိုင်နက် ဆီရောဇာသည် ငယ်သံပါအောင် အော်ဟစ်လိုက်တော့သည်။

ဆီရောဇာ၏ အထိတ်တလန့် အော်သံကို နေရောင်ကွန့်မြူးရာ အထက် ကောင်းကင်ဘုံမှကြား၍ အကူအညီ ပို့လိုက်သည့်နှယ်၊ အားတက်စေမည့်၊ ရှင်မြူးစေမည့် ကြားနေကြ မော်တော်ကားဟွန်းသံတခု စူးစူးဝါးဝါး ပေါ် ထွက်လာသည်။

မေမေသည် ဆီရောဇာကို ပွေ့ချီ၍ အခန်းထဲမှ အပြင်သို့ ခေါ်သွားသည်။ တံခါးပေါက်ဝတွင် လော်ရီတစင်း ရပ်ထား၍ လော်ရီ၏ဘေးတဖက်ကို ဖွင့်ချထားသည်။ ယောကျ်ားကြီးများသည် ဟိုမှ သည်မှ လမ်းလျှောက်ရင်း , ဆေးလိပ်



2:29 PM 47/113

သောက်နေကြသည်။ အန်တီတိုစယာ [၁၈] သည် ကားမောင်းသူထိုင်ခုံတွင် ထိုင်နေသည်။ ဆီရောဇာတို့နှင့် အတူနေရန် ကော်ရက်စကျီလက် အိမ်ပြောင်းလာစဉ်က ပစ္စည်းများ သယ်ပို့လာသူမှာ အန်တီ တိုစယာပင် ဖြစ်သည်။ အန်တီတိုစယာသည် ဘရိုက်ရှိုးခြံတွင် အလုပ်လုပ်၍ တခါတရံ ကော်ရက်စကျီလက်ကို မော်တော်ကားဖြင့် လာခေါ် လေ့ရှိသည်။ မေမေသည် အန်တီတိုစယာဘေးမှ ထိုင်ခုံတွင် ဆီရောဇာကို ချထား၍ "ဒီမှာထိုင်နေ" ဟု ပြောပြီးလျှင် တံခါးကို သွားပိတ်သည်။

"ဘေးမကြီးအသုဘ လိုက်ပို့တာပေါ့ဟုတ်လား။ မင်းသူ့ကို ချစ်သလား" ဟု အန်တီတိုစယာက မေးသည်။

"မချစ်ပါဘူး" ဟုဆီရောဇာကအမှန်ကိုပင်ဖြေလိုက်သည်။

"ဒါဖြင့် ဘာလို့လာတုံး။ သူ့မချစ်ရင် အသုဘမပို့နဲ့ပေါ့" ဟု အန်တီတိုစယာက ပြောလိုက်သည်။

သူတို့သည် စကားမပြော တိတ်ဆိတ်စွာထိုင်နေကြသည်။ အတန်ကြာသော် အန်တီတိုစယာသည် သူ၏အစိမ်းရောင်မျက်လုံးများကို မှေးလိုက်ပြီးနောက် "အင်း.... ဒို့အားလုံးတနေ့တော့ အဲဒီရောက်ကြရမှာဘဲ" ဟု မှတ်ချက်ချလိုက်သည်။

"အဲဒီ"ဆိုတာဘယ်မှာပါလိမ့်ဟု ဆီရောဇာ တွေးကြည့်မိသည်။ သို့သော်လည်း တိတိကျကျသိချင်စိတ်မရှိ၍ မေးမကြည့်တော့ပေ။

အခန်းထဲမှ ခေါင်းကို သယ်ထုတ်လာသောအခါ၌ ဆီရောဇာ မျက်နှာလွှဲပစ်လိုက်သည်။ ခေါင်းတွင် အဖုံးအုပ်ထားသဖြင့် စိတ်သက်သာရာရသွားသော်လည်း လော်ရီပေါ်တင်ယူလာသည်ကိုသိရသဖြင့် စိတ်မချမ်းသာလှပေ။

---

၁၈။ Tosya

"ဒို့အားလုံး တနေ့တော့ အဲဒီရောက်ကြရမယ်ဆိုတာ သင်္ချိုင်းကိုများပြောတာလား"ဟု ဆီရောဇာ တွေးကြည့်မိသည်။ ထို့နောက် ခေါင်းကို သယ်ယူသွားသူများ၊ ခေါင်းမပါဘဲ ပြန်ရောက်လာကြသည်။ လော်ရီကားကြီး ပြန်ထွက်လေပြီ။

"မြေကြီးထဲမြှုပ်ခဲ့ပြီလား" ဆီရောဇာကမေးသည်။

"အေး....မြေကြီးထဲမြှုပ်ထားခဲ့ပြီးပြီ ချာတိတ်"ဟု အန်တီ တိုစယာက ပြောပြသည်။

အိမ်ရောက်သောအခါမှ အန်တီပါရှာသည် အဖွားအိုကြီးများနှင့်အတူ သင်္ချိုင်းတွင် ချန်နေရစ်ကြောင်းသိရသည်။

"ပါရှာတယောက် ရှေးထုံးစံအတိုင်း အသုဘအကျွေးအမွေး၊ ကျွေးမွေးရအုံးမှာပေါ့၊ အေးလေ....သူဘဲ ဒုက္ခခံချက်ပြုတ်ထားတယ်မဟုတ်လား"ဟု လူကြီးယာနစ်က ပြောသည်။

သူတို့သည် ယခုမူမှန်အသံဖြင့် စကားပြောနေကြပေပြီ။ တိုးတိုး၊ တိုးတိုးမဟုတ်တော့ပေ။ ရယ်ရယ်ပြုံးပြုံးပင် ဖြစ်နေကြလေပြီ။

ထမင်းစားရန်စားပွဲတွင်ထိုင်ကြသည့်အခါဆီရောဇာသည် ဘာမျှ မစားသောက်နိုင်ပါ။အစာစားရန် ကြံရွယ်လိုက်သည်နှင့် မျိုအန်ချင်သလိုဖြစ်လာသည်။ထို့ကြောင့်ငြိမ်ငြိမ်ကလေးထိုင်၍ လူကြီးတွေ၏ မျက်နှာများကိုသာ ကြည့်နေသည်။ ထိုဟာကြီးကို မစဉ်းစားမိရန် ကြိုးစားသော်လည်း အလိုလိုစိတ်ထဲတွင်ပြန်ပြန်ပေါ်လာသည်။ ရှည်ရှည်ကြီး၊ ကြောက်စရာကြီး၊ အေးအေးစက်စက်ကြီး၊ မြေကြီးနှံ့သင်းသင်း.... ။

"ဒို့အားလုံးတနေ့ အဲဒီရောက်ရမှာဘဲလို့ သူဘာကြောင့်ပြောတာလဲ"ဟု သူကမေးလိုက်သည်။

လူကြီးများသည် စကားပြောဖြတ်၍ သူ့ကိုလှည့်ကြည့်ကြသည်။ "အဲဒီလို ဘယ်သူက ပြောသလဲ"ဟု ကော်ရက်စကျီလက်ကမေးသည်။

"အန်တီတိုစယာ"

"အန်တီ တိုစယာပြောတာကို နားထောင်မနေပါနဲ့ကွာ။ ဘာပြုလို့သူများပြောတိုင်း ဂရုစိုက်ချင်ရတာတုံး"

"ဒါဖြင့် ကျွန်တော်တို့အားလုံး သေကြမှာလား"

မပြောကောင်းသည့်အကြောင်းအရာတခုကို အမေးခံရသကဲ့သို့ သူတို့အားလုံး အနေအထိုင် ခက်နေကြသည်။ သို့ရာတွင် ဆီရောဇာသည် လူကြီးများဘာပြောကြမည်ကို စောင့်ရင်း သူတို့ကိုသာ ကြည့်နေလေသည်။

"အေး....မသေဘူး၊ အန်တီတိုစယာတော့ သူဟာသူ သေချင်သေပေါ့ကွာ။ ဒို့တော့မသေဘူး။ အထူးသဖြင့် မင်းမသေဘူး၊ ငါသေသေချာချာ အာမခံတယ်ကွာ"ဟု ကော်ရက်စကျီလက်က ပြန်ဖြေလေသည်။

"ကျွန်တော် ဘယ်တော့မှ မသေဘူးလား" ဆီရောဇာက မေးသည်။

"ဘယ်တော့မှမသေဘူးကွ"ဟု ကော်ရက်စကျီလက်က အခိုင်အမာ၊ ပိုင်ပိုင်နိုင်နိုင်ကြီး ဖြေလိုက်သည်။

ဆီရောဇာသည် ချက်ခြင်းပင် စိတ်ပေါ့သွား၍ ပြန်လည်ပျော်ရွှင်လာသည်။ ပျော်လွန်းသဖြင့် မျက်နှာနီရဲလာရာမှ ကြက်သွေးရောင်ပြောင်းသွားသည်။ ထို့နောက် အားပါးတရရယ်မောလိုက်သည်။ ရုတ်တရက်ပင် ရေအလွန်သောက်ချင်လာသည်။ ရေငတ်ခဲ့သည်မှာ ကြာလှပေပြီ။ နောက်ရေငတ်သည်ကို မေ့သွားသည်။ ထို့ကြောင့် ရေအများကြီး သောက်လိုက်

သည်။ သောက်ပြီးရင်း သောက်ရင်း ထပ်ကာထပ်ကာ အား
ပါးတရ သောက်ချလိုက်သည်။

ကော်ရက်စကျီလက် ပြောစကားကို နည်းနည်းကလေးမျှ ယုံမှားသံသယမရှိပေ။ သေမည်ဆိုသည်ကို သိနေရလျှင် မည်ကဲ့သို့ အသက်ရှင်နေနိုင်တော့မည်နည်း။ မသေပါဟု ပြောခြင်းကို အဘယ့်ကြောင့် မယုံကြည်ဘဲ နေရမည်နည်း။



2:29 PM 51/113

# ကောင်းကင်ဘုံနှင့် မြေပြင်လောက

ဆီရောဇာသည် ကြယ်တာရာများကို ယခင်ကသတိမပြုမိခဲ့ချေ။ စိတ်ဝင်စားမှုမရှိခဲ့ပေ။ ကြယ်များတွင် အမည်များရှိသည်ဟု မသိ၍ ဂရုမပြုခဲ့ခြင်း ဖြစ်ပေသည်။ သို့သော် မေမေက နဂါးငွေ့တန်း၊ ဆီးရီးယပ်[၁၄]ခေါ် (ဓူဝံကြယ်စုမှ ပထမ)ကြယ်လုံး၊ ခုနစ်စဉ်ကြယ်၊ အင်္ဂါဂြိုဟ် နီစသည်ဖြင့် ပြောပြပေး၍ ကြယ်တိုင်း၌ အမည်ရှိသည်ဟု ရှင်းပြသည်။ သဲပွင့်လောက်သာရှိသည့်ကြယ်ကလေးများတွင်ပင် အမည်ရှိကြသည်ဟု ဆိုသည်။ ကြယ်များသည် လွန်စွာဝေးလံသောကြောင့်သာ သေးငယ်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ် လွန်စွာကြီးမားသည်ဟု မေမေက ပြောသေးသည်။ အင်္ဂါဂြိုဟ်ပေါ်တွင် လူများပင် နေထိုင်ကောင်း နေထိုင်လျက် ရှိကြပေမည်။

ကြယ်အားလုံး၏ အမည်များကို ဆီရောဇာသိလိုသည်။ သို့သော် မေမေက မမှတ်မိတော့ပေ။ တကြိမ်က သိခဲ့သော်လည်း ယခု မေ့ကုန်ပေပြီ။ မေမေသည် ကြယ်နာမည်အားလုံး

---

၁၄။ Sirius



2:29 PM 52/113

ပြောမပြနိုင်သဖြင့် ဆီရောဇာစိတ်ကြေနပ်စေရန် လပေါ်မှ တောင်တန်းများကို ပြပေသည်။

ဆီရောဇာသည် ဆီနှင်းပွင့်များနှင့် ကစားခဲ့သည်။ ဆီးနှင်းပွင့်ဖြင့်အိမ်ဆောက်၍စစ်ပွဲများတိုက်ကြသည်။ တောင်ကုန်းအဆင်းတွင် စွပ်ဖားလှည်းများဆွဲကြသည်။ ထို့နောက်နေဝင်လာပြီဖြစ်သဖြင့် နေကြီးသည် သစ်လုံးပုံများနောက်ကွယ်တွင် ပန်းရောင် ခရမ်းရောင် ပြေးနေလေပြီ။ ညနေချိန်ဖြစ်သဖြင့် စွပ်ဖားကလေးကို နောက်မှဆွဲ၍ ဆီရောဇာ အိမ်ပြန်ခဲ့သည်။ ဆီရောဇာသည် သူသိနေသော ကြယ်များကို ဦးခေါင်းမော့၍ ကြည့်မိသည်။ ခုနစ်စဉ်ကြယ်သည် မိုးကောင်းကင် အလယ်လောက်သို့ပင် တရွေ့ရွေ့ ရောက်လာနေခြေပြီ။ ယင်း၏အမြီးကို အရှက်မရှိ ပြောင်ပြောင်ပင် ကော့ထားလိုက်သေးသည်။ အင်္ဂါဂြိုဟ်က မျက်တောင်နီကို တဖြတ်ဖြတ် ခပ်လျက်ရှိလေပြီ။

အင်္ဂါဂြိုဟ်သည် အလွန်ကြီးမားသည်ဆိုလျှင် ထိုဂြိုဟ်ပေါ်တွင် လူများရှိမည်ဟု ဆီရောဇာတွေးကြည့်မိသည်။ "ငါ့လိုလူကလေးတယောက်ရှိသလား၊ အခုလို စွပ်ဖားကလေးဆွဲပြီး ရပ်ကြည့်နေမလား၊ သူ့နာမည်လဲ ဆီရောဇာဘဲ ခေါ်မလား"။ သူ၏အံ့သြဖွယ်ကောင်းသော စိတ်ကူးကို တယောက်ယောက်အား ပြောပြလိုသည်။ သို့သော် လူတိုင်းအား ပြောပြ၍မဖြစ်။ အချို့လူများက နားလည်ကြမည်မဟုတ်။ နားမလည်မှာများသည်။ နားမလည်ရုံသာမဟုတ်၊ လှောင်ကြပြောင်ကြဦးမည်။ လှောင်ပြောင်ခံရသည်ကို ဆီရောဇာမကြိုက်၊ လွန်စွာစိတ်ဆိုးသည်။ ထို့ကြောင့် အခြားလူများ အနီးအနားတွင် မရှိချိန် သူ၏တွေးတောချက်ကို ကော်ရက်စကျီလက်အားပြောပြမည်။ ကော်ရက်စကျီလက်သည် သူ့အား မလှောင်ပြောင်

တတ်ပေ။ ယခုလည်း သူ့အား မလှောင်ပြောဇ်ပါ။ ဆီရောဇာ ပြောပြသည်ကိုနားထောင်ပြီးခေတ္တတွေဝေနေသည်။ ထို့နောက်မှ "အေး....ဖြစ်နိုင်တာပေါ့"ဟု ပြောလိုက်သည်။

သို့ရာတွင် အဘယ့်ကြောင့်မသိ၊ သူသည် ဆီရောဇာ၏ ပုခုံးနှစ်ဖက်ကို ကိုင်လိုက်၍ တစုံတရာ ထိတ်လန့်စိုးရိမ်ပုံဖြင့် မျက်နှာကို လေးလေးနက်နက် စိုက်ကြည့်ခဲ့သည်။

ဆောင်းရာသီမှာ လွန်စွာသာယာသော်လည်း ရှည်ကြာလွန်းလှသည်။ အဝတ်ထူထူဝတ်ရသည်ကို ငြီးငွေ့လာသည်။ လေကလည်း စိမ့်၍အေးလှသည်။ ဘောင်းဘီတိုဝတ်၊ ခြေညှပ်ဘိနပ်စီး၍ အိမ်ပြင်သို့ ပြေးထွက်ချင်လှပေပြီ။ မြစ်ထဲတွင် ရေချိုးပြီး မြက်ခင်းပေါ်တွင် ပစ်လှဲလိုက်ချင်ပြီ။ငါးဖမ်းသည်းထွက်ချင်လှပြီ။ ငါးတကောင်မျှမမိ၊ မိသည်ဖြစ်စေ မမိသည်ဖြစ်စေ အရေးမကြီးပါ၊ အဖော်တွေနှင့် အတူနေရလျှင်ပင် ပျော်စရာကောင်းပါသည်။ တီတူးကြ၊ ငါးများတန်ကိုင်ပြီး ထိုင်နေကြ။ "ဟေ့....ရှုရစ်၊ သတိထား မင်းငါးစာကို ငါးလိုက်နေပြီ" လို့ အော်ပြောလိုက်ကြ။ ပျော်စရာကြီး ဖြစ်ပါသည်။

ဟာ....ဆီးနှင်းမုန်တိုင်းတောင် ကျလာပြန်ပြီ။ မနေ့ညကတော့ နှင်းခဲတွေအရည်ပျော်လို့။ စိတ်ပျက်စရာကောင်းတဲ့ ဆောင်းရာသီကိုရွံမုန်းငြီးငွေ့လာပါပြီ။

ခရီးဝေးလမ်းဟိုဖက်က လယ်ကွက်များတွင် ကောက်ပင်တွေ မည်သည့်အချိန်က မြင့်လာကြီးလာကြပါလိမ့်။ ဆီရောဇာ အဘယ့်ကြောင့် သတိမထားမိပါလိမ့်။ မြင်းစားဂျုံများ ပွင့်ပြီး၍ အနံ့များပင် ထွက်နေပေပြီ။ နေရေးထိုင်ရေးနှင့် အလုပ်များနေခဲ့သော ဆီရောဇာသတိမထားမိခဲ့ပါ။ အခုအချိန် အနံ့များ နို့ရည်ဝင်၍ မှည့်ရင့်လာပေပြီ။ လူသွားလမ်းကလေး



2:29 PM 54/113

အတိုင်းလျှောက်သွားလျှင် သူ့ဦးခေါင်းပေါ် မိုးနေသော အနွံ့များအချင်းချင်း ပွတ်တိုက်၍ ရှဲရှဲမြည်နေသည်။ ငှက်ငယ်ကလေးများလည်း ဥမှပေါက်လာကြပေပြီ။ မြက်ရိတ်စက်ကြီးများသည် မြက်ခင်းများသို့ ထွက်ခွာသွားကြပြီ။ တဖက်ကမ်းတွင် လှပတောက်ပြောင်စွာ မြင်ရသော မြက်ပွင့်များကို ရိတ်ဖြတ်ကြပေတော့မည်။ ကျောင်းများလည်း ပိတ်ပြီ။ တကယ့်နွေရာသီအချိန်သို့ ရောက်ခဲ့ပြန်ပေပြီ။ ဆိုးနွင်းပွင့်နှင့် ကြယ်တာရာများကို ဆီရောဇာမေ့ပျောက်ပစ်လိုက်တော့ပြီ။

ကော်ရက်စကျီလက်သည် ဆီရောဇာကို ခေါ်၍ သူ၏ဒူးကြားတွင်ရပ်စေပြီး "ကီစ္စတခု တိုင်ပင်ရအောင်ကွာ၊ ယောကျ်ားကလေးရတာကောင်းမလား မိန်းကလေးရတာကောင်းမလား၊ မင်းဘယ်လိုထင်သလဲ" ဟုမေးကြည့်သည်။

"ယောကျ်ားကလေး" ဟု ဆီရောဇာက မဆိုင်းမတွ ဖြေလိုက်သည်။

"အေး....ဒါပေမဲ့ ဒီကိစ္စကို အဖက်ဖက်က စဉ်းစားရမယ်ကွ။ ယောကျ်ားကလေးတယောက်ထက် နှစ်ယောက်ရှိတာတော့ကောင်းပါတယ်။ တမျိုးစဉ်းစားပြန်ရင်လဲ ယောကျ်ားကလေးတယောက်ရှိပြီးဆိုတော့၊ မိန်းကလေးတယောက် ရှိဖို့ မလိုဘူးလားကွာ၊ ဘယ့်နှယ်လဲ"

"ကောင်းသားဘဲ၊ သဘောပေါ့" ဟု ဆီရောဇာက စိတ်မဖါတပါဖြင့် ပြန်ပြောသည်။ "မိန်းကလေးလိုချင်လဲ ယူပေါ့။ ကျွန်တော်နှင့် ကစားဖက်ရအောင်တော့ ယောကျ်ားကလေးက ပိုကောင်းမှာဘဲ။ သိသားဘဲမဟုတ်လား"

"ဒါပေမဲ့ မိန်းကလေးဆိုရင် မင်းထိန်းဖို့ရတာပေါ့၊ အကိုကြီးဆိုတော့ စောင့်စောင့်ရှောက်ရှောက် လုပ်ရမယ်လေ။

ကောင်လေးတွေက ဆံပင်မဆွဲရအောင် မင်းကြည့်ရမယ်မဟုတ်လား"

"အမယ်....မိန်းကလေးတွေကလဲ ဆံပင်ဆွဲတတ်သားဗျာ။ သူတို့ဆွဲတာက ပိုနာသေးတယ်"ဟု ဆီရောဇာက မှတ်ချက်ချလိုက်သည်။ မကြာသေးမီက သူ့ဆံပင်ကို လီဒါဆွဲခဲ့သည့် အကြောင်း ဇော်ရက်စကျီလက်အား ပြောပြနိုင်ပါသည်။ သို့သော် သူတပါးအတင်းပြောရာကျမည်ဖြစ်၍ မပြောတော့ပါ။ "ယောကျ်ားလေးတွေ အော်ယူရအောင်ကို ကောင်မလေးတွေက ဆံပင်ဆွဲတတ်တယ်"

"အေး....ဒါပေမဲ့ ဒီကောင်မလေးက သေးသေးငယ်ငယ်လေးပါကွ၊ ဆံပင်ဆွဲမှာမဟုတ်ပါဘူး" ဟု ဇော်ရက်စကျီလက်က ပြောလိုက်သည်။

"အင်း....အင်း၊ ဘယ်လိုဖြစ်ဖြစ် ယောကျ်ားကလေးဘဲ ယူရအောင်လား"ဟု ခဏစဉ်းစားပြီး ဆီရောဇာက ပြောလိုက်သည်။ "ယောကျ်ားကလေးဘဲ ကောင်းပါတယ်"

"မင်းသေချာရဲ့လား"

"ယောကျ်ားလေးတွေမစဘူး၊ မိန်းကလေးတွေ....အဲ....သူတို့ကတော့ အစဉ်စနေတာဘဲ"

"ဟေ....ဩော်၊ ဒါစဉ်းစားစရာဘဲ။ ကဲ....ဒီကိစ္စနောက်မှ တိုင်ပင်သေးတာပေါ့နော်"

"ဟုတ်ကဲ့"

မေမေသည် သူတို့အနားတွင် ထိုင်ရင်း အပ်ချုပ်ချုပ်နေရာမှ သူတို့ပြောကြ ဆိုကြသည်ကို ပြုံး၍နားထောင်နေသည်။ မေမေ ဝတ်ဆင်ရန် ဝတ်ရုံ ပွလျော့င်းကြီး တထည်ကို ချုပ်၍ပြီးပေပြီ။ ထိုဝတ်ရုံကို အဘယ့်ကြောင့် ကြယ်ကြယ်ပွပွကြီး

ချုပ်ထားသနည်းဟု ဆီရောဇာ အံ့သြခဲ့သည်။ မေမေ ဝဖြိုး လာသည်မှာတော့ အမှန်ပင် ဖြစ်သည်။ ယခု မေမေသည် လွန်စွာသေးငယ်သော အထည်စ ကလေးကို လက်တွင် ကိုင်၍ ဇာ အနားတပ်လျက် ရှိပါသည်။

"မေမေ ဘာချုပ်နေတာလဲ"ဟု ဆီရောဇာက မေးလိုက်သည်။

"ကလေးဦးထုပ်ကလေး"ဟု မေမေက ပြန်ပြောသည်။ "ယောကျ်ားလေးဖို့ပဲ ဖြစ်ဖြစ်၊ မိန်းကလေးဖို့ပဲ ဖြစ်ဖြစ်၊ မင်းတို့ နှစ်ယောက် ဆုံးဖြတ်တဲ့အတိုင်း ပေါ့"

အရုပ်ဦးထုပ်နှင့် တူသည့် အထည်ကလေးကို သေချာစွာ ကြည့်လျက် "သူ့ဦးခေါင်းကလေးက ဒါလောက်သေးသလား" ဟု ဆီရောဇာက မေးလိုက်သည်။ တချိန်တည်းမှာပင် "ဒီလို ဦးခေါင်းကလေးသာ ဆိုရင် ဆံပင် ဆောင့်ဆွဲလိုက်တာနှင့် ဦးခေါင်းပြုတ်ထွက်သွားမှာဘဲ"ဟု တွေးကြည့်နေသည်။

မေမေသည် သေးငယ်သည့် ဦးထုပ်ကလေးကို လက်ပေါ် တင်၍ ကြည့်နေသည်။ မေမေ့ မျက်နှာသည် ကြည်လင်၍ ပျော်ရွှင် ချမ်းမြေ့နေသည်။ ကော်ရက်စကျီလက်က မေမေ၏ နူးညံ့ပြောင်လက်နေသော ဆံပင်စတွင် ယုယုယယ မွေးမွှေး ပေးလိုက်ပါသည်။

ယောကျ်ားကလေး ဖြစ်စေ၊ မိန်းမကလေး ဖြစ်စေ တယောက်နှစ်ယောက်ရရန် သူတို့တကယ်ပင် စီစဉ်နေကြပေပြီ။ ကလေးအိပ် ကုတင်ကလေးတလုံးနှင့် မွေ့ရာကလေးတခုကို လည်း ဝယ်ပြီးကြပြီ။ ကလေးအတွက် ဆီရောဇာ၏ ရေချိုး စည်ပိုင်းဟောင်းကို သုံးနိုင်ကြမည်။ သူ့အတွက်မူ စည်ပိုင်းသည် လွန်စွာ သေးငယ်နေပေပြီ။ စည်ပိုင်းထဲတွင် ခြေဆန့်၍ မထိုင်နိုင်

**တော့**သည်မှာ ကြာပေပြီ။ မေမေ ချုပ်နေသော ဦးထုပ်ကို ဆောင်းမည့် ကလေး ကလေးနှင့်မူ စည်ပိုင်းမှာ အနေတော်ပင် ဖြစ်ချေမည်။

ကလေးများ မည်သည့်နေရာမှာ ရနိုင်သည် ဆိုသည်ကို ဆီရောဇာ သိပါသည်။ ဆေးရုံတွင် ဝယ်ယူကြရပါသည်။ ဆေးရုံတွင် ကလေးများ ရောင်းချပါသည်။ တခါက မိန်းမကြီး တဦးသည် ကလေးနှစ်ယောက်ကို တပြိုင်နက် ဝယ်ယူခဲ့ဘူးပါသည်။ ထိုမိန်းမကြီးသည် ဆင်တူကလေးနှစ်ယောက်ကို အဘယ်ကြောင့် ဝယ်ခဲ့ရသနည်းဟု ဆီရောဇာ နားမလည်နိုင်ပါ။ သူတို့နှစ်ဦးကို မှဲ့ကလေးဖြင့် ခွဲခြားပြီး မှတ်ရသည်ဟု လူများပြောကြပါသည်။ ကလေးတယောက်၏ လည်ပင်းတွင် မှဲ့ကလေးတလုံးပါ၍ ကျန်တယောက်တွင် မှဲ့မပါပါ။ အသွင်တူ နှစ်ယောက်ကို ဝယ်လာသည်မှာ ရယ်စရာကောင်းလှသည်။ အဆင်ကွဲကလေး နှစ်ယောက် ဆိုလျှင် တော်ပေလိမ့်ဦးမည်။

ကော်ရက်စကျီ လက်နှင့် မေမေတို့သည် ကလေးကို ချက်ခြင်းယူလာတော့မည်ကဲ့သို့ ပြင်ဆင်မှုများပြုလုပ်ပြီးနောက် အကြောင်းတခုခုကြောင့် ဆိုင်းငံ့ ထားကြပါသည်။ အိပ်ရာကလေးသည် အသင့်ရှိနေသော်လည်း ယောကျ်ားကလေးသော်ငြားငင်း၊ မိန်းကလေးသော်ငြားငင်း အရိပ်အရောင်မျှ မမြင်ရသေးပါ။

"ဘာလို့ ကလေး သွားမဝယ်သေးလဲ"ဟု သူမေမေကို ဆီရောဇာ မေးကြည့်သည်။ မေမေက ရယ်နေသည်။ အလိုလေး.... မေမေ့ကြည့်ရတာ သိသိသာသာကြီး ဝနေပါ့လား။

"အခု ကလေးမရှိသေးဘူးတဲ့၊ ဒါပေမဲ့ မကြာခင် ရလိမ့်မယ်လို့ ပြောတာဘဲ"

ဟုတ်ပါသည်။ တခါတရံ ဤသို့ ဖြစ်တတ်ပါသည်။ တစုံ

တခု လိုချင်ပြီဆိုလျှင် ဆိုင်မှာ မရှိသည်နှင့် ကြုံနေတတ်ပါသည်။ ကောင်းပါပြီ၊ စောင့်ရမှာပေါ့ ဆီရောဇာအတွက် အရင်စလို မရှိလှပါ။

တနေ့သော နံနက် သူ အိပ်ရာထသောအခါ မေမေ ကလေးဝယ်ရန် ဆေးရုံသို့ သွားပြီဟု ပြောကြပါသည်။

ဤကိစ္စကို ဆီရောဇာ ကြိုတင်မြော်လင့်နေခဲ့သော်လည်း ယခု ကြုံတွေ့လာသောအခါ ရင်တွင်း၌ အနည်းငယ် တုန်လှုပ်သွားသည်။ အမှန်ဆိုလျှင် ကလေးတယောက် ဝယ်သည့်ကိစ္စမှာ အမှတ်တရ အရေးတကြီးကိစ္စတခု မဟုတ်ပါလား။

သူ့မေမေ ကလေးဝယ်ပြီးနောက်၊ မြန်မြန်အိမ်ပြန်လာလိမ့်မည်ဟု ဆီရောဇာ ထင်နေသည်။ ထို့ကြောင့် ခြံပေါက်ဝသို့ သွား၍ မေမေ့ကို စောင့်မြော်နေသည်။ ယောကျ်ားကလေး ဖြစ်စေ၊ မိန်းကလေးဖြစ်စေ၊ တယောက်ယောက်နှင့် ပြန်လာသော မေမေကို လမ်းဒေါင့် ချိုးဝင်လာလျှင် ပြေး၍ကြိုလိုက်မည်ဟု အားခဲနေသည်။

အရေးထဲတွင် အန်တီ ပါရှာက အော်ခေါ် လိုက်သည်။ "ကော်ရက်စကျီလက်က မင်းကို တယ်လီဖုန်းနဲ့ စကားပြောချင်လို့တဲ့"

သူသည် အိမ်ထဲသို့ အပြေးဝင်သွား၍ စားပွဲပေါ်ရှိ တယ်လီဖုံးခွက် အနက်ကလေးကို ကောက်ကိုင်လိုက်သည်။ "ဟလို"ဟု သူက ခေါ်လိုက်ရာ၊ တဖက်မှ ကော်ရက်စကျီလက်၏ အသံကို ကြားရသည်။ ရွှင်မြူး ရယ်မောနေသည့် အသံ။

"ဆီရောဇာလား။ မင်းအတွက် ညီကလေးရပြီကွ၊ ငါ ပြောတာ ကြားရဲ့လား။ အေး ညီလေး၊ မျက်လုံးပြာကလေးနဲ့။

လေးကီလိုဂရမ် အလေးချိန်ရှိတယ်။ သိပ်ဝတယ်နော်။ မင်း ဝမ်းမသာဘူးလား”

“အင်း....အင်း”ဟု ထစ်ထစ်ငေါ့ငေါ့၊ ယောင်ယောင် မှားမှား အော်ပြောလိုက်ပြီး။ တယ်လီဖုန်းမှ စကားသံ ပြတ်သွားသည်။

“မျက်လုံးပြာနှင့် ဆိုတော့ ဖအေတူ ကလေးပေါ့” ဟု အန်တီပါရှာက ပြော၍ ဝမ်းသာသော မျက်ရည်များကို ခါးစည်း အဝတ်ဖြင့် သုတ်ပစ်နေသည်။ “ရှင်လန်း ဝမ်းမြောက်ရသဖြင့် ကျေးဇူးတော်ကို ခြီးကျူးပါ၏”ဟု ဆို၍လည်း ဘုရားသခင်ကို ကန်တော့လိုက်သည်။

“သူတို့ ဘယ်တော့ အိမ်ပြန်လာကြမလဲ”ဟု ဆီရောဇာက မေးသည်။ ရက်သတ္တတပတ်၊ တပတ်ကျော်ကြာမှ ပြန်လာမည် ဟု သိရသောအခါ ဆီရောဇာသည် အံ့သြ စိတ်ပျက်သွားသည်။ ကလေးက မေမေကို စိမ်းနေသေးသည်။ မေမေနှင့် နေတတ်သွားရန် ဆေးရုံမှာ သင်ပေးရဦးမည်ဟု ဆိုသည်။

ကော်ရက်စကျီလက်သည် ဆေးရုံသို့ နေ့တိုင်းသွားသည်။ ဆီရောဇာကိုမူ ဆေးရုံခန်းထဲသို့ ဝင်၍ သူမေမေအား တွေ့ခွင့် မပြုချေ။ သို့ရာတွင် မေမေက စာ ရေးရေးပေးလိုက်သဖြင့် အကျိုးအကြောင်းသိရသည်။ ကလေးကလေးက အလွန် ချစ် စရာ ကောင်းသည်။ ထူးထူးခြားခြား ဥာဏ်ကောင်းသည်။ သူ့ကို မေမေက အာလက်ဆေး[၂၀] ဟု နာမည်ပေးပြီးပြီ။ သို့သော် လျောညာ[၂၁]ဟု တိုတိုပင် ခေါ်ကြမည်။ ဆေးရုံမှာ မေမေ ပျင်းလှပြီ။ အိမ်ကို လွမ်းဆွတ်သဖြင့် ပြန်ချင်လှပြီ။ သူတို့

[၂၀]။ Alexi

[၂၁]။ Lyonya

အားလုံးနှင့် အထူးသဖြင့် ဆီရောဇာအတွက် အချစ်နှင့် မွှေးမွှေး မေမေက ပေးလိုက်သည် စသည်ဖြင့် စာများ ဖတ်ရသည်။

ရက်သတ္တတပတ် ကုန်ဆုံးသွားပြီးနောက် ရက်အနည်းငယ် ကြာသွားပြန်သည်။ တနေ့တွင် ကော်ရက်စကျီလက်သည် အိမ်မှ မထွက်ခင် ဆီရောဇာအား "ဘယ်မှ သွားမနေနဲ့၊ စောင့်နေနော်၊ ဒီနေ့ မေမေနဲ့ လျောညာကို သွားခေါ်ရအောင်"ဟု ပြောသွားသည်။

ကော်ရက်စကျီလက်သည် အန်တီ တိုစယာ၏ မော်တော်ကားနှင့် ပြန်ရောက်လာပြီး ပန်းစည်းကြီး တစည်းလည်း ယူလာသည်။ သူတို့သည် ဘေးမကြီး ကွယ်လွန်ခဲ့သည့် ဆေးရုံသို့ပင် မော်တော်ကား မောင်းသွားကြသည်။ ဆေးရုံ ဝင်းပေါက်အနီးရှိ ပထမဦးဆုံး အဆောက်အအုံသို့ သွားကြရာ၊ မေမေ၏အသံကို ရုတ်တရက် ကြားလိုက်ရသည်။ "မိကျ၊ ဆီရော်ဇာ"

မေမေသည် ပွင့်နေသော ပြူတင်းပေါက်တခုမှ သူတို့ကို ကြည့်၍ လက်ဝှေ့ရမ်းကာ နှုတ်ဆက်နေသည်။ ဆီရော်ဇာက "မေမေ"ဟု အော်ခေါ်လိုက်သည်။ မေမေက တဖန်ထပ်၍ လက်ဝှေ့ရမ်းပြပြီး၊ အထဲသို့ ပြန်ဝင်သွားသည်။ ခဏကြာလျှင် မေမေ ထွက်လာမည်ဟု ကော်ရက်စကျီလက်က ပြောပြသည်။

အတန်ကြာသော် တံခါးသည် ကျွိကနဲမြည်၍ ပွင့်လာပြီးလျှင် မေမေသည် အထုပ်ပြာကလေးကို ပွေ့ပိုက်၍ ထွက်လာလေသည်။

အိမ်ရောက်သောအခါ လျောညာကို မေမေ့ အိပ်ရာပေါ်၌ သိပ်ထားလိုက်သည်။ သူ့ကို ထွေးရစ်ထားသော အနှီးများကို ဖြေလိုက်ရာတွင် သူ့တကိုယ်လုံးကို ဆီရောဇာ မြင်ရပေပြီ။ "မေမေက ဒီဟာကလေးများ လှတယ်တဲ့။ ဗိုက်ကလဖောင်း

သေး။ လက်နဲ့ ခြေကလဲ ဒုတ်ချောင်းကလေးတွေလို သေးသေး။ အဟုတ် ခြေလက်နဲ့လဲ မတူဘူး။ ပြီးတော့ အခိပ္ပါယ်မရှိ ခြေကလေးနှစ်ဖက် ကန်လိုက် ကြောက်လိုက်။ လက်ကလေးတွေ ဝှေ့လိုက် ရမ်းလိုက်နဲ့၊ လည်ပင်းက မြင်တောင် မမြင်ရဘူး။ ပြီးတော့ ဥာဏ်ကောင်းတယ်ဆိုတာ ဘာများ ပြောတာပါလိမ့်၊ သွားမရှိတဲ့ ပါးစပ်ကလေး ဟပြီး၊ ငိုလိုက်ရသေး။ အသံကလဲ ညောင်နာနာနဲ့ ရယ်စရာကလေး။ ညည်းညည်းညူညူ နား ကြားပြင်း ကပ်စရာ။ ငိုကြောကလဲရှည်ရှန်ကော၊ ရပ်မရပ် နိုင်ဘူး"

"အို၊ အို၊ အေ၊ အေ....သားသားလေး။ ဘာလို့ငိုတာလဲ၊ အော်....သိပြီ သိပြီ။ မေမေ သိပြီ။ သားသားလေး ဆာပြီကိုး၊ နေအုံး နေအုံး၊ ခဏကလေးနော်"ဟု မေမေက ပြောသည်။

အော်ကျယ်၊ အော်ကျယ်ပြော၍ ပြာပြာသလဲ ဖြစ်နေသော မေမေသည် ယခင်ကလို မဝတော့ပါ။ ဆေးရုံတွင် တော်တော်ပိန်လာခဲ့ပါသည်။ ကော်ရက်စကျိုလက်နှင့် အန်တီ ပါရှာတို့သည် မေမေ့ကို အကူအညီ ပေးနေကြသည်။ မေမေ ခိုင်းသမျှ အပြေးအလွှား လုပ်ကိုင်ပေးနေကြသည်။

လျောညာ၏ အနှီးများသည် စိုရွှဲနေပေပြီ။ မေမေသည် သူ့အား အနှီးသစ် လဲလှယ်ပေးသည်။ ထို့နောက် သူ့ကို ပေါင်ပေါ် တင်၍ ထိုင်လိုက်သည်။ အင်္ကျီကြယ်သီးများ ဖြုတ်ပြီး လျှင် လျောညာ၏ ပါးစပ်ကလေးကို မေမေ့နို့တွင် တပ်ပေး လိုက်သည်။ သူသည် နောက်ဆုံးပိတ်တချက် ငိုရှိုက်လိုက်ပြီး နောက်၊ မေမေ့နို့သီးကို သူ့နှုတ်ခမ်းကလေးများနှင့် ကိုက်ငုံလိုက် က၊ အငမ်းမရ လောဘတကြီး နို့စို့လိုက်ရာတွင် နို့ရည်များပင် သီးသွားသည်။

"အငတ်ကလေး"ဟု ဆီရောဇာ တွေးမိလိုက်သည်။ ကော်ရက်စကျီလက်က ဆီရောဇာ၏အတွေးကို ရိပ်မိ၍ "ကိုးရက်သား ရှိသေးတာဘဲကွာ၊ကိုးရက်သားဆို ဒီလိုဘဲပေါ့"ဟု တိုးတိုးကလေး ပြောပြသည်။

"အဲ" ဟု ဝန်ခံပြောပြောရင်း သူ့အတွေးကို ကော်ရက်စကျီလက် ရိပ်မိသွားသဖြင့် ရှက်အမ်းအမ်း ဖြစ်သွားသည်။

ဆီရောဇာသည် အိပ်ရာပေါ် တက်၍ လျော့ညာ အနားတွင် ထိုင်လိုက်သည်။ သူ မငိုဘဲရှိစဉ် မျက်နှာ မရှုံ့မမဲ့နေစဉ် သူ့ကို ကောင်းကောင်းကြည့်လိုက်ချင်သည်။ လျော့ညာတွင် မျက်တောင်များ တကာယ်ရှိပုံရသည်။ တိုတော့ တိုတိုကလေးပင် ဖြစ်ပါသည်။ အသားအရေကလည်း ကတ္တီပါကဲ့သို့ နူးညံ့သည်။ ဆီရောဇာသည် ကလေးအသားကို လက်ဖျားနှင့် တို့ကြည့်လိုက်သည်။

ထိုအခိုက် မေမေ ဝင်လာ၍ "ဒါ ဘာလုပ်တာလဲ"ဟု အော်လိုက်သည်။ ရုတ်တရက်ဖြစ်၍ ဆီရောဇာ ထိတ်လန့်ပြီး၊ လက်ကို ရုတ်ပစ်လိုက်သည်။ "အခုချက်ခြင်း ဆင်း။ လက်ပေကြီးနဲ့ ဘာလို့ ကလေးကို ကိုင်ရတာလဲ"ဟု မေမေ ကြိမ်းမောင်းလိုက်သည်။

# ဗတ်စကာ နှင့် သူ၏ ဦးလေး

ဗတ်စကာတွင် ဦးလေးတယောက် ရှိပါသည်။ "သူမှာ ဦးလေး မရှိပါဘူး။ သူညာပြောတာ"ဟု လီဒါက ပြောလိုက်ချင်သော်လည်း ပြော၍မဖြစ်၊ပါးစပ်ပိတ်နေရသည်။အဘယ့်ကြောင့် ဆိုသော် ဗတ်စကာတွင် ဦးလေးဆိုသူ တကယ်ရှိနေ၍ ဖြစ်သည်။ သူ့ဓာတ်ပုံကို ဟိုအပေါ်မှာ ထောင်ထားပါသည်။ သာမန် ဦးလေးပင် မဟုတ်ပါချေ။ ပင်လယ်ကူး သင်္ဘောတစင်းမှ မာလိန်မှူးကြီးတယောက် ဖြစ်ပါသည်။ ပင်လယ်ကူးသင်္ဘောမှ မာလိန်မှူးတယောက် မည်သို့ ဆင်ယင်ဝတ်စားသည်ကို မြင်ရခြင်းသည် စိတ်ဝင်စားဘွယ် ဖြစ်ပေသည်။ ထိုဓာတ်ပုံကို အညာကျွန်း[၂၂] ပေါ်ရှိ ဟိုနိုလူလူ[၂၃]တွင် ရိုက်ကူးခဲ့သည်ဟု ဗတ်စကာက ပြောပြသည်။

တခါတရံ သူ့ဦးလေးထံမှ လက်ဆောင် ပါဆယ်ထုပ်များ ရောက်လာတတ်သည်။ "ကော့စကျာ[၂၄]က နှစ်ဝက် စာပို့လိုက်ပြန်ပြီ"ဟု ဗတ်စကာ၏အမေက ပြောပြတတ်သည်။ နှစ်ဝက်

---

၂၂။ Oahu Island

၂၃။ Honlulu

၂၄။ Kostya

စာဆိုသည်မှာ အထူးအထွေ မဟုတ်ပါ။ အထည်စများသာ ဖြစ်ပါသည်။ သို့ရာတွင် တခါတရံ ပစ္စည်းကောင်းများလည်း ပါဆယ်ဖြင့် ရောက်လာတတ်ပါသည်။ ပုံစံဆိုရသော် ပုလင်း တလုံးတွင် အရက်ပြန်နှင့် စိမ်ထားသော မိကျောင်းကလေး မျိုး ဖြစ်ပါသည်။ ငါးကလေး တကောင်အရွယ်မျှ သေးငယ် သော်လည်း မိကျောင်းကလေးပင် ဖြစ်ပါသည်။ အရက်ပြန် စိမ်ထားသဖြင့် မပုပ်မသိုး၊ မပျက်မစီး နှစ်ပေါင်း တရာပင် ခံနိုင်ပေမည်။ ထို့ကြောင့်လည်း ဗတ်စကာသည် သွေးနားထင် ရောက်နေသည်မှာ အံ့စရာမဟုတ်ပါချေ။ အခြားကလေးများ ပိုင်သည့် အကောင်းဆုံး ပစ္စည်းများသည် ထိုမိကျောင်းနှင့် ယှဉ်လိုက်လျှင် ဖွဲ့ပင် ဖြစ်သည်။

ထိုဦးလေး။ ထူးဆန်းသော အံ့သြဖွယ် ကောင်းသော ဦးလေးကြီးသည် ဟိုနိုလူလူနှင့် ကျွန်းပေါင်းစုံ လှည့်လည်ပြီး ဗတ်စကာတို့နှင့်အတူ လာနေတော့မည်။ ထိုအကြောင်းကို ဗတ် စကာ အိမ်ပြင်ထွက်လာသောအခါ ပြောပြသည်။ သူ၏ ပါး စောင်တွင် စိကရက်ခဲကာ မျက်စေ့မီးခိုးဝင်သဖြင့် မျက်နှာ တဖက်ကိုရှုံ့တွန့်ရင်း အရေးမကြီးလှသော သာမန်ကိစ္စဆိုသည့် သဘောနှင့် အမှတ်မထင် ပြောပြခြင်း ဖြစ်ပါသည်။

အတန်ကြာ ဆိတ်ငြိမ်နေကြပြီးနောက် "ဘယ်ဦးလေးလဲ မာလိန်မှူးကြီးလား"ဟု ရှူးရစ်က အသံသြကြီးနှင့် မေးလိုက် ရာ "ဘယ်သူဖြစ်အုံးမလဲ၊ ငါ့မှာ ဒီပြင် ဦးလေးမှ မရှိဘဲ"ဟု ဗတ်စကာက ပြန်ဖြေသည်။

"မရှိဘဲ"ဆိုသည့် စကားလုံးများကို လေးနက်စေရန် အသံမြှင့်၍ ဗတ်စကာ ပြောလိုက်ပါသည်။ မင်းတို့မှာ သဘော် မာလိန်မှူး မဟုတ်တဲ့ ဦးလေးတွေရှိချင်ရှိမယ်။ ငါ့မှာ မရှိဘူး။



2:28 PM 65/113

ငါ့ရှိတဲ့ ဦးလေးဟာ မာလိန်မှူးဘဲ ဆိုသည့် အဓိပ္ပာယ်နှင့်ပြော သကဲ့သို့ ဖြစ်ပါသည်။ အားလုံးကလည်း သူဟုတ်မှန်ကြောင်း ဝန်ခံကြပါသည်။

သူတို့တတွေ ဗတ်စကာ၏ ဦးလေးကို မြော်တလင့်လင့် ဖြင့် စောင့်ဆိုင်းရင်း စိတ်မရှည်နိုင်အောင် ဖြစ်လာကြသည်။ ခရီးဝေး လမ်းထဲသို့ မော်တော်ကားတစီး မောင်းဝင်လာလျှင် အန်ကယ်ကြီး ဘူတာရုံက လာပြီလားဟု အသက်မရှူနိုင် အောင် စိတ်စောကြရသည်။ သို့သော် မော်တော်ကားသာ ဖြတ်မောင်းသွားသည်။ အန်ကယ်ကြီးကား ပေါ်မလာသေး။

ရောက်မည့်ရောက်တော့ မာလိန်မှူး အန်ကယ်ကြီးသည် ညဥ့်အချိန်မတော်တွင် ရောက်လာသည်။ နောက်တနေ့ နံက်ခင်းတွင် ကလေးများသည် ဗတ်စကာတို့ ခြံတွင်းသို့ လှမ်းကြည့်လိုက်ရာ လားလား....အန်ကယ်ကြီး ရောက်နေပါပြီကော။ ဟိုမှာ ခြေသွားလမ်းကလေးပေါ်မှာ မတ်တတ်ရပ်နေပါသည်။ ဓာတ်ပုံထဲမှအတိုင်း အဖြူအဝတ်အစားများ ဆင်ယင်ထားပါသည်။ အပေါ်ဝတ် အင်္ကျီအဖြူ၊ ခေါက်ရိုး ပေါ်နေသည့် ဘောင်းဘီဖြူနှင့် ရှူးဘိနပ်ဖြူများ ဝတ်ဆင်ထားပါသည်။အင်္ကျီ ဖြူတွင် ရွှေဝါရောင် ရာထူးအမှတ်အသားများ ပါသေးသည်။ သူသည် လက်ကို နောက်သို့ပစ်၍ ရပ်နေပါသည်။ နှာခေါင်းသံ အနည်းငယ်ပါ၍ ညင်သာသော အသံဖြင့် စကားပြောနေသည်။ အသက်ရှူသံ အနည်းငယ် ပြင်းသည်။

"ဒီမှာနေရတာ စိတ်ကြည်နူးစရာဘဲဟေ့။ သိပ်ချမ်းမြေ့တာဘဲ၊ အပူပိုင်းနဲ့စာရင် တကယ်နေကောင်းတာဘဲ။ ဒီလိုနေရာ နေရတာ မင်းတို့ သိပ်ကံကောင်းတာပေါ့ ပိုလယာ[၂၅]"

[၂၅]။ Polya

"ဟုတ်ကဲ့ မဆိုးပါဘူး"ဟု ဗတ်စကာ၏ အမေက ပြန်ပြောသည်။

"ဟာ.... ပျံလွှား ငှက်အိမ်လေးပါလား။ ဘူဇပတ်ပင်ပေါ်မှာ ပျံလွှားငှက်တွေ ပိုလယာ။ ဒိုငယ်ငယ်က ဖတ်ခဲ့တဲ့ စာအုပ်ကလေး မှတ်မိသေးလား။ အဲဒီထဲမှာ အခုမြင်ရတဲ့အတိုင်း ရုပ်ပုံကလေးပါတယ်လေ။ ဘူဇပတ်တပင်နှင့် ပျံလွှားငှက်တွေအတွက် အိမ်ကလေးတခုလေ"ဟု ငယ်စဉ်အချိန်ကို သတိတရ အန်ကယ်ကြီးက ပြောလိုက်သည်။

"ငှက်အိမ်ကလေးကို ဗတ်စကာ တင်ထားထာပေါ့" သူ့အမေက ပြောပြသည်။

"တယ်တော်တဲ့ သူငယ်ဘဲ"ဟု အန်ကယ်ကြီးက ဆိုသည်။

ထိုအချိန်တွင် ဗတ်စကာသည် ခြံထဲမှာ ရှိနေသည်။ ကိုယ်လက် သန့်သန့်ရှင်းရှင်းဖြင့် ငြိမ်သက်စွာ ရပ်နေသည်။ ဦးထုပ်ကို ဆောင်းမထားဘဲ မေဒေးနေ့ပွဲမှာကဲ့သို့ ဆံပင်ကို ကြော့နေအောင် ဖီးထားသည်။

"လာလေ၊ မနက်စာစားရအောင်"ဟု ဗတ်စကာ့အမေက အန်ကယ်ကြီးအား ခေါ်လိုက်သည်။

"ဒီလေကလေး နည်းနည်း ရှုချင်သေးတယ်"ဟု မာလိန်မှူးကြီးက ငြင်းဆိုလိုက်သော်လည်း ဗတ်စကာ့ အမေက အတင်းခေါ်သွားသည်။ အန်ကယ်ကြီးသည် ရွှေချထားသော ရဲတိုက်ဖူကြီးကဲ့သို့ ကြီးမားသော ကိုယ်ခန္ဓာကြီးဖြင့် လှေကားကို တက်သွား၍ အိမ်ထဲသို့ ဝင်သွားသည်။ သူသည် ကြံ့ခိုင်တောင့်တင်း၊ လှပ တင့်တယ်၍ သဘောကောင်းပုံ ရသည်။ သူ့ဦ မေးနှစ်ထပ် ဖြစ်နေသည်။ မျက်နှာ အောက်ပိုင်းသည် ညို၍ နဖူးပြင်သည် ဖြူနေသည်။ နေလောင်၍ ညိုနေသော

အပိုင်းကို မျဉ်းသား၍ ပိုင်းခြားထားသလို ထင်ထင်ရှားရှား မြင်ရသည်။

ဆီရောဇာနှင့် ရှူရစ်တို့ နှစ်ယောက်သည် ဝင်းထရံ တိုင်ကြားမှ မျက်နှာပြူ၍ ချောင်းမြောင်း ကြည့်နေကြသည်။ ဗတ်စကာသည် သူတို့ရှိရာ ဝင်းထရံဆီသို့ လျှောက်သွားသည်။

"ဘာလဲဟေ့ ကလေးတွေ"ဟု သူက အရေးတယူ ဖော်ဖော်ရွေရွေ မေးလိုက်သည်။

သူတို့က ဘာမျှမပြောဘဲ နှာခေါင်းကိုသာ ရှုံ့ပြလိုက်ကြသည်။

"ငါ့ဖို့ နာရီတလုံး ဝယ်လာတယ်ကွ"ဟု ဗတ်စကာက ကြွားလိုက်သည်။ ဟုတ်ပ သည်။ သူ၏ဝဲဖက်လက်တွင် နာရီတလုံးကို လက်ပတ်ကြိုးဖြင့် ပတ်ထားပါသည်။ သူသည် လက်ကို မြှောက်၍ နာရီမြည်သံကို နားထောင်လိုက်ပြီးလျှင် နာရီကို သံပတ်အနည်းငယ် ပေးပါသည်။

"ဒို့လာခဲ့ရမလားဟေ့"ဟု ဆီရောဇာက လှမ်း၍ မေးလိုက်သည်။

"အေး....ကောင်းပြီ လာခဲ့ကြ"ဟု ဗတ်စကာက ခွင့်ပြုသည်။ "ဒါပေမဲ့ မဆူရဘူးနော်၊ ဒါဘဲ။ သူအနားယူဖို့ ခဏလှဲလိုက်ရင်၊ ပြီးတော့ အိမ်သားတွေ ရောက်လာရင်၊ မင်းတို့နှစ်ယောက်စလုံး ချက်ခြင်းပြန်ထွက်သွားရမယ်နော်။ မိသားစု စည်းဝေးပွဲ လုပ်ကြမလို့"

"မိသားစု စည်းဝေးပွဲဆိုတာ ဘာလဲ"ဟု ဆီရောဇာက မေးလိုက်သည်။

"ငါ့အတွက် ဘယ်လို စီမံကြမလဲလို့ သူတို့ တိုင်ပင်ကြမလို့ကွ"ဟု ဗတ်စကာက ရှင်းပြသည်။ ထို့နောက် ဗတ်စကာ



2:28 PM 68/113

အိမ်ထဲသို့ ဝင်သွား၏။ သူတို့နှစ်ယောက် တိတ်ဆိတ်စွာ ဝင်လိုက်သွားပြီးလျှင် မာလိန်မှူးကြီး ထိုင်နေသော အခန်းပေါက်ဝတွင် ရပ်စောင့်နေကြသည်။

နံက်စာ စားသောက်ပြီးသောအခါ အန်ကယ်ကြီးသည် ဗတ်စကာကို လမ်းလျှောက်သွားရန် ခေါ်သည်။ သူသည် ရွှေကွပ်အဖြူရောင် ဦးထုပ်ကို ဆောင်းလိုက်သည်။

"ကိုင်း....အိမ်ပြန်ကြပေတော့"ဟု ဗတ်စကာက ဆီရောဇာနှင့် ရှူရစ်ကို ပြောလိုက်သည်။

"အို....ခေါ်ခဲ့ပါကွာ"ဟု အန်ကယ်ကြီးက နှာသံပါပါဖြင့် ပြောသည်။ "ချစ်စရာကလေးတွေဘဲ။ ညီအစ်ကို နှစ်ယောက်က ရုပ်ချောတွေကိုးကွ"

"ကျွန်တော်တို့ ညီအစ်ကို မတော်ပါဘူး"ဟု ရှူရစ်က အသံသြကြီးဖြင့် ပြောပြသည်။

"ဟုတ်တယ်။ သူတို့ညီအစ်ကို မဟုတ်ဘူး"ဗတ်စကာက ထောက်ခံလိုက်သည်။

"ဟင်....ဟုတ်လား။ ငါက ညီအစ်ကိုမှတ်လို့"ဟု အံ့သြသံဖြင့် ဦးလေးကြီးက ပြောသည်။ "တယောက်က ဖြူဖြူ၊ တယောက်က ညိုညိုပေမဲ့၊ နည်းနည်းတော့ ဆင်တူသား။ ညီအစ်ကိုမဟုတ်ဘဲကိုး။ ကဲလေ....အရေးမကြီးပါဘူး။ ဒို့နဲ့ လမ်းလျှောက်လိုက်ခဲ့ကြပေါ့"

သူတို့သည် တောအုပ်ထဲတွင် လမ်းလျှောက်ကြသည်။ အန်ကယ်ကြီးသည် သစ်ပင်များကိုကြည့်၍ လွန်စွာ ပီတိဖြစ်နေသည်။ တဖန် လယ်ကွင်းများကိုဖြတ်၍ လမ်းလျှောက်ကြပြန်ရာ၊ အန်ကယ်ကြီးသည် ဂျုံပင်များနှင့် ပီတိဖြစ်နေပြန်သည်။ အမှန်ပြောရလျှင် အန်ကယ်ကြီး၏ ပီတိများကို သူတို့

အနည်းငယ် ငြိုးငွေ့လာကြသည်။ ပင်လယ်အကြောင်း၊ ကျွန်း တွေအကြောင်း ပြောပြလျှင် ပိုကောင်းပေမည်။ မည်သို့ပင် ဖြစ်စေ သူသည် အံ့သြဖွယ်ကောင်းသည်။ နေရောင်တွင် ဝင်း လက်နေသော သူ၏ရွှေတံဆိပ်၊ ရွှေရင်ထိုးများကို ကြည့်ရသည် မှာ မျက်စိကျိန်းသော်လည်း ကြည့်၍ အားမရနိုင်။

သူသည် ဗတ်စကာနှင့် ယှဉ်၍ လမ်းလျှောက်သည်။ ဆီ ရောဇာနှင့် ရှူရစ်တို့ကမူ တခါတရံ သူတို့နောက်မှ လိုက်သည်။ တခါတရံ ရှေ့မှကြို၍ အန်ကယ်ကြီးကို တအံ့တသြ ကြည့်ရန် ပြေးနှင့်ကြသည်။ ဤသို့ဖြင့် မြစ်ကမ်းပါးသို့ သူတို့ရောက်လာ ကြသည်။ အန်ကယ်ကြီးသည် နာရီကိုကြည့်လိုက်၍ "ရေချိုး ရလျှင် ကောင်းမှာဘဲ"ဟု ပြောသည်။ ဗတ်စကာကလည်း သူ့နာရီကိုကြည့်၍ "ဟုတ်တယ်၊ ရေချိုးရအောင်"ဟု ပြော သည်။ ထို့ကြောင့် သူတို့သည် သန့်ပြန့်ပူနွေးသော သဲပေါ်တွင် အဝတ်များ ချွတ်ချလိုက်ကြသည်။

အပေါ်ဝတ် အင်္ကျီကို အန်ကယ်ကြီး ချွတ်လိုက်သော အခါ သဘောသားများ ဝတ်လေ့ရှိသော စွတ်ကျယ်လက်ပြတ် အစင်းကို မမြင်ရသဖြင့် ဆီရောဇာနှင့် ရှူရစ်တို့ စိတ်ပျက် သွားကြသည်။ သူသည် ရိုးရိုးရှပ်အင်္ကျီအဖြူကိုသာ ဝတ်ထား သည်။ သို့သော် အန်ကယ်ကြီးသည် လက်ကို မြှောက်၍ ရှပ် အင်္ကျီကို ခေါင်းပေါ်မှ လှန်ကာ ချွတ်ပစ်လိုက်ရာတွင် သူတို့ နှစ်ယောက် အံ့အားသင့်သွားကြသည်။ မင်သက်မိသလို ဖြစ် သွားကြ၍ အန်ကယ်ကြီးကို မျက်လုံးကျွတ်မတတ် စိုက်ကြည့် နေမိကြသည်။

အညိုရောင် ညီညာစွာ လှမ်းလျက် အဆီရစ်၍ ကျယ်ပြန့် သော အန်ကယ်ကြီး၏ ကိုယ်လုံးကြီးတွင် လည်ပင်းမှ ခါးသို့



2:28 PM 70/113

တိုင်အောင် နေရာ လပ်၊ အပြာရောင် မင်ကြောင် ဆေးကွက် များ ထိုးထားသည်။ အန်ကယ်ကြီးသည် မတ်တတ်ရပ်၍ ကိုယ်ကို ဆန့်လိုက်ရာတွင် မင်ကြောင်ကွက်များသည် ရိုးရိုးအလှ ဆေးကွက်များမဟုတ်။ ရုပ်ပုံများနှင့် စာလုံးများဖြစ်ကြောင်း သူငယ်ကလေးများ မြင်ကြရသည်။

သူ၏ ရင်ဘတ်ပေါ်တွင် ဆံပင်ဖားလျား ချထားသော ငါးအမြီးရှိသည့် ရေသူမ ရုပ်ပုံရှိသည်။ ဘဲဝဲခေါ် လက်ရှစ်ဖက်ပါ ရေသတ္တဝါကြီး တကောင်သည် ဝဲဖက်ပခုံးမှ ရေသူမဆီသို့ တွားရ၍ ဆင်းလာနေသည်။ သတ္တဝါကြီး၌ တွန့်လိမ်နေသော လက်မောင်းများနှင့် ကြောက်မက်ဖွယ်ရာ လူသားမျက်လုံးများရှိ၏။ ရေသူမသည် လက်များကို သတ္တဝါကြီးဖက်သို့ ဆန့်တန်းကာ မျက်နှာကို အခြားဖက်သို့ လှည့်ထားပြီးလျှင် သူမအား မဖမ်းဆီးရန် အသနားခံနေဘိသကဲ့သို့ရှိ၏။ အသည်းထိတ်စရာကောင်းလှသည့် ရုပ်ပုံပင် ဖြစ်သည်။

ယာဖက်ပုခုံးပေါ်တွင် စာတမ်းရှည်တခု ရေးထားသည်။ ယာဖက် လက်မောင်းတလျှောက်တွင်လည်း စာများ ရေးထားသည်။ အန်ကယ်ကြီး၏ ယာဖက်တဲဖက်လုံး၊ စာလုံးများ အပြည့် ရေးထားသည်ဟု ဆိုနိုင်ပေသည်။

ဝဲဖက် လက်မောင်း၊ တတောင်ဆစ်အထက်တွင် ချိုးငှက်နှစ်ကောင် နှုတ်သီးချင်းယှက်၍ ကလူကျီစယ် နေကြသည်။ သူတို့အထက်၌ ပန်းကုံးတကုံးနှင့် သရဖူတခုရှိသည်။ တတောင်ဆစ်အောက်တွင် မုန်လာဥဝါတခုကို မြှားတစင်း ထုတ်ချင်းဖောက်ထားပုံ ရှိသည်။ အောက်၌ မူဆယာ [၂၆] ဟူသော အမည်ကို စာလုံးကြီးများဖြင့် ရေးထိုးထားသည်။

---

၂၆။ Musya

"ဟာ....သိပ်ခမ်းနားတာဘဲ"ဟု ရှူရစ်က ဆီရောဇာကို ပြောလိုက်သည်။ "အေး....ခမ်းနားလိုက်တာကွာ"ဟု သက်ပြင်းကလေးချ၍ ဆီရောဇာက ပြောလိုက်သည်။

အန်ကယ်ကြီးသည် ရေထဲဆင်းသွား၍ ရေငုပ်လိုက်ပြီးလျှင် ဆံပင်စိုစိုဖြင့် ပြန်ပေါ်လာသည်။ မျက်နှာမှာ ရွှင်ပြုံးလျက်။ ထို့နောက် အသက်ပြင်းပြင်းတချက် ရှူပြီးလျှင် ရေကို ဆန့်၍ ကူးခတ်သွားသည်။ သူငယ်ကလေးများသည် အန်ကယ်ကြီး၏ ဖမ်းစားခြင်းခံကြရသကဲ့သို့ သူ့နောက်သို့ ရေကူးလိုက်သွားကြသည်။

အန်ကယ်ကြီးသည် လွန်စွာရေးကူး ကျွမ်းကျင်သည်။ ကစားမြူးတူးနေသကဲ့သို့ ရေထဲ၌ သက်သက်သာသာပင် လှုပ်ရှားနိုင်၍ သူ့ကိုယ်ခန္ဓာကြီးကိုလည်း ပေါ့ပါးစွာ ဖော့ထားနိုင်သည်။ သူသည် တန်တားအထိ ရေကူးသွားပြီးနောက်၊ ပက်လက်လှန်၍ ရေစုန်မျှောချလာသည်။ ခြေကို အနည်းငယ်လှုပ်ရှားရုံဖြင့် သွားလိုရာသို့ ပဲ့ကိုင်၍သွားသည်။ သူ့ရင်ဘတ်ပေါ်မှ ရေသူမလည်း အသက်ရှင်လာသည့်အလား ရေအောက်တွင် လှုပ်ရှားလျက် ရှိလေသည်။

ထို့နောက် အန်ကယ်ကြီးသည် အနားယူရန် ကမ်းပေါ်သို့တက်လာသည်။ နှစ်သိမ့်မှု အပြည့်ပါသော အပြုံးဖြင့် အန်ကယ်ကြီးသည် သဲပေါ်တွင် ဝမ်းလျားမှောက်၊ လှဲချလိုက်ရာတွင် ကလေးများသည် သူ့ကျောပြင်ကြီးကို ဝိုင်းကြည့်ကြသည်။ လျှပ်စစ်ဓာတ်အားပြောင်းရုံတွင် ထားလေ့ရှိသော လူဦးခေါင်းခွံနှင့် ကြက်ခြေခတ်အရိုးနှစ်ချောင်းပုံ၊ လနှင့် ကြယ်များပုံ၊ တိမ်တောင်တိမ်လိပ်ပေါ်တွင် မျက်လုံးကို အဝတ်စည်း၊

အင်္ကျီရှည်ဝတ်ထားသော မိန်းမတဦး ဒူးကား၍ ထိုင်နေသော ပုံများကို ကျောပြင်တွင် တွေ့ကြရသည်။

ရှုရစ်သည် အရဲစွန့်၍ "ကြောပေါ်က အရုပ်တွေက ဘာရုပ်တွေလဲ" ဟု မေးလိုက်သည်။

အန်ကယ်ကြီးသည် ရယ်မောလိုက်ပြီးလျှင် ထထိုင်လိုက်၍ သဲများကို ကိုယ်ပေါ်မှ ပွတ်ချလိုက်သည်။

"ငါငယ်ငယ် မိုက်ခဲ့တုံးက အချိန်တွေကို သတိရအောင် လို့ပေါ့"ဟု ပြောပြသည်။"အော်....ငါတချိန်တုံးက တော်တော် မိုက်ခဲ့တာကွ....လူလေးတို့ရ။ ကြည့်လေ၊ ငါ့တကိုယ်လုံးအသုံး မကျတဲ့ ပုံတွေနှင့်အပြည့်ဆေးထိုးထားတယ်။ အခုတော့ ဖျက် မရတော့ဘူး။ တသက်လုံးစွဲတော့မယ်"

"ကိုယ်ပေါ် ရေးထားတဲ့ စာလုံးတွေကကော၊ ဘာတွေလဲ" ရှုရစ်က မေးပြန်သည်။

"ကိုယ်ပေါ်မှာ အဓိပ္ပါယ်မရှိ ဘာရေးထားထားကွာ၊ အရေးမကြီးပါဘူး။ အရေးကြီးတာက၊ လူတယောက်ရဲ့ စိတ် သဘောထားနှင့် သူ့အပြုအမူပါဘဲ၊ မဟုတ်ဘူးလားကွာ၊ ဗတ်စကာ"

"ဟုတ်ပါတယ်၊ ဦးလေး" ဟု ဗတ်စကာက ပြောသည်။

"ဒါနဲ့၊ ပင်လယ်ကကော၊ ပင်လယ်က ဘာနှင့်တူသလဲ" ဟု ဆီရောဇာက ဝင်မေးသည်။

"ပင်လယ်၊ ပင်လယ်.... ငါဘာပြောရမလဲ။ ပင်လယ်ဟာ ပင်လယ်ပေါ့။ အေး....ပင်လယ်ထက် လှပတာဘာမှ မရှိဘူး။ မင်းတို့ကိုယ်တိုင်မြင်မှ နားလည်မယ်"

"လေပြင်းမုန်တိုင်း ကျတဲ့အခါရော.... ကြောက်စရာကြီး လား" ဟု ရှုရစ်က မေးကြည့်သည်။

"လေပြင်းမုန်တိုင်းလဲ လှတာပဲ။ ပင်လယ်မှာဆို ဘာ ဖြစ်ဖြစ်လှတယ်" ဟု အန်ကယ်ကြီးက ပြန်ဖြေသည်။

လမ်းလျှောက်ရာမှ ပြန်လာပြီးနောက် အန်ကယ်ကြီး သည် ခေတ္တလဲလျောင်း၍ အနားယူနေသည်။ အန်ကယ် ကြီး၏ ဆေးမင်ကြောင်ရုပ်များအကြောင်းကို ပြောကြရန် ဗတ်စကာ တို့ လမ်းကြားတွင် သူငယ်ကလေးများ စုဝေး ရောက်လာ ကြသည်။

"မင်ကြောင်ထိုးတယ်ဆိုတာ ယမ်းမှုန့်နှင့် လုပ်တာ" ဟု ကလီနင်လမ်း[၂၇] မှ ကလေးတယောက်က ပြောပြသည်။ "ကိုယ် ပေါ်မှာ အရုပ်တွေဆွဲပြီး၊ ယမ်းမှုန့်နဲ့ ပွတ်ရတယ်၊ စာအုပ်ထဲမှာ ငါဖတ်ဖူးတယ်"

"ဒါပေမဲ့ ယမ်းမှုန့် ဘယ်ကရမလဲ" ဟု အခြားကလေး တယောက်က မေးလိုက်၏။

"ဆိုင်ကပေါ့"

"ရပါလိမ့်မလား။ ယမ်းမှုန့် မပြောနဲ့၊ အသက် ၁၆ နှစ် မပြည့်ရင်၊ စီကရက်တောင် မရောင်းဘူး"

"တောလိုက်မုဆိုးတွေဆီက တောင်းယူမှာပေါ့"

"ပေးပါလိမ့်မလား"

"ပေးရင်ကော"

"မပေးရင်ကော....ကိုင်း"

ထိုအချိန်တွင် တတိယ ကလေးတယောက်က ကြားဝင်၍ ပြောလိုက်သည်။

"ဟိုတုံးက၊ ယမ်းမှုန့်သုံးခဲ့ပေမဲ့။ ယခုပန်းချီဆွဲတဲ့မင်၊ ဒါမှမဟုတ် ရိုးရိုးမင်နှင့် မင်ကြောင်ထိုးတယ်ကွ"

---

၂၇။ Kalinin Street

ဆီရောဇာက သူတို့ပြောနေသည်ကို နားထောင်ရင်း၊ အညှုကျွန်းပေါ်မှ ဟိုနီလူလူကို စိတ်ကူး ကြည့်နေမိသည်။ အိုးပင်များ ဝေဝေဆာဆာနှင့်၊ နေရောင်ခြည်က မျက်စိစူး အောင်၊ တောက်ပလျက်.... ရွှေဝါရောင် စလွယ်သိုင်းတတ်၍ ဆွတ်ဆွတ်ဖြူအဝတ်အစားဆင်ယင်ထားသော မာလိန်မှူးများ သည် အိုးပင်များအောက်တွင် ခေါတ်ပုံအရိုက်ခံရန် ရပ်နေကြ လျက်.... 'တနေ့ငါလဲ သူတို့လို ခေါတ်ပုံအရိုက်ခံရစေ့မယ်' ဟု ဆီရောဇာ တွေးလိုက်သည်။

ယမ်းမှုန့်သုံးနိုင်သည်၊ မင်သုံးနိုင်သည်ဟု လူကလေးများ အငြင်းပွားနေကြသည်မှာ သူတို့၏ယုံကြည်ချက်အတိုင်း ဖြစ်ပေ သည်။ ဆီရောဇာလည်း ကမ္ဘာပေါ်တွင် မည်သည့်အရာမဆို သူ့အတွက် ဖြစ်နိုင်သည်၊ ယုံမှားသံသယ အနည်းငယ်မျှမရှိဘဲ၊ တထစ်ချယုံကြည်လျက် ရှိသည်။ မည်သည့်အခါမျှ မသေဟု ယုံကြည်သလို ဟိုနီလူလူတွင် မာလိန်မှူးတယောက် ဖြစ်လာ နိုင်သည်ဟု သူယုံကြည်သည်။ အဆုံးမရှိသော လူ့ဘဝတွင် သူသည် မမြင်ဘူးသည်မရှိရ၊ မလုပ်ဘူးသည် မရှိရအောင် အားလုံးစမ်းသပ်ကြည့်မည်။

နောက်တနေ့ နံက်တွင် ဗတ်စကာတို့ အိမ်တံခါး သော့ခတ် ထားသည်ကို တွေ့ရသည်။ သူတို့ဆွေမျိုးများရှိရာ ချကလော့ စုပေါင်းလယ်ယာ [၂၈] သို့ မနက်လင်းလျှင် လင်းခြင်း ထွက်သွား ကြသည်ဟု လီဒါက ပြောပြသည်။ ထိုခြံတွင် တနေကုန်နေခဲ့ ကြသည်။ နောက်တနေ့နံက်တွင် ဗတ်စကာ၏မိခင်သည် အိမ် တံခါးကို သော့ခတ်ရင်း ငိုယိုနေသည်။ ထို့နောက် မျက်ရည် စက်လက်ဖြင့် အလုပ်သို့ထွက်သွားသည်။ ဗတ်စကာသည် လွန်ခဲ့

၂၈။ Chaklov Collective Farm

သော ညက သူဦးလေးနှင့် လိုက်သွားလေပြီ။ အပြီးအပိုင် လိုက်သွားခြင်း ဖြစ်သည်။ သူဦးလေးက သူ့အား လူတလုံး သူတလုံးဖြစ်စေရန် ခေါ်သွားခြင်းဖြစ်၍ နာခီမော့ ရေတပ် ပညာသင်ကျောင်း တကျောင်း [၂၉] သို့ပို့ပေးမည် ဖြစ်သည်။ ဗတ်စကာအတွက် အံ့သြဖွယ် အခွင့်ကောင်းကြီး ရသွားပေပြီ။

ဗတ်စကာ၏ ခြံမှာမူ လူသူကင်း၍ ငြိမ်သက် တိတ်ဆိတ်နေပေပြီ။ အများပြည်သူပိုင် နယ်မြေကဲ့သို့ ဖြစ်နေပေပြီ။ တနေ့လုံးဝင်ထွက် ကစားနေနိုင်၍ မည်သူကမျှ မပြောဆို၊ မကြိမ်းမောင်း၊ မည်သူကမျှ မောင်းနှင် မထုတ်တော့ပေ။ ဥယျာဉ်ပိုင်ရှင်သည် ပျော်ရွှင်စရာကောင်း၍ အခွင့်အလမ်း သာယာသော လောကကြီးသို့ ထွက်ခွါသွားပြီမဟုတ်ပါလော။ ဆီရောဇာလည်း တနေ့တွင် ဤလောကကြီးသို့ သွားရောက်မည်မှာ အမှန်ဖြစ်ပေသည်။

[၂၉]။ Nakhimov Naval School

# ဗတ်စကာဦးလေးနှင့်
# သိက္ခမ်းလိုက်ရသော ကျေးဇူး

ကလီနင်လမ်းက လူငယ်တစုသည် သူတို့ကိုယ် သူတို့ ဆေးမင်ကြောင်ထိုးရန် စီစဉ်နေကြသည်။ ပြင်ဆင်မှုများကို စနစ်တကျ၊ သေသေသပ်သပ်၊ ပိပိစီးစီး ပြုလုပ်ပြီးကြပေပြီ။ အသေးစိတ် အကြောင်းအရာကို ရှူရစ်နှင့် ဆီရောဇာထံမှ တခုမကျန် မေးမြန်းထားကြသည်။ ဗတ်စကာဦးလေးကိုယ်ပေါ်မှာ မည်သည့်ရုပ်ပုံများရှိသည်။ မည်သည့် နေရာတွင်ရှိသည် စသဖြင့် အကုန်အစင် မေးထားပြီး ဖြစ်သည်။ ရှူရစ်နှင့် ဆီရောဇာ ပြောပြသည့်အတိုင်း အရုပ်ကားချပ်များကိုလည်း ဆွဲထားပြီးကြပေပြီ။

ယခုကဲ့သို့ အားလုံးပြင်ဆင်ပြီးမှ ရှူရစ်နှင့် ဆီရောဇာကို သူတို့လုပ်ငန်းတွင် မပါစေချင် ဖြစ်လာကြသည်။ "ကောင်လေးတွေပါလို့ မဖြစ်ဘူးကွ" ဟု သူတို့ ပြောနေကြသည်။ တိတ်တိတ်ခိုးသမားတွေ။ ကြည့်စမ်းပါဦး။ မတရားလိုက်ကြတာ လွန်ပါရော။ မည်သူကိုမျှ တိုင်ကြား၍လည်း မဖြစ်ပါ။ မည်သူကိုမျှ တစွန်းတစ၊ မပေါက်ကြား စေရပါဟု ကတိပေးထားပြီး ဖြစ်ပါသည်။



2:28 PM 77/113

ကလီနင် လမ်းမှ လူငယ်များသည် ခရီးဝေး လမ်းမှ ကလေးများ မသိစေရန် လျှို့ဝှက်အစီအစဉ်များ ပြုလုပ်ကြပါသည်။ သို့သော် ရှူရစ်ကိုမူ သူတို့ဖုံးကွယ်ထား၍ မရပါ။ ရှူရစ်သည် သူတို့ရေးဆွဲထားသော ရုပ်ပုံများကို မြင်ခဲ့ပြီး ဖြစ်သည်။ ယမ်းတောင့်လုပ် စက္ကူနှင့် သားရေတု စက္ကူများပေါ်တွင် သူတို့ရေးဆွဲထားသည့် ရုပ်ပုံများသည် ထူးဆန်းအံ့သြဖွယ်ကောင်းလှသည်။

"သူတို့ စိတ်ကူးနှင့် သူတို့ ဆွဲထားတဲ့ ပုံတွေလဲ ပါတယ်ကွ" ဟု ရှူရစ်က ဆီရောဇာကို ပြောပြသည်။ "လေယာဉ်ပျံပုံနှင့် ရေပန်း မှုတ်ထုတ်နေတဲ့ ဝေလငါးပုံလဲ ဆွဲထားတယ်။ စာတမ်းတွေလဲ အများကြီး ရေးထားတယ်။ စက္ကူချပ်ကို ကိုယ်ပေါ်မှာကပ်ပြီး အပ်နဲ့ထိုး ရုပ်ပုံ ဖော်မှာလေ....ဟန်ကျမယ်တော့ ထင်တာဘဲ"

"အပ်နှင့်ထိုးမှာ" ဟု ကြားရသည်တွင် ဆီရောဇာ တုန်လှုပ်သွားသည်။ သို့သော်လည်း ရှူရစ် အပ်ထိုးခံနိုင်လျှင် သူလည်း ခံနိုင်ရည်ရှိရပေမည်။ ထို့ကြောင့် "အေး....ဟန်ကျပါလိမ့်မယ်" ဟု ဂရုမစိုက် ဟန်ဖြင့် ခတ် အေး အေး ပင် ပြန်ပြောလိုက်သည်။

သို့ရာတွင် ကလီနင်လမ်းမှ လူငယ်များသည် ရှူရစ်နှင့် ဆီရောဇာတို့ကို ဝေလငါးရုပ်ပုံ ထိုးပေးရန် မပြောနှင့်၊ ရိုးရိုးစာတမ်း အသေးကလေးကိုပင် ထိုးမပေးနိုင်ဟုငြင်းဆန်နေကြသည်။ ရှူရစ်သည် သူတို့ကို တယောက်ပြီးတယောက် အကျိုးအကြောင်း ပြောပြ၍ တိုးလျှိုး တောင်းပန်သည်။ သို့သော် အကြောင်းမထူးချေ။ "ဒို လာမရှုပ်စမ်းနဲ့၊ မင်းတို့လို ကောင်လေးတွေနဲ့ မဖြစ်ပါဘူး၊ သွားကြ" ဟု ပြော၍

သူတို့နှစ်ယောက်အား မောင်းနှင်ထုတ် နေကြသည်။ ဤသို့ အခြေအနေ လွန်စွာ ဆိုးဝါးနေချိန်တွင် အာရဆင်တီ[၃၀] ကို သူတို့ဖက်ပါအောင် ရှူရစ်က ဆွဲဆောင်နိုင်လိုက်သည်။

အာရဆင်တီသည် မိဖတိုင်းက စံပြအဖြစ် ပြသခြင်းခံ ရသည့် လူငယ်တယောက် ဖြစ်သည်။ စာ အလွန်ကြိုးစား၍ စာမေးပွဲတွင် အစဉ် ပထမ စွဲသည်။ သန့်သန့် ရှင်းရှင်း၊ သေသေသပ်သပ် နေတတ်သဖြင့် လေးစားခံရသည်။ အရေး ကြီးဆုံး အချက်မှာမူ သူ့တွင် မျှတသော စိတ်ထားရှိခြင်း ဖြစ်ပါသည်။

ရယ်ရယ်မောမော အနည်းငယ်ပြောပြီးနောက်၊ အာရ ဆင်တီက "ဒါတော့ကွာ သူတို့လဲ နည်းနည်းတော့ အကျိုး ခံစားထိုက်ပါတယ်။ သူတို့ကို စာတလုံးစီ တိုးပေးရအောင် ကွာ။ နာမည်အစ အက္ခရာပေါ့"ဟု ပြောပေးသည်။

မီးခိုးများနှင့် လှောင်နေသော ရေချိုးဆောင်ကလေး တွင် ခေါင်မိုးအောက်ကပ်၍ မှုံမွှားမွှား ပူတင်းပေါက်တခု ရှိသည်။ အဝင်ဝ တံခါး၏ အတွင်းဖက်၌ ကျယ်ပြန့်၍ နိမ့် သော သစ်သားတုံးတတုံး ရှိသည်။ အရုပ်ကားချပ် များကို လိပ်၍ ခုံရှည်တခုတွင် တင်ထားသည်။ လူငယ်များ ရောက် လာကြသောအခါ အရုပ်ကားချပ်များကို ကောက်ယူကြည့်ရှု ကြသည်။ ပျော်ပျော်ပါးပါး၊ ငြင်းကြ၊ ခုံကြ၊ အော်ဟစ် ကြ၍ မိမိကြိုက်နှစ်သက်ရာ ရုပ်ပုံများကို ရွေးချယ်ကြသည်။ ရုပ်ပုံများကို သူကြိုက်၊ ကိုယ်ကြိုက်၊ လုယက် စကားများနေ ရန် မလိုပါ။ ရုပ်ပုံတခုကို ဘယ်နှစ်ယောက်အတွက်မဆို အသုံး ပြုနိုင်ပါသည်။ ရှူရစ်နှင့် ဆီရောဇာတို့သည် ရုပ်ပုံများကို

၃၀။ Arsenti

ခပ်လှမ်းလှမ်းမှသာ ကြည့်၍ ချီးမွမ်းကြရပါသည်။ လက်ဖြင့် ကိုင်တွယ်၍ မကြည့်ဝံ့ကြပါ။ အခြား လူကလေးများသည် သူတို့ထက် များစွာ ကြီးထွားသန်းမာ၍ အနိုင် ကျင့်လိုကြသည်မဟုတ်ပါလား။

အာရဆင်တီသည် ကျောင်းမှ တိုက်ရိုက်လာခဲ့ပါသည်။ တနေ့လုံး ကျောင်းချိန် ခြောက်ချိန် တက်ခဲ့ရ၍ ကျောင်းလွယ်အိတ်ပင် ထားခဲ့ချိန်မရပါ။ သူ့တွင် စာစီစာကုံးနှင့် ပထဝီသင်ခန်းစာ တပုံတခေါင်း အိမ်စာ အဖြစ် ပါလာ၍၊ သူ့အား အလျင်ဆုံး ဆေးထိုးပေးရန် ပြောသည်။ သူ၏ လုံ့လဝီရိယကို ခြီးကျူး လေးစားသော အားဖြင့် ကျန်လူများက သဘောတူကြပါသည်။ အာရဆင်တီသည် သူ၏ ကျောင်းလွယ်အိတ်ကို ခုံရှည်ပေါ်တွင် တင်ထားလိုက်သည်။ ထို့နောက် ရည်မောရင်း ရှပ်အင်္ကျီကို ချွတ်ပြီးလျှင် တံခါးဝ ကြောပေး၍ ခုံရှည်တွင် ထိုင်လိုက်သည်။

ကလေးကြီးများသည် အာရဆင်တီကို အားလုံးဝိုင်းရံလျက် နေရာယူလိုက်ကြ၍ ဆီရောဇာနှင့် ရှူရစ်တို့ကို အပြင်ဖက်သို့ တွန်းထုတ်လိုက် ကြသည်။ သူတို့ နှစ်ယောက်သည် အပြင်မှ ခုန်၍ ကြည့်ကြသော်လည်း ဘာမျှ မမြင်ရပေ။ အတွင်း၌ စကားပြော ရပ်သွားပြီး စက္ကူချပ် များ၏ တဖြောက်ဖြောက် တချွတ်ချွတ် မည်သံကိုသာ ကြားရသည်။

တိတ်ဆိတ်မှုသည် အချိန်ကြာမြင့်သွားခဲ့ချေပြီ။အတွင်း၌ မည်သို့ ဖြစ်ပျက်နေသည်ကို မသိရသဖြင့် စိတ်တထင့်ထင့် ဖြစ်နေရသည်။ ဆီရောဇာသည် စောင့်ဆိုင်းရသည်ကို ပျင်းလာသည်၊ ငြီးငွေ့လာသည်။ ထို့ကြောင့် နှံ့ကောင်တကောင်

ကို လိုက်ဖမ်းသည်။ ထို့နောက် ဗာလေးရီ[၁၁]၏ ခြံဝင်းဖက်ကို တစေ့တစောင်း ကြည့်နေလိုက်သည်။

နောက်ဆုံးတွင် လူငယ်ခတ်ကြီးကြီးတို့ စကားစပြောလာကြ၍ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ လူအုပ်ကွဲသွားပြီးနောက် အာရဆင်တီ အပြင်ထွက်လာသည်။ အလိုလေး။ မမှတ်မိနိုင်အောင် ရုပ်ပျက် ဆင်းပျက် ဖြစ်လာပါကလား။ လည်ပင်းမှ ခါးအထိ ခရမ်းရောင် ပြေးနေပါသည်။ ရင်ဘတ်နှင့် ကျောပြင်မှ အသားသည် မဖြူတော့ပါ။ ခါးတွင် ပတ်ထားသော မျက်နှာသုတ်ပုဝါတွင် မင်များ သွေးများ စွန်းပေနေပါသည်။ မျက်နှာလည်း သွေးမရှိ သကဲ့သို့ ဖြူပတ်ဖြူလျော် ဖြစ်နေပါသည်။ သို့သော် သတ္တိကောင်း၊ သူရဲကောင်း အာရဆင်တီကမူ အပြုံးမပျက်ပါ။

"နောက်တလှည့် ကောင် လေး တွေ ထိုး ပေး ရ အောင်လား၊ မဟုတ်ရင် စကားများကုန်ကြမယ်။ ဘယ့်နှယ်လဲ"ဟု တယောက်က ပြောလိုက်သည်။

"ဟေ့ကောင်လေးတွေ၊ ဘယ်ရောက်ကုန်ပြီလဲ"ဟုရေချိုးဆောင်မှ ထွက်လာကာ ဗာလေးရီက ခေါ်လိုက်သည်။ သူ့လက်များမှာ ခရမ်းရောင်ဖြစ်လျက် "မင်းတို့ စိတ်မပြောင်းသေးဘူးမဟုတ်လား။ ကဲ....လာ၊ ဒါဖြင့် မြန်မြန်"

စိတ်ပြောင်းသွားပါပြီဟု မည်ကဲ့သို့ ပြော၍ ဖြစ်မည်နည်း။ သွေးများ၊ မင်များ ပေကျံနေသော အာရဆင်တီက ပြုံးပြီး ကြည့်နေစဉ် မည်ကဲ့သို့ ပြောဝံ့ပါတော့မည်နည်း။

"စာတလုံးထိုးတာ၊ ကြာမှာ မဟုတ်ပါဘူးလေ" ဟု ဆီရောဇာ တွေးမိသည်။

[၁၁]။ Valeri

လူရှင်းလျက် ရှိသော ရေချိုးဆောင်အတွင်းသို့ ရှုရစ် နောက်မှကပ်၍ လိုက်သွားသည်။ ဗာလေးရီသည် ခုံရှည်ကြီး ပေါ်တွင် ထိုင်ချလိုက်သည်။

"မျက်နှာသုတ်ပုဝါ လိုအုံးမလား"ဟုရှုရစ်ကမေးသည်။

"မလိုပါဘူးကွာ၊ ရပါတယ်၊ မင်းလက်မောင်းမှာ ထိုး မှာဘဲ"ဟု ဗာလေးရီက ပြန်ပြောသည်။ သူသည် ရှုရစ် လက်ကို ကိုင်၍ တတောင်ဆစ်အောက်နားတွင် အပ်ကိုထိုး စိုက်လိုက်ရာ....

"အမလေး...."

"အမလေး အော်ရင်တော့ ထိုးမပေးဘူးဟေ့သွားတော့" ဟု ပြောပြောဆိုဆို ဗာလေးရီက အပ်တချက် စိုက်လိုက်ပြန် သည်။ "ဆေးထွင်ပေးနေတယ်လို့ အောင်းမေ့ထားလိုက်ပေါ့ကွ။ အဲဒီလိုဆို နာမှန်း သိမှာမဟုတ်ဘူး" ဟု ဗာလေးရီက အား ပေးစကား ပြောသည်။

"အလို....ရှုရစ် သတ္တိ ကောင်းလှချေလား"ဟု သွေး ပျက်နေသော ဆီရောဇာက တွေးမိသည်။ "အသံ တချက်မှ မထွက်ဘူး။ ငါလဲ မအော်ပါဘူး။ အို....အို ထွက်ပြေးလို့လဲ မဖြစ်ဘူး၊ သူတို့ ငါ့ကို ဝိုင်းရယ်ကြလိမ့်မယ်။ ရှုရစ်ကလဲ ငါ့ကို သတ္တိကြောင်တယ်ဆိုပြီး လှောင်နေမယ်"

ဗာလေးရီသည် ခုံပေါ်မှ မင်အိုးတလုံး ယူလိုက်၍ စုတ် တံတချောင်းကို နှစ်လိုက်ပြီးလျှင် သွေးစို့နေသော နေရာတ လျှောက် မင်သုတ်ပေးလိုက်သည်။

"ကဲ....ပြီးပြီ၊ နောက်တယောက်" ဆီရောဇာ ချီတက် သွားသည်။ ထိုနောက် သူ၏လက်မောင်းကို ဆန့်တန်းပေး လိုက်သည်။



2:27 PM 82/113

ထိုအဖြစ်အပျက်သည် ကျောင်းများ စတင် ဖွင့်စ၊ နွေရာသီကုန်ဆုံးချိန်က ဖြစ်ခဲ့သည်။ နေ့များသည် ပူနွေး၍ နေရောင်ခြည်ဖြင့် ရွှေရောင် ဝင်းထိန်လျက် ရှိသည်။ ယခုမူ ဆောင်းကူး ရာသီရောက်လာပြီဖြစ်၍ ပြင်ပ၌ မိုးကောင်းကင် တခွင်လုံး၊ ညိုမှိုင်းညစ်ပုပ်နေသည်။ အန်တီပါရှာသည် ဆား ခွက်များနှင့်၊ ဝါဂွမ်းဖတ်များကို ပြူတင်းပေါက် မှန်နှစ်ထပ် ကြားတွင် ထည့်ထားသည်။ မှန်များ ရေခိုး ရေငွေ့မရိုက်မိစေ ရန် စီမံထားခြင်း ဖြစ်ပေသည်။ ထို့နောက် ဆောင်းတွင်းလေ မတိုးနိုင်ရန် မှန်အက်ကွဲကြောင်းများပေါ်တွင် စက္ကူစများကို ကပ်နေသည်။

ဆီရေဇာသည် အိပ်ရာတွင် လဲနေသည်။ အိပ်ရာဘေးတွင် ကုလားထိုင် နှစ်လုံးရှိရာ၊ ကုလားထိုင် တလုံးပေါ်တွင် ကစားစရာများ စုပုံလျက်ရှိသည်။ ကျန်တလုံး ပေါ်တွင် ဆီရေဇာကစားသည်။ သို့သော် ကုလားထိုင်ပေါ်တွင် ကစားရသည်မှာ မလွယ်ကူလှပါ။ တင့်ကားများ ကောင်းစွာ လှည့်၍မရပါ။ ရန်သူများ နောက်ဆုတ်သွားရန် နေရာလည်း မရှိပါ။ ကုလားထိုင်ကျောဖက်အထိသာ ဆုတ်ခွါ ပေးနိုင်ပါသည်။ ဒီထက်ပို၍ မဆုတ်ပေးနိုင်သဖြင့် စစ်ပွဲပြီးလိုက်ရပါသည်။

ဘယ်လက်ကို ညာလက်ဖြင့် ဖေးပြီး ဗာလေးရီ၏ ရေချိုး ဆောင်မှ ဆီရေဇာ ထွက်လာကတည်းက နေထိုင်မကောင်း ဖြစ်လာခဲ့သည်။ သူ၏လက်မှာ ဖူးရောင်၍ ပူလောင်နေသည်။ မင်များ ပေကျံနေသည်။ အလင်းသို့ ထွက်လာသောအခါ မျက်စိရှေ့တွင် မဲမဲအဝိုင်းများ ပြန့်လွင့်နေသည်။

ထဦးတယောက် သောက်နေသည့် စီကရက်အနံ့ကြောင့် အော့အံလိုက်သည်။ ပတ်တီးစီးထားသော လက်ကနာကျင်



2:27 PM 83/113

ပူလောင်လှသဖြင့် မြက်ခင်းတွင် လှဲနေလိုက်ရသည်။ ရှူးရစ်နှင့် သူငယ်ကလေးတယောက်က သူ့ကို အိမ်အရောက် လိုက်ပို့ပေးသည်။ အင်္ကျီလက်ရှည်ဝတ်ထားသောကြောင့် အန်တီပါရှာက သူ၏ အခြေအနေကို သတိမပြုမိပေ။ သူသည် စကားတခွန်းမျှ မပြောဘဲ အိမ်ထဲသို့ ဝင်သွားပြီး၊ အိပ်ရာပေါ်တွင် လှဲနေလိုက်သည်။

မကြာမီ ဆီရေဇာ အော့အံ၍ အဖျားတက်လာသည်။ အန်တီပါရှာသည် အထိတ်တလန့်ဖြင့် မေမေ့ ကျောင်းသို့ တယ်လီဖုန်းဆက် အကြောင်းကြား လိုက်ရာ၊ မေမေသည် ဆရာဝန်ကိုခေါ်၍ အိမ်သို့အမြန်ပြန်လာခဲ့သည်။

ဆီရေဇာ၏ အဝတ်အစားများကို ချွတ်၍၊ လက်မှ ပတ်တီးကို ဖြေကြည့်ကြရာတွင် အံ့အားသင့် သွားကြသည်။ ဆီရေဇာကို အကျိုး အကြောင်း မေးမြန်း ကြသော်လည်း ဆီရေဇာအဖြေမပေးနိုင်၊ ကရောင်ချောက်ချား ဖြစ်နေသည်။ ကြောက်မက်ဖွယ်ရာ အိပ်မက်များ မြင်နေသည်။ စွတ်ကျယ် လက်တိုအနီ ဝတ်ထားသော ကြီးမားသည့် အကောင်ကြီး၊ သူ၏ လက်မောင်းများလည်း နီရဲရဲနှင့် မင်နှံ့က တထောင်းထောင်း။ သစ်သားစင်းတုံးကြီးပေါ်တွင် အမဲသတ်သမားသည် အသားများကို ခုတ်ထစ်လျက်ရှိသည်။ သူ့ပတ်လည်တွင် ကလေးများသည် ဆဲ၊ ဆို၊ ဆူညံလျက်၊ အားလုံး သွေးပေစွန်းလျက်....

ဆီရေဇာသည် သူမြင်သမျှကို ပြောပြနေသည်။ ဘာပြောနေမှန်း သူမသိချေ။ သူ၏သွေးရူး သွေးတန်းပြောပြချက်များမှ သူဘာဖြစ်လာခဲ့သည်ကို လူကြီးများအားလုံး သိသွားတော့သည်။

# ငြိုးငွေ့ဖွယ်ကောင်းသော လောက

ဆီရောဇာသည် နောက်တကြိမ် နေထိုင်မကောင်း ဖြစ်ပြန်သည်။ အကြောင်းမဲ့သက်သက် နေရင်းထိုင်ရင်း လည်ချောင်းနာရောဂါဖြစ်လာသည်။ ဆရာဝန်က "အကြိတ်ရောင်တာ" ဟု ပြောပြီး ငါးကြီးဆီနှင့် အနာအုံဆေးပေး၍၊ သူ့အား တမျိုးတဖုံ ညှင်းပန်းနှိပ်စက်ပြန်ပါသည်။ သူ၏ ကိုယ်အပူချိန်ကိုလည်း ပြဒါးတိုင်ဖြင့် တိုင်းယူစေပါသည်။

အိပ်ရာထဲ လှဲမနေရ၍ တော်ပါသေးသည်။ အဖျားမရှိ၊ မိုးမရွာဆိုလျှင် အပြင်သို့ပင် ထွက်ခွင့်ပြုပါသည်။ သို့ရာတွင် ဤအခွင့်အရေးမျိုး ကြုံခဲပါသည်။ ဖျားလျှင်ဖျား၊ မဖျားလျှင် မိုးရွာနေသည်သာ များပါသည်။

ရေဒီယိုကို ဖွင့်ပေးထားသော်လည်း အသံလွှင့်အစီအစဉ်တိုင်းကို ဆီရောဇာမနှစ်သက်ပါ။ နှစ်သက်ဖို့ ဝေးလှပါသေးသည်။

ထို့အပြင် လူကြီးများသည် လွန်စွာအပျင်းထူကြပါသည်။ စာဖတ်ပြစမ်းပါ၊ ပုံပြောစမ်းပါဟု ခိုင်းလျှင် အလုပ်များသေးသည်ဟု ပြောတတ်ကြပါသည်။ အန်တီပါရှာ ထမင်းချက်နေ



2:27 PM 85/113

သည်ဆိုလျှင် လက်ကသာလျှင် မအားမလပ် ဖြစ်ပါသည်။ ပါးစပ်က အားလပ်နေသဖြင့် ပုံကလေးတပုံ လောက်တော့ ပြောပြရန် သင့်ပါသည်။

မေမေ ဆိုလျှင်လည်း ကြည့်ပါဦး၊ ကျောင်းသွားနေလို့၊ လျော်ညာ အနီးလဲပေးနေရလို့၊ ကျောင်းစာအုပ်တွေအမှားပြင်နေရလို့ဆိုလျှင် ထားပါတော့။ ယခုမူ မှန်ရှေ့မှာ ရပ်ပြီး၊ ဆံပင်ကို ဆံညှပ်နှင့် ဟိုဖက်ကညှပ်၊ ဒီဖက်ကညှပ်၊ မှန်ထဲကြည့်၊ ပြုံးလုပ်နေပါသည်။ ဤသည်ကို အလုပ်များသည်ဟု ခေါ်မည်လား။

"မေမေ....ပုံတပုံလောက် ဖတ်ပြစမ်းပါ"ဟု ဆီရောဇာက အသနားခံသည်။

"ခဏနေပါအုံးသားရယ်၊ မေမေအလုပ်များနေတယ်"ဟု ပြန်ပြောပါသည်။

ဖွတ်မြီးထိုးထားသည့် ဆံပင်ကို ကြည့်၍ ဆီရောဇာက "ဘာလို့အားလုံး ပြန်ဖြတ်တာလဲ" ဟု မေးလိုက်သည်။

"တမျိုးပြင်ကြည့်မလို့"

"ဘာပြုလို့လဲ"

"အကြောင်းထူးမရှိပါဘူး"

"အဲဒီလို မေမေဘာပြုလို့ ပြုံးနေတာလဲ"

"အကြောင်းထူးမရှိပါဘူး"

"ဘာပြုလို့ အကြောင်းထူးမရှိတာလဲ"

"အို....ဆီရောဇာ၊ အမေးအမြန်းထူလိုက်တာ၊ စိတ်ရှုပ်လာရော"

မေမေဘာပြုလို့ စိတ်ရှုပ်ရပါလိမ့်ဟု ဆီရောဇာ အံ့သြ

နေသည်။ ခဏကြာ စဉ်းစားပြီးနောက် "ဒါပေမဲ့ ပုံဖတ်ပြစမ်းပါ....မေမေ" ဟု ပြောပြန်သည်။

"ညနေထိအောင်စောင့်၊ ညနေပြန်လာတော့ ဖတ်ပြမယ်" ဟု ပြောသွားပါသည်။

သို့သော် ညနေပြန်လာသောအခါတွင်လည်း၊ လျော်ညာကို နှိုတိုက်၊ ကော်ရက်စကျီလက်နှင့် စကားပြော၊ ကျောင်းစာအုပ်များ ပြင်ပေးနှင့် အလုပ်များနေပါသည်။ ပုံဖတ်၍ မပြပါ။

နေမကောင်း သည်ထက်၊ ပျင်းရိ ငြီးငွေ့မှုကြောင့် ဆီရော့ဇာ မရွှင်မလန်း ဖြစ်နေရပေသည်။ ညှိုးနွမ်း၊ လေးကန်၊ ထိုင်းမှိုင်းနေသည်။ အရာရာတွင် စိတ်မော၊ စိတ်တိုနေသည်။

ဆီရော့ဇာသည် ထမင်းစားခန်းတွင် ကုလားထိုင်တလုံးပေါ် တက်၍ ခေါက်မီးခလုပ်ကို ဖွင့်သည်။ ငါးဖန်အိမ်တွင် ငါးများသည် ဟိုမှ၊ သည်မှရေကူးရင်း၊ မျက်လုံးပြူးပြူးနှင့် ကြောင်တောင်တောင် စိုက်ကြည့်နေကြသည်။ ဆီရော့ဇာ အရိပ်သည် သူတို့အပေါ် ကျသွားသောအခါ၊ ရေပေါ်သို့ ပေါ်လာ၍အစာကျွေးမည် ထင်မှတ်ပြီး ပါးစပ်ဟပေးကြသည်။

"သူတို့အဆီသူတို့စားကြသလားမသိ" ဟု ဆီရော့ဇာတွေးကြည့်မိသည်။ ထို့နောက် ငါးကြီးဆီပုလင်းမှ ဖေါ့ပိတ်ကိုဖွင့်၍ ငါးဖန်အိမ်ထဲသို့ ငါးကြီးဆီ တစက် နှစ်စက် ချကြည့်သည်။ ငါးများသည် အမြီးမတ်၍ ပါးစပ် ဖွင့်ထားကြ သော်လည်း ငါးကြီးဆီကို မျိုမချပါ။ ဆီရော့ဇာက နောက်ထပ် အစက် အနည်းငယ် ချကြည့်ပြန်သည်။ ငါးများသည် ရေကူး၍ ထွက်ပြေးသွားကြတော့သည်။

"သူတို့ ငါးကြီးဆီ မကြိုက်ပါလား" ဟု တွေးတောရင်း ဆီရောဇာသည် ငါးများတွင်စိတ်ဝင်စားမှုလျော့ပါးသွားသည်။

ကော်ရက်စကျီလက်သည် အိမ်ပြန်နောက်ကျတတ်သည်။ ပြန်ရောက် လျှင်လည်း လူတိုင်းနှင့် အလုပ် များနေရသည်။ ဆီရောဇာကို စကားစမြည်ပြောတော့မည်၊ စာဖတ် ပြတော့မည်ဆိုလျှင် တယ်လီဖုန်းလာပါချေပြီ။ မေမေကလည်း ခဏ ခဏ နှောက်ရှက်တတ်ပါသည်။ ပြောစရာတခုခု အစဉ် ရှိနေပါသည်။ သူများပြောဆိုနေကြသည်ကို ပြီးအောင် မစောင့်နိုင်၊ဝင်ပြောပါသည်။

လျှောညာကလည်း မအိပ်မီ အော်ပါချေပြီ။ ငိုပါချေပြီ။ မေမေက ကော်ရက်စကျီလက်ကို ခေါ် ရပါပြီ။ မည်သူမျှ ချော့ မော့၍မရပါ။ လျှောညာကို ကော်ရက်စကျီလက်ကသာအခန်းတွင်း ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း တေးညည်း၍ သိပ်ရပါသည်။ ထိုအခါ ဆီရောဇာလည်း အိပ်ငိုက်လာပါပြီ။ ကော်ရက်စကျီလက်နှင့် ပြောလတ်စ စကားကို ဖြတ်လိုက်ရ၍ မည်သည့်အခါမှ ဆက်နိုင်ကြမည်မသိရပါ။

စိတ်လက် ပျော်ရွှင်ရသည့် ညနေချမ်းများ ရှိတတ်သော်လည်း တခါတရံမျှသာ ဖြစ်ပါသည်။ မကြာခဏ မဟုတ်ပါ။ လျှောညာစောစောအိပ်၍ မေမေက ကျောင်းစာအုပ်များပြင်နေသည့် အခါများဖြစ်ပါသည်။ ထိုအခါများတွင် ကော်ရက်စကျီလက်က ဆီရောဇာကို အိပ်ရာတွင် သိပ်ပြီး ပုံပြောပြတတ်ပါသည်။

ပထမတွင် ကော်ရက်စကျီလက်သည် ပုံပြော အလွန်ညံ့ပါသည်။ လုံးဝမပြောတတ်ပါ။ သို့သော် ဆီရောဇာက သူ့ကို ထောက်ပေးပါသည်။ ပြောပုံ ပြောနည်းကို သင်ပေးပါသည်။

ယခုမူ ကော်ရက်စကျီလက်သည် စိတ်အေးအေးနှင့် ပိုင်ပိုင်နိုင်နိုင် ပုံပြင်များစ၍ ပြောတတ်ပါပြီ။

"ရှေးရှေးတုံးကတဲ့ ဘုရင်ကြီးတပါးနဲ့ မိဖုရားကြီး တပါး ရှိတယ်တဲ့။ သူတို့မှာ အလွန် လှပချောမွေ့တဲ့ သမီးလေး တပါး....မင်းသမီးကလေး...."

ဤသို့ ပြောနေရာမှ မှားသွားလျှင် ဆီရေဇာက ပြင်ပေးသည်။ ထို့နောက် ပုံပြင်နားထောင်ရင်း အိပ်ပျော်သွားတတ်သည်။

ဤကဲ့သို့ ငြိမ်းငွေ့ဖွယ်ကောင်းလှသော ရက်ပိုင်းများ အတွင်းက သူ၌ ဘာမျှလုပ်ကိုင်စရာမရှိ၊ ခွန်အားကလည်း ချည့်နဲ့နေ၍ သူများကိုကျီစားရုံ နောက်ပြောင်ရုံသာ လုပ်နိုင်ခဲ့သည်။ ထိုအချိန်က ကော်ရက်စကျီလက်၏ ကျန်းမာလန်းဆန်းသော မျက်နှာ၊ သန်မာသောလက်များနှင့် ယောကျ်ား ပီသသော အသံတို့ကို ဆီရေဇာပို့မို စွဲလန်း လာခဲ့သည်။ ကော်ရက်စကျီလက်သည် မေမေနှင့် လျောညာကိုသာ ချစ်မြတ်နိုးသည်မဟုတ်။ သူ့ကိုလည်း ဂရုတစိုက်ရှိသည်။ ချစ်သည်ဆိုသည်အသိနှင့် ရှင်လန်း ဝမ်းမြောက်စွာ အိပ်ပျော် သွားတတ်သည်။

# ဟိုလမိုဂေါ်ရီ

ကော်ရက်စကျီလက် နှင့် မေမေတို့ စကား ပြောတိုင်း ဟိုလမိုဂေါ်ရီဆိုသော စကားလုံးများ ထည့်ပြော ကြသည်ကို ဆီရောဇာ သတိပြုမိလာသည်။

ဟိုလမိုဂေါ်ရီသည် အတော်မြင့်မားသည့်အရပ်ဒေသဖြစ်ပေမည်။ရုပ်ပုံတွေထဲကအတိုင်း တောင်ကုန်းများ၊ တောင်တန်းများ ရှိပေမည်။ လူများသည် တတောင်ဆင်း တတောင်တက် ပြုလုပ်ကြရမည်။ စာသင်ကျောင်းက တောင်တလုံး ပေါ်မှာ ရှိမည်။ ကလေးများသည် တောင်ကုန်းများပေါ်မှ စွပ်ဖားလှည်းများဖြင့် လျှောဆင်းကြပေမည်။

ဤပုံများကို ဆီရောဇာသည် စိတ်ကူး၍ ခဲတန် နီဖြင့် ဆွဲခဲ့သည်။ ပုံဆွဲစဉ် နှုတ်မှလည်း ဟိုလမိုဂေါ်ရီ၊ဟိုလမိုဂေါ်ရီ၊ ဟု ဦးခေါင်းတွင် အလိုအလျောက် ပေါ်လာသည့် တီးလုံး အလိုက် ညည်းနေသည်။

အဝတ်ထည့် ဘီရိုကြီး ယူမည်ဟု ပြောနေကြ သည်ကို ထောက်လျှင် ဟိုလမိုဂေါ်ရီတွင် သွားနေကြတော့မည် ထင်သည်။ ဒီလိုဆိုလျှင် သိပ်ဟန်ကျမည်။ အနိပ်ဆုံးဘဲပေါ့။

ဇင်ကာတို့သွားကြပြီ။ ဗတ်စကာလည်း သွားပြီ။ ယခု သူတို့လည်း သွားကြတော့မည်။ တနေရာထဲမှာ မပြောင်းမရွှေ့ နေတာမဟုတ်၊ အခြားနေရာသို့ သွားကြမည်ဖြစ်၍သူတို့လည်း အများနည်းတူ အရေးပါအရာရောက်သောသူများဖြစ်ပါသည်။

"ဟိုလမိုဂေါ်ရီဆိုတာ အဝေးကြီးလား" ဟု ဆီရောဇာက အန်တီပါရှာကို မေးကြည့်သည်။

"အေး....အဝေးကြီး သိပ်ကိုဝေးတာ" ဟု အန်တီက ပင့်သက်တချက်ရှူ၍ ပြောပြသည်။

"ကျွန်တော်တို့ အဲဒီသွားနေကြမှာလား"

"ဟေ....မပြောတတ်ပါဘူး ဆီရောဇာရယ်။ မင်းတို့ အစီအစဉ်တွေ အန်တီအကုန်မသိပါဘူး"။

"မီးရထားနဲ့ သွားရတာလား"

"အေး....မီးရထားနဲ့"

"ကျွန်တော်တို့ ဟိုလမိုဂေါ်ရီကို သွားကြမှာလား" ဟု ဆီရောဇာက မေမေနှင့် ကော်ရက်စကျီလက်တို့ကိုလှမ်းမေး လိုက်သည်။ ဤကိစ္စကို သူတို့ကိုယ်တိုင် ဆီရောဇာကို ပြောပြ သင့်ကြသော်လည်း ပြောရန် မေ့နေခဲ့ကြဟန်တူသည်။ သူတို့ သည် အချင်းချင်း ကြည့်လိုက်ကြပြီး ဘေးသို့ မျက်နှာ လွှဲ လိုက်ကြသည်။ ဆီရောဇာသည် သူတို့နှင့် မျက်လုံးချင်းဆိုင် ရန် လိုက်ကြည့်သော်လည်း မရပေ။

"ကျွန်တော်တို့ သွားကြမှာလား မသွားဘူးလား" ဟု ဆီရောဇာက ဇွတ်အတင်း မေးပြန်သည်။ သူမေးမြန်းသည်ကို မဖြေကြားကြသည့်အတွက် စဉ်းစားရခက်နေသည်။

ထိုအခါ မေမေသည် အသံကို ဂရုတစိုက်ထိန်း၍ "ဖေဖေ အဲဒီကို အလုပ်ပြောင်းရမှာ" ဟု ပြောသည်။



2:27 PM 91/113

"ကျွန်တော်တို့လဲ လိုက်ကြမှာလား" ဆီရေဇာ သည် ရှင်းရှင်းမေးလိုက်ပြီး မေမေထံမှ ရှင်းရှင်း အဖြေရရန် မျှော် ဆိုင်းနေသည်။ သို့သော်လည်း မေမေသည် အဖြေကို ရှင်းရှင်း မပေးလိုဘဲ ထုံးစံအတိုင်း ဝေ့လည်ကြောင်ပတ် မဟာမပြောပါ တော့သည်။

"သူ့တယောက်ထဲ လွှတ်လိုက်လို့ ဘယ်ဖြစ်မလဲ။ တယောက် ထဲ ဘယ်သူမှမရှိဆို ခက်နေမှာပေါ့။ အလုပ်က အိမ်ပြန်လာလို့ မှလဲ အိမ်မှာတယောက်မှမတွေ့ရ၊ အိမ်တခုလုံးကလဲ ရှုပ်ပွနေ မယ်မဟုတ်လား။....ထမင်းချက်ကျွေးမဲ့ လူလဲမရှိ၊ စကားပြော မဲ့လူလဲမရှိ....ဖေဖေခမြာ စိတ်ညစ်နေမှာပေါ့"။ ထိုသို့ ရှည်ရှည် လျားလျားပြောပြီးမှ နောက်ဆုံးတွင် အဖြေ ထွက်ပေါ် လာ ပါသည်။

"ဒါကြောင့် မေမေလိုက်သွားရမယ်"

"ကျွန်တော်ကော"

အဘယ်ကြောင့်ကော်ရက်စကျီလက်သည် မျက်နှာကြက် ကိုသာ မော့ကြည့်နေသနည်း။ မေမေကလည်း သူ့ကျောကို သာ ပွတ်သတ်ပေးကာ အဘယ်ကြောင့် အချိန် အကြာကြီး စကားမပြောဘဲ နေနေသနည်း။

ဆီရေဇာသည် အထိတ်တလန့်ဖြစ်လာ၍ "ကျွန်တော် ကော"ဟု ခြေကလေးကိုဆောင့်ပြီး မေးလိုက်ပြန်သည်။

"ပထမဆုံးအချက်က ခြေကိုမဆောင့်ပါနဲ့" ဟု မေမေ ကပြောလိုက်သည်။ ကျောပွတ်သတ်ပေးနေခြင်းကိုလည်း ရပ် ပစ်လိုက်သည်။ "အဲဒီအကျင့်ကို မကြိုက်ပါဘူး၊ နောက်ဒါ မျိုး မမြင်ရပါစေနဲ့။ ဒုတိယအချက်က ဒီကိစ္စကို ဆွေးဆွေး နွေးနွေး ပြောရအောင်၊ သားအခု ဘယ့်နှယ် လုပ်လိုက်မလဲ၊

ဖျားပြီးစ ကောင်းကောင်းနေမကောင်းသေးဘူး။ ဘာလေး လုပ်လိုက် လုပ်လိုက် အဖျားပြန်တက်နေတာ။ ပြီးတော့ ဟိုမှာ အခြေအနေဘယ်လို နေသလဲဆိုတာ မသိရသေးဘူး၊ နေရေး ထိုင်ရေး ဘယ်လိုစီမံရမလဲမသိသေးဘူး။ ရာသီဥတုကလဲ မင်း နဲ့ မဖြစ်ဘူး။ ထပ်ထပ် ဖျားနေမှာဘဲ။ အဖျား ကောင်း ကောင်းပြတ်မှာ မဟုတ်တော့ဘူး။ အိမ်မှာလဲ မင်းတယောက် ထဲဘယ်သူနဲ့ နေရစ်မလဲ၊ ဆရာဝန်ကလဲ မင်းကို ခေါ်မသွားရ သေးဘူးတဲ့"

မေမေစကားပြောမဆုံးမီအချိန်အတန်ကြာကပင် ဆီရော ဇာသည် ရှိုက်၍ရှိုက်၍ ငိုနေချေပြီ။ မျက်နှာပေါ်တွင် မျက် ရည်များစီးကျနေချေပြီ။ သူတို့သူ့ကို မခေါ်ဘူးတဲ့။ သူတို့ ချည်းသွားပြီး သူ့ကို ထားပစ်ခဲ့မတဲ့။ တရှုံ့ရှုံ့ငိုနေရ၍ မေမေ ၏ နောက်ဆုံးစကားများကိုပင် ကောင်းစွာ မကြားလိုက်ရ တော့ပေ။

"အန်တီပါရှာနှင့် လူကီယာနစ်တို့ရဲ့ သားနဲ့အတူ နေ ရစ်မှာ။ အရင်လိုဘဲ နေသွားရုံပေါ့"

သို့ရာတွင် သူက အရင်လိုဘဲနေမသွားလိုပါ။ ကော်ရက် စကျီလက်နှင့် မေမေတို့နှင့်သာ လိုက်ချင်ပါသည်။

"ဟိုလမိုဂေါ်ရီကို လိုက်ချင်တယ်"ဟု အော်ဟစ် ငိုကျွေး ပြန်သည်။

"နားထောင်စမ်း....သားသား၊ တိတ်တိတ်၊ ဒီလို ငိုမနေ စမ်းနဲ့။ ဟိုလမိုဂေါ်ရီကို ဘာလို့ လိုက်ချင်ရတာလဲ။ ဟိုမှာ ထူးထူးဆန်းဆန်း ဘာမှမရှိပါဘူး"

"ရှိတယ်"

"မေမေ့ကို ဘာလို့ဒီလိုပြောရတာလဲ။ မေမေက မှန်တာ

ကိုပြောတာ၊ ပြီးတော့....ဒီမှာ တသက်လုံးနေရစ်ရမှာလဲမဟုတ်ဘဲနဲ့၊ လူမိုက်ကလေး....တိတ်....တော်ပြီ...."

"ဟင့်အင်၊ ဟိုလမိုဂေါ်ရီကို လိုက်ချင်တယ်၊ ဟိုလမိုဂေါ်ရီကို လိုက်ချင်တယ်...."

"မိကျာ....ရေတခွက်လောက် ပေးစမ်းပါ။ ဆိုရေဇာ....ရော့၊ ရေနည်းနည်းသောက်လိုက်။ ဒီလောက်မဖြစ်ရဘူးသား၊ ဘယ့်လောက်ငိုငို၊ အကြောင်းထူးမှာ မဟုတ်ဘူး။ ဆရာဝန်က မလိုက်ရဘူးဆိုရင် တခွန်းဘဲ။ ဘာမှမတတ်နိုင်တော့ဘူး။ တိတ်ပါသားရယ်၊ သားကလိမ်မာသားနဲ့။ ဘယ့်နှယ် အရင်လဲ သားကို ထားထားပြီး သွားခဲ့ဘူးတာ မဟုတ်လား။ မမှတ်မိ တော့ဘူးလား။မေမေစာတွေကျက်ပြီး စာမေးပွဲသွားဖြေတုံးက မေမေတယောက်ထဲ သွားပြီး၊ ပြန်လာတာဘဲ မဟုတ်လား။ အဲဒီတုန်းကတော့ သားဒီမှာနေရစ်တာ အကောင်းဘဲ၊ မေမေ ထားပစ်ခဲ့လို့ ဒီလိုမငိုဘူးပေါင်။မေမေမရှိပေမဲ့ သားနေလို့ရသားဘဲမဟုတ်လား။ မမှတ်မိတော့ဘူးလား။ အခုမှ ဘာပြုလို့ သဲနေရတာလဲ။ မေမေတို့နဲ့ ခွဲပြီး၊ ခဏကလေး မနေရစ်ခဲ့နိုင်ဘူး လား။ သားအတွက် ကောင်းဖို့မေမေက ပြောတာ"

သူမည်ကဲ့သို့ ရှင်းပြရမည်နည်း။ ထိုစဉ်က အခြေအနေမှာ တမျိုးဖြစ်သည်။ ထိုစဉ်က သူသည်လွန်စွာ ငယ်ရွယ်၍ မသိနားမလည်ချိန်ဖြစ်သည်။ မေမေမရှိလျှင် မေမေ့ကို မေ့ပစ်လိုက်၍ မေမေပြန်ရောက်လျှင်လည်း မေမေနှင့် ပြန်လည်နေ တတ်သွားပြန်ပါသည်။ သွားလျှင်လည်း မေမေတယောက် ထည်း သွားခြင်း ဖြစ်ပါသည်။ ယခုမူ ကော်ရက်စကျိ လက်ကို သူနှင့်ခွဲ၍ ခေါ်သွားမည် ဖြစ်သည်။ ထိုနောက် သူသိ ချင်သည့်အချက်တခု ရှိသေးသည်။ ဖူးရောင်နေသော နှုတ်ခမ်း

များကို လှုပ်ကာ ဆို့နစ်သော အသံဖြင့် "လျော့ညာကော" ဟု မေးလိုက်သည်။

"သူကငယ်သေးတာဘဲ" ဟု မေမေက မာန်မဲ ပြောလိုက်ပြီး၊ မေမေ့ မျက်နှာနီရဲသွားပါသည်။ "သူကမေမေ မရှိလို့ မဖြစ်ဘူး။ နားမလည် ဘူးလား။ မေမေရှိမှ ဖြစ်မယ်။ ပြီးတော့....သူကနေကောင်းတယ်၊ အဖျားလဲမရှိဘူး။ အကြိုက်လဲ မယောင်ဘူး" ဆီရေဇာ ဦးခေါင်းငိုက်စိုက် ကျသွားသည်။ မြေဩလင့်ခြင်း ကင်းမဲ့စွာဖြင့်၊ တိတ်တဆိတ်ကြိတ်၍ ငိုကျွေးပြန်သည်။

လျော့ညာကိုလည်း ထားခဲ့မည်ဆိုလျှင် ခံသာပါသေးသည်။ ယခုမူ သူ့ကိုသာ ထားပစ်ခဲ့ကြမည်။ သူ့ကိုသာ မခေါ်ချင်ကြခြင်း ဖြစ်သည်။

ပုံပြင်ထဲတွင် ကြားဘူးသကဲ့သို့ "သူ့ကို ကံတရားအတိုင်း စွန့်ပစ်ခဲ့ကြတော့မည်" ဟု ဆီရေဇာတွေးမိသည်။

သူ့အမေအပေါ် စိတ်မကျေနပ်မှုသည် တသက်တာ အမာရွတ် ထင်ကျန်ရစ်ပေမည်။ ယင်း စိတ်မကျေနပ်မှုသည် မိမိကိုယ်က အသုံးမကျဟု တွေးမိသောစိတ်နှင့် ရောရှက်သွားလေသည်။ လျော့ညာထက် ညံ့ဖျင်းသည်မှာ သူ၏အပြစ်ပင်ဖြစ်သည်။ သူ၏အကြိုက်က ရောင်ရမ်းနေသည်မဟုတ်ပါလော။ ထို့ကြောင့် သူတို့သည် လျော့ညာကို ခေါ်သွား၍ သူ့ကို ပစ်ခဲ့ကြပေမည်။

"ဟင်း" ဟု ကော်ရက်စကျီလက်က သက်ပြင်းတချက်ချ၍ အခန်းထဲမှ ထွက်သွားသည်။ သို့သော် ရုတ်တရက် ချက်ခြင်းပင် ပြန်ဝင်လာသည်။

"ဆီရောဇာ.... လာ.... တောထဲ လမ်းလျှောက်သွားရအောင်"

"ဒီ စိုစိုစွတ်စွတ်ထဲလား။ အိပ်ရာထဲ ပြန်လဲနေအုံးမယ်" ဟု မေမေက အော်လိုက်သည်။ ကော်ရက်စကျီလက်သည် ပုခုံးကို တွန့်လိုက်၍ "အခုလဲ အိပ်ရာထဲ လဲနေတာ များတာဘဲ မဟုတ်လား။ လာ....ဆီရောဇာ"

ငိုကျွေးလျက်ပင် ဆီရောဇာလိုက်သွားသည်။ အိမ်အပြင် ဝတ် အနွေးအင်္ကျီ ဖိနပ်စသည်တို့ကို ကော်ရက်စကျီလက်က ကူညီဝတ်ပေးသည်။ မေမေ့ကိုမူ လည်စီးပတ်ပေးရန် ခိုင်းရသည်။ ထို့နောက် ကော်ရက်စကျီလက်နှင့် လက်တွဲ၍ တောအုပ်ကလေးထဲသို့ လမ်းလျှောက်ထွက်သွားကြသည်။

"ဆီရောဇာ၊ လုပ်ရမယ် ဆိုတဲ့ စကားလုံးကလေးကို မင်းသိလား။ ဒို့ ဟိုလမိုဂေါ်ရီကို သွားချင်လို့ သွားတယ်ထင်သလား။ မင်းမေမေလဲ မသွားချင်၊ ငါလဲ မသွားချင်ဘူး။ ဟိုလမိုဂေါ်ရီကြောင့် ဒို့အစီအစဉ်တွေပျက်ကုန်ပြီ....အကုန်လုံး အကုန်လုံး.... ဒါပေမဲ့၊ ဒို့သွားရမယ်ဆိုတာ ဖြစ်လာတယ်၊ ဒါကြောင့် သွားကြရမှာ။ ဒီလိုဘဲ ငါ့မှာ အများကြီးကြုံတွေ့ခဲ့ရပြီ" ဟု ကော်ရက်စကျီလက်က ပြောပြသည်။

"ဘာပြုလို့လဲ" ဆီရောဇာက မေးမြန်းသည်။

"လူ့ဘဝဆိုတာ ဒီလိုဘဲ သားလေးရ"

ကော်ရက်စကျီလက်သည် လေးလေးနက်နက် ပြောနေသည်။ ပြောရာတွင် ဝမ်းနည်းသံပါနေသည်။ ကော်ရက်စကျီလက်က သူနှင့်အတူ ဝမ်းနည်းဖော်ရသဖြင့် ဆီရောဇာသည် အနည်းငယ်နေထိုင်သာ ရှိလာသည်။

"ငါနဲ့ မင်းမေမေဟိုရောက်တော့.... အေးရောက်ရောက်

ခြင်း အလုပ်စရမယ်၊ အားလုံးလဲ အသစ်ချည်းဘဲ၊ နေသား တကျရှိအုံးမှာမဟုတ်ဘူး။ ပြီးတော့ လျောညာက ရှိသေး၊ ကလေးထိန်း ဌာနတခုခုကို ပို့ရမယ်။ ကလေးထိန်း ဌာနက သိပ်ဝေးနေရင်ကော၊ အဲဒီတော့ နို့ထိန်းတယောက် ရှာရမယ်။ အဲဒါက လွယ်တာမဟုတ်ဘူး။ ပြီးတော့ ငါ့ဦးခေါင်းပေါ်က စာမေးပွဲ ဝန်ထုပ်ကြီးက ရှိသေး။ သေသေကြေကြေ အဲဒီ စာမေးပွဲကိုလဲ ဖြေရမယ်။ ဘယ်ဖက်လှည့်လိုက် လှည့်လိုက် မလုပ်မဖြစ် လုပ်ရမဲ့ဟာတွေချည်းဘဲ။ မင်းအတွက်ကတော့ လုပ်ရမဲ့ဟာ တခုထဲရှိပါတယ်။ အခု အခိုက်အတန့် ဒီမှာနေရစ် ရယုံဘဲ။ မင်းကို ဒို့နဲ့ အတူတူ ဘာလို့ ဒုက္ခတွေခံစေရမလဲ။ ပြန်ဖျားပြီး အရင်ထက် ပိုဆိုးနေအုံးမယ်”

ဆီရောဇာကမူ သူ့ကို ဒုက္ခခံစေသည်ဟု မယူဆပါ။ သူတို့ နှင့် အတူတကွ အခက်အခဲများ တာဝန်များကို ဝမ်းပန်း တသာ လိုလိုလားလား ဝေခွဲထမ်းဆောင်ချင်ပါသည်။ သူတို့ လုပ်သလို လုပ်ကိုင်နိုင်ပါသည်။

ကော်ရက်စကျီလက်၏ လေသံတွင် သူ့ကို ချစ်ခင်ကြောင်း ယုံကြည်စိတ်ချစေရန် အာမခံချက်များ ပါရှိပါ၏။ သို့သော် လည်း သူပြန်ဖျားမည် စိုးရိမ်၍မဟုတ်၊ ပြန်ဖျားလျှင် အနှောင့် အရှက်ဖြစ်မည် စိုး၍သာ သူ့ကို ထားပစ်ခဲ့ကြမည်ဟု တွေးထင် ချက်ကိုမူ ဖျောက်ဖျက်၍မရချေ။ တကယ်အစစ်အမှန် အချစ် ခံရသူတဦးသည် မိမိအား ချစ်ခင်ကြသူများအတွက် မည်ကဲ့သို့ မျှ အနှောက်အရှက်မဖြစ်နိုင်ဟု သူ့စိတ်တွင် စွဲမှတ်ထားပြီး ဖြစ်သည်။ သူ့အား ချစ်မှချစ်ကြရဲ့လားဟု ယုံမှားသံသယ ဖြစ်မှုသည် သူ့အသည်းတွင်း၌ ပိုမိုစူးဝင်သွားသည်။ ဤအချိန်

အခါတွင် သူ့အား ချစ်ခင်ကြောင်းပြ၍ နားလည်မှု ရှိကြစေရန် အလွန်လိုလားလျက်ရှိသည်။

သူတို့သည် တောအုပ်သို့ ရောက်လာကြသည်။ တတောလုံး လူသူကင်းရှင်း၍ ပျင်းစရာကောင်းလှသည်။ သစ်ရွက်များ ကြွေကျပြီးဖြစ်၍ ရိုးတံပေါ်ရှိ ငှက်သိုက်များကို အောက်မှ မြင်ရသည်။ ငှက်သိုက်များသည် မသပ်မရပ် လုံးထွေးထားသည့် သိုးမွှေးချည်ခင်နက်များနှင့် တူကြသည်။ အလွှာအလွှာ ထပ်လျက် စိုထိုင်းနေသော သစ်ရွက်များပေါ်တွင် သူ၏ ဘွတ်ဖိနပ်နှင့် တစွတ်စွတ်ဖိ၍ ကော်ရက်စကျီလက်နှင့် လက်တွဲ လျှောက်နေစဉ် ဆီရောဇာသည် အတွေး၌ နစ်မြုပ်နေသည်။

နောက်ဆုံး၌ "ဘာဘဲဖြစ်ဖြစ် အကြောင်းမထူးပါဘူး" ဟု မသာမယာ ပြောလိုက်သည်တွင် "ဘာအကြောင်း မထူးတာလဲကွ"ဟု ကော်ရက်စကျီလက်က ခါးကိုကိုင်၍ မေးလိုက်သည်။ ဆီရောဇာက အဖြေမပေးချေ။

အတန်ကြာ တိတ်ဆိတ်နေကြပြီးမှ "နွေရာသီရောက်ရုံပါ....သားကလေးရာ" ဟု ကော်ရက်စကျီလက်က အဆက်အစပ်မရှိ ပြောလိုက်သည်။

ဆီရောဇာပြောပြလိုသည်မှာ ဤသို့ပင် ဖြစ်သည်။

"ကျွန်တော် တွေးချင် သလို တွေး၊ ငိုချင်သလိုငို၊ အကြောင်းမထူးပါဘူး။ ခင်ဗျားတို့ လူကြီးတွေမှာသာ တန်ခိုးအာဏာရှိပါတယ်။ ဘယ်ဟာမဆို၊ ခွင့်ပြုချင် ပြုနိုင်တယ်။ တားမြစ်ချင် တားမြစ်နိုင်တယ်။ ကစားစရာ ဝယ်ပေးချင်ပေးမယ်၊ ရိုက်ချင်ရိုက်မယ်။ နေရစ်ရမယ်ဆိုရင် ကျွန်တော် ဘာလုပ်လုပ် ထားပစ်ခဲ့မှာဘဲ".... သူသာ ရေရေလည်လည်

ပြောတတ်မည်ဆိုလျှင် ကော်ရက်စကျီလက်၏အမေးကို ဤသို့ ပြန်ဖြေလိုက်ဖွယ် ရှိပေသည်။

လူကြီးများ၏ အကန့်အသတ်မရှိ၊ ကြီးမားသော တန်ခိုး အာဏာများကို လွန်ဆန်ရန် မည်သို့မျှ မတတ်စွမ်းနိုင်ရကား ဆီရောဇာတယောက် များစွာ ကြေကွဲဝမ်းနည်း ဖြစ်နေရ ရှာသည်။

# ခရီးမထွက်မီနေ့

ခရီးမထွက်မီတရက်တွင် ယခင်က မမြင်ဘူးသော သူစိမ်း ယောကျ်ားကြီးများ လာရောက်၍ ထမင်းစားခန်းနှင့် မေမေ့ အခန်းမှ ပရိဘောဂပစ္စည်းများကို သယ်ယူ ရွှေ့ပြောင်းကြသည်။ ထိုနောက် ယင်းတို့ကို လျှော်များဖြင့် ရစ်ပတ်ခြည်နှောင် ထုပ်ပိုးကြသည်။ မေမေက အခန်းဆီးများနှင့် ပန်းချီကားများကို ဖြုတ်၍ သိမ်းဆည်းသည်။ အိမ်ခန်းများသည် ကြက်သရေမရှိ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားကြသည်။

အခြား အချိန်မှာဆိုလျှင် ထိုအထုပ်အပိုးများ ကြား၌ တူတူပုံးတမ်း ကစား၍ ကောင်းလှပေမည်။ ယခုမူ ကစားလို စိတ် မရှိတော့ပါ။

နေဝင် မိုးချုပ်ချိန်ရောက်မှ အလုပ်သမားကြီးများ ပြန်သွားကြပါသည်။ လူတိုင်း မောပန်းကြ၍ အိပ်ရာ စောစော ဝင် ကြပါသည်။ လျော့ညာလည်း ညစဉ် ငိုနေကြအတိုင်း ငိုပြီး၍ အိပ်ပျော်နေချေပြီ။ လူကီယာနစ်နှင့် အန်တီပါရှာတို့ နှစ်ယောက်သည် အိပ်ရာထဲတွင် အချိန်ကြာမြင့်စွာ တိုးတိုး တိုးတိုး စကားပြောပြီး နှာခေါင်း တရှုံ့ရှုံ့ လုပ်နေခဲ့ကြရမှ

ယခု စကားပြောရပ်သွားကြပေပြီ။လူကီယာနစ်သည် ဟောက်၍ပင် နေပြီ။ အန်တီပါရှာက နှာခေါင်းမှ တရှုံ့ရှုံ့ မြည်၍ အသက်ရှူနေသည်။

သို့သော် ကော်ရက်စကျီလက်သည် တယောက်တည်း ထမင်းစားခန်းတွင် ထိုင်၍ သစ်ခေါက်ဖျာများအုပ်ထားသည့် စားပွဲတွင် အုပ်ဆောင်းမပါသော မီးအိမ်တလုံးအောက်၌ စာရေး နေသေးသည်။ ရုတ်တရက် သူ့နောက်မှ သက်ပြင်းချသံကြား၍ကော်ရက်စကျီလက်ကလှည့်ကြည့်လိုက်ရာ ညဝတ်အင်္ကျီရှည်ဝတ်၍ လည်စည်းပတ်ကာ ဘိနပ်မပါ မတ်တတ် ရပ်နေသော ဆီရောဇာကို တွေ့ရသည်။ "ဒီမှာ ဘာလုပ် နေတာလဲ"ဟု တိုးတိုးမေးလိုက်သည်။

"ကော်ရက်စကျီလက်၊ ကျွန်တော်ချစ်တဲ့ ကော်ရက်စကျီ၊ ကျွန်တော့်ကိုလဲ ခေါ်ပါနော်။ ရှိခိုးပါရဲ့ ကျွန်တော့်လဲ ခေါ်ပါနော်....နော်...."

ဆီရောဇာသည်ပြောပြောဆိုဆို ချုံးပွဲချငိုပါတော့သည်။ အခြားသူများ မနိုးရအောင် အသံကိုမူ ခတ်အုပ်အုပ် ထားပါသည်။

ကော်ရက်စကျီလက်သည် ဆီရောဇာကို ကောက်ချီပွေ့ဖက်လိုက်သည်။ "သားကလေး....ဘာဖြစ်လာပြန်သလဲ၊ ကြည့်စမ်း ကြမ်းပြင် အအေးကြီးမှာ ဖိနပ်မပါဘဲ လျှောက်သွားမနေရဘူးဆိုတာ သိရက်သားနဲ့၊ ဒီကိစ္စလဲ ဒို့ဆွေးနွေးပြီး သဘောတူပြီး မဟုတ်လား"

"ဟိုလမိုဂိုရိကို လိုက်ချင်တယ်"ဟု ငိုပြောပြန်သည်။

"ကြည့်စမ်း၊ခြေထောက်တွေလဲအေးလို့" ကော်ရက်စကျီလက်သည် ညဝတ်အင်္ကျီရှည်အောက်ပိုင်းနှင့် ဆီရောဇာ၏ ခြေ

ထောက်များကို ရစ်ပတ်ပေးကာ ခိုက်ခိုက်တုန်နေသော ကိုယ်ကလေးကို သိမ်းကြုံးပွေ့ထားလိုက်သည်။

"ဒီလိုသာဆို ဘယ်လို လုပ်ကြမလဲ။ သားက နေလဲမကောင်းသေးဘူး"

"ကျွန်တော် နောက်ထပ် မဖျားတော့ပါဘူး"

"မင်း အဖျား အဟုတ် ပြတ်ပြတ်ချင်း ငါလာခေါ်မယ်"

"အဟုတ်လာခေါ်မှာလား"

"သားကို ဘယ်တုံးက လိမ်ပြောဘူးလို့လဲ"

မပြောဘော့မပြောဘူးသေးဘူး။ ဒါပေမဲ့ တခါတရံတော့ ညာအပြောတတ်သား။ သူတို့အားလုံး တခါတလေတော့ လိမ်ပြောတာပါဘဲ။ ဒါဟာ သူညာပြောတဲ့အခါ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲဟု ဆီရောဇာက တွေးကြည့်နေသည်။

ထို့နောက် ကော်ရက်စကျီလက်၏ယောကျ်ားပီသ တောင့်တင်းလှသော လည်ပင်းကြီးကို သူ၏ နောက်ဆုံး မှီခိုအားထားရာအဖြစ် မုတ်ဆိတ်တိုများ စူးလှသော မေးအောက်မှ သိမ်းကြုံး၍ ဖက်ထား လိုက်သည်။ ဤယောကျ်ားကြီးသာလျှင် သူ၏ အားကိုးရာ မြှော်လင့်ရာ ချစ်ခင်ရာ ရှိတော့သည်။

ကော်ရက်စကျီလက်သည် သူ့အား ပွေ့ချီ၍ အခန်းတွင်း၌ စကြံ လျှောက်ရင်း တိုးတိုး ပြောလိုက်သည်။ ထို့နေ့ညစကားပြောသမျှ လေသံနှင့် ပြောကြားခြင်းများ ဖြစ်သည်။

"မင်းကို လာခေါ်မှာပေါ့။ ပြီးတော့ မီးရထားကြီးနဲ့ သွားကြမယ်။ မီးရထားကြီးကလေ သိပ်မြန်တာဘဲ။ တဲတွေမှာလဲ လူတွေပြည့်လို့။ ဘာမှ မကြာဘူး ရောက်သွားရော။ စက်ခေါင်းကြီးက ဝူလို့ ဥသြဆွဲလိုက်ရော မေမေက ဒို့ကို ကြိုနေမယ်လေ"



2:26 PM 102/113

လာခေါ်ချိန် ရမှာမဟုတ်ဘဲဟု ဆီရောဇာ စိတ်ပူနေသည်။ မေမေလည်း အချိန်ရှိမည် မဟုတ်။ နေ့စဉ် လူများ လာတွေ့ကြမည်။ တယ်လီဖုန်းနှင့် စကားပြောကြမည်။ အလုပ် သွားရမည်။ ဒါမှမဟုတ် စာမေးပွဲ ဖြေရအုံးမည်။ လျှောညာကို ချိမ္မွေ့ပြီး စကြိုလျှောက်ရင်း ချော့သိပ်ရအုံးမည်။ငါကတော့စောင့်.... စောင့်....တသက်လုံး တမြှော်မြှော်နှင့် ဖြစ်နေမှာဘဲ။

"ဒို့သွားနေမယ့်ဆီမှာ တကယ့်သစ်တောရှိတယ်။ ဒီမှာလို တောအုပ်ကလေး မဟုတ်ဘူး။ မှို့တွေ၊ ဆီးသီးပင်တွေ အလေ့ကျ ပေါက်လို့"

"ဝံပုလွေတွေလဲ ရှိသလား"

"ဒါတော့ငါမပြောတတ်ဘူး၊ ရှိမရှိ ငါစုံစမ်းပြီး မင်းဆီ စာရေးလိုက်မယ်....ပြီးတော့ မြစ်လဲရှိတယ်။ ဒို့ မြစ်ထဲရေချိုးသွားပြီး၊မင်းကို လက်ပစ်ကူးနည်း သင်ပေးမယ်လေ"

သူ့ပြောသလိုဘဲ ဖြစ်လာမှာလား၊ ဟုတ်ချင်လဲ ဟုတ်မှာဘဲလေဟု သူ့စိတ်ကို ဖြေလိုက်သည်။ မယုံသက်ာဖြစ်ရလွန်း၍ ပင်ပန်းလှပေပြီ။

"အို....ဒါနဲ့၊ စွပ်ဖားကကြိုးကလေး ဆွေးနေပြီ၊ ကြိုးသစ်တပ်ပေးခဲ့မလား" ဆီရောဇာက မေးလိုက်သည်။

"အေးပေးမှာပေါ့။ ငါကြည့်လုပ်ထားခဲ့မယ်။ ပြီးတော့ သားကလေး နောက်မငိုတော့ပါဘူးဆိုတာ ကတိပေးရမယ်.... ငိုရင် မင့်အတွက်မကောင်းဘူး။ မေမေလဲ စိတ်မကောင်းဖြစ်ရတယ်....သိလား။ ဒါတွေထားအုံး ယောကျ်ားဆိုတာ မငိုရဘူးကွ၊ ဒါမျိုးငါကမကြိုက်ဘူး။ ကိုင်း....နောက်မငိုပါဘူးလို့ ကတိပေးရမယ်နော်...."

"အင်း...."



2:26 PM 103/113

"အဲဒါကတိနော်၊ သစ္စာစကားနော်"

"အင်း...."

"အေး၊ ကောင်းကောင်းမှတ်ထား၊ ယောကျ်ားဆိုတာ အစဉ်ကတိတည်တယ်"

ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်သော ဆီရေဇာသည် သူ၏ လက်မောင်းပေါ်တွင် လေလံစွာ ငိုက်စိုက်ကျနေပေပြီ။ သူ့အား အန်တီပါရှာအခန်းသို့ ပွေ့ချီယူသွား၍ အိပ်ရာတွင် သိပ်ပြီးလျှင် စောင်ခြုံပေးလိုက်သည်။ ဆီရေဇာသည် တကိုယ်လုံး သိမ့်သိမ့်တုံသွားအောင် အသက်ပြင်းပြင်းတချက် ရှူရှိုက်လိုက်ပြီးနောက် အိပ်မောကျသွားသည်။

ကော်ရက်စကျီလက်သည် သူ့ကို ရပ်၍ ကြည့်နေသေးသည်။ ထမင်းစားခန်းမှ မီးရောင်တွင် ဆီရေဇာ၏ မျက်နှာမှာ အလွန်သေးငယ်၍ ဖြူဖတ်ဖြူလျော်ဖြစ်နေသည်။ ကော်ရက်စကျီလက်သည် လှည့်၍အခန်းထဲမှ ခြေဖျားထောက် ထွက်ခဲ့တော့သည်။

# ခရီးထွက်ကြသောနေ့

ခရီးထွက်ကြမည့်နေ့ နံနက်သို့ ရောက်ခဲ့လေပြီ။ နေရောင်ခြည်လည်းမဖြာ၊ ဆီးနှင်းလည်း မကျ၊ မှုန်မှိုင်းမှိုင်းနှင့် ငြိုးငွေ့ဖွယ်နေ့တနေ့ ဖြစ်သည်။ မြေကြီးပေါ်မှ ဆီးနှင်းပွင့်များသည် ညက အရည်ပျော်သွားကုန်ခဲ့ကြပြီ။ ခေါင်မိုးများအပေါ်တွင် ဆီးနှင်းခတ်ပါးပါးကလေးသာ ကျန်တော့သည်။ ကောင်းကင်သည် အုံ့မှိုင်းနေသည်။ မြေပြင်သည် စိုစွတ်၍ ရွှံ့ဗွက်ထူနေသည်။ စွပ်ဖားလှည်းဆွဲရန် မဆိုထားနှင့် ခြံထဲသို့ဆင်းရန်ပင် သာသာယာယာမရှိပေ။

ဤကဲ့သို့ ရာသီဥတုတွင် မည်သည်ကိုမျှ လုပ်ကိုင်ရန် မမြှော်လင့်နိုင်ပါ။ ဘာမျှအဆင်ပြေမည်လည်း မဟုတ်ပါ။

မည်သို့ဖြစ်စေ ကော်ရက်စကျီလက်က စွပ်ဖားတွင် ကြိုးသစ်တချောင်း တတ်ပေးထားပေပြီ။ ဆီရောဇာသည် အိမ်ပေါက်ဝသို့ လှမ်းကြည့်လိုက်ရာ စွပ်ဖားကလေး ထောင်ထားသည်ကို တွေ့ရသည်။ သို့သော် ကော်ရက်စကျီလက်ကိုမူ ဘယ်မှာမျှ မတွေ့မြင်ရချေ။

မေမေကထိုင်၍ လျှော်ညာကို နို့တိုက်နေသည်။ နို့တိုက်



2:26 PM 105/113

နေသည်မှာလည်း ကြာလှန်းလှပါသည်။ မေမေသည် ဆီရော ဇာကို ပြုံး၍ပြောလိုက်သည်။ "ကြည့်စမ်း၊ သူ့နှာခေါင်း ကလေးက တမျိုးကလေးနော်"

ဆီရောဇာက ကြည့်လိုက်ပါသည်။ ရှိုးရှိုးနှာခေါင်းပင် ဖြစ် ပါသည်။ "သူ့ကိုချစ်တော့ သူ့နှာခေါင်းကချစ်စရာကလေးပေါ့" ဟု ဆီရောဇာတွေးလိုက်သည်။ "အရင်တုံးကဆို မေမေက ငါ့ ကိုချစ်တယ်။ အခုတော့ သူ့ကိုချစ်ပြီပေါ့"

ထို့ကြောင့် အန်တီပါရှာထံသို့ ထွက်သွားလိုက်သည်။ အန်တီပါရှာသည် အလှန်အမင်းအယူသည်းတတ်သူ ဖြစ်သော် လည်း သူနှင့်အတူနေရစ်မည့်သူ၊ သူ့ကိုချစ်သည့်သူ ဖြစ်သည်။

အန်တီပါရှာသည် ကော်ပြန့်လိပ်များကို ဆက်လက်ကြော် နေသည်။ ဆီရောဇာသည် မတ်တတ်ရပ်လျက် အတွေးနယ်ချဲ့ နေသည်။

လူကီယာနစ်ကလဲ ငါ့ကို ချစ်တာဘဲ။ အရင်ကထက် ပိုချစ် မှာ အများကြီး၊အများကြီးချစ်မှာ....လူကီယာနစ်နှင့်လျှောက် လိုက်သွားမယ်။ ငါကရေနစ်သေရော။ သူတို့ငါ့ကို ဘေးမကြီးလို မြေကြီးထဲမြှုပ်လိုက်ကြမယ်။ ကော်ရက်စကျီလက်နှင့် မေမေ က အဲဒီသတင်းကြားပြီး "ဒို့နဲ့မခေါ်ခဲ့မိလို့ ဖြစ်ရလေခြင်း"လို့ ဝမ်းနည်းပက်လက်ဖြစ်ရမယ်။ "သူ့အသက်အရွယ်နဲ့မလိုက်၊ဥာဏ် တော်တယ်။ လိမ်မာတယ်။ ငိုလဲမငိုဘူး။ လူကြီးများ စိတ်ညစ် အောင်လဲ ဘယ်တော့မှမလုပ်ဘူး။ လျှောညာထက်ဆို အဆ ပေါင်းတသန်းသာတယ်"လို့ ပြောကြမယ်၊အို....ဒါပေမဲ့ငါ့ကိုမြေ ကြီးထဲမမြှုပ်စေချင်ပါဘူး။မြေကြီးထဲမှာတယောက်ထဲကြောက် စရာကြီး၊အမယ်....ဒို့လဲ ဒီမှာပျော်ပျော်ကြီးနေကြမှာပေါ့။လူကီ ယာနစ်က သစ်သော့သီးကျွေ့၊ချော့ကလက်တွေယူလာပေးမယ်။



2:26 PM 106/113

ငါက ကြီးလာပြီး ပင်လယ်ကူးသင်္ဘောမှာ မာလိန်မှူးဖြစ်ရော၊ ခမမမနှင့်ကော်ရက်စကျီလက်တို့ကအလုပ်လက်မဲ့ဖြစ်ပြီး၊ဆင်းရဲဒုက္ခရောက်နေကြရော။ အဲဒီတော့....ဒီလာပြီး အန်တီပါရှာဆီ "ထင်းခွဲရေခပ် အလုပ်ကလေးများ သနားပါ"လို့ လာတောင်းမယ်၊ အဲဒီတော့ ငါက အန်တီပါရှာကို "ထမင်းကျန် ဟင်းကျန်ကလေးများ ပေးလိုက်ပါ" လို့ပြောပေးမယ်....။

ဤနေရာတွင် ဆီရောဇာ လွန်စွာ စိတ်ညစ်သွားသည်။ ကော်ရက်စကျီလက်နှင့် မေမေတို့အတွက် အလွန်ဝမ်းနည်းပက်လက်ဖြစ်လာပြီး ငိုချလိုက်မိသည်။ သို့သော်အန်တီပါရှာက "ဟယ်....ဘုရားရေ"ဟု အော်၍မဆုံးမီ ကော်ရက်စကျီလက်အား ပေးထားသော ကတိဝန်ခံချက်ကို ဆီရောဇာသတိရလိုက်သဖြင့် "နောက်မလုပ်ပါဘူး"ဟုလျှင်မြန်စွာ ပြောလိုက်သည်။

ထိုအချိန်တွင် မီးဖိုတံခါးဆောင့်ဖွင့်သံ၊ ခြေနင်းသံများနှင့်အတူ ကော်ရက်စကျီလက်၏ ကျယ်လောင်သောအသံပေါ်ထွက်လာသည်။

"ထမင်းစားကြစို့။ တနာရီအတွင်း လော်ရီကားရောက်လာမယ်"

ကော်ရက်စကျီလက်၏အသံကိုကြားရလျှင် ရင်တွင်းအေး၍ ကြည့်နူးသွားလေ့ရှိသည့်အတိုင်း ဆီရောဇာသည် အထဲသို့ပြေးဝင်သွားလိုက်ချင်သည်။ ထို့နောက်မူ "မကြာမီ ဒီလို အူလှိုက်သဲလှိုက် နှစ်သိမ့်ရတော့မှာ မဟုတ်တော့ဘူး"ဟု အတွေးရောက်လာပြန်သည်။ ထို့ကြောင့် ရည်ရွယ်ချက်မရှိ အုတ်ခဲများကို ကြမ်းပြင်ပေါ်တွင် ဟိုရွှေ့ သည်ရွှေ့လုပ်နေလိုက်သည်။ ကော်ရက်စကျီလက်သည် ပြင်ပအအေးဒဏ်ကြောင့် မျက်နှာနီရဲလျက်၊ အထဲသို့ဝင်လာသည်။ ကော်ရက်စကျီလက်သည်

တောင်းပန်သော လေသံဖြင့် "ဘယ်လိုလဲဟေ့ ဆီရောဇာ"ဟု မေးလိုက်သည်။

သူတို့သည် ထမင်း မြန်မြန် စားကြသည်။ မှောင်ချိန် ရောက်လာပေပြီ။ ကော်ရက်စကျီလက်သည် တယ်လီဖုန်းဆီသို့ သွား၍ တစုံတယောက်နှင့် နှုတ်ဆက် စကားပြောနေသည်။ ဆီရောဇာသည် သူ၏ဒူးကို မှီ၍ မလှုပ်မရှက် ရပ်နေသဖြင့် ကော်ရက်စကျီလက်က စကားပြောနေစဉ် သူ့ လက်ချောင်း ရှည်များဖြင့် ဆီရောဇာဆံပင်ကို ဆွဲခြစ်နေသည်။

ပစ္စည်းများအားလုံး သယ်ထုတ်သွားကြပေပြီ။ ပရိဘောဂ များ၊ အဝတ်အစား သေတ္တာများ၊ စားစရာ သောက်စရာခြင်း တောင်း၊ လျှောညာ၏ အနှီးထုပ်၊ အခန်းများတွင် ဗလာဟင်း လင်း ဖြစ်သွားသည်။ စာရွက်စုတ် အနည်းငယ်နှင့် ဆေးပုလင်း လွတ်တလုံး လဲကျနေသည်မှလွဲ၍ အခန်းတွင်း၌ ဘာမျှ မရှိ တော့ပေ။

"အပြင်မှာ အေးတယ်၊ ဒါဝတ်ထား"ဟု ကုတ်အင်္ကျီ တထည် လှမ်းပေးရင်း လူကြီးယာနစ်က အန်တီပါရှာကို ပြော လိုက်သည်။ ဆီရောဇာသည် လန့်၍ ခုန်လိုက်ပြီး သူ့ထံသို့ ပြေး သွားသည်။

"ကျွန်တော်လဲ အပြင်လိုက်မယ်၊ အပြင်လိုက်မယ်"

"အေး၊ အေး၊ လိုက်ရမှာပေါ့"ဟု အန်တီပါရှာက ချော့ မော့၍ အပြင်ဝတ် အနွေးထည်များ ကူဝတ်ပေးသည်။ မေမေ နှင့် ကော်ရက်စကျီလက်တို့လည်း အပြင်ဝတ် အနွေးထည်များ ကို ဝတ်နေကြသည်။ ကော်ရက်စကျီလက်သည် ဆီရောဇာကို ချိုင်းမှ မယူ၍ အကြာကြီး မွှေးမွှေးပေးလိုက်သည်။



2:26 PM 108/113

"သားကလေး....အခု ခဏ ဂွဒ်ဘိုင်ပေါ့ကွာ။နေကောင်း လာအောင်လုပ်။ ဒို့သဘောတူထားတဲ့ ကတိလဲမမေ့နဲ့နော်"

မေမေသည် ဆီရောဇာကို နမ်းရှုံ့ရင်း ငိုနေသည်။

"ဆီရောဇာ....သားသားလေး၊ ဂွဒ်ဘိုင်လို့ ဆိုပါအုံး"

"ဂွဒ်ဘိုင်၊ ဂွဒ်ဘိုင်"ဟု ခတ်မြန်မြန် တုန်တုန်ရီရီနှင့် ဆို လိုက်၍ အသက်ရှူပင် မှားသွားသည်။ ထို့နောက် ကော်ရက် စကြီလက်ကို ကြည့်လိုက်ရာ ကော်ရက်စကြီလက်က သူ့ကို ချီးကျူးစကား ပြောလိုက်သည်။

"ဒါမှပေါ့ကွ....ဆီရောဇာ သိပ်လိမ္မာဘာဘဲ"

ကော်ရက်စကြီလက်သည် မေမေနှင့် လျှောညာကို ကား ရှေ့ခန်းတွင် တင်ပေးပြီး သိုးမွေးစောင်နှင့် ရစ်ပတ် ခြုံလွှမ်း ပေးသည်။ သူတို့ကို အားလုံးထက် ချစ်သည်။ သူတို့ကို အလွန် ဂရုစိုက်သည်။ သူတို့ နွေးနွေးထွေးထွေး သက်တောင့်သက်သာရှိ ရန် စီစဉ်ပေးသည်။

သူကိုယ်တိုင်ကမူ ကား နောက်ပိုင်းတွင်တက်၍ ကျောက် ရုပ်ကြီးကဲ့သို့ မားမား ရပ်နေသည်။

"မိုးကာအောက်ဝင်....မီကျာ၊ မိုးကာအောက်ဝင်။ မျက် နှာ နှင်းပက်လိမ့်မယ်"ဟု အန်တီပါရှာက အော်ပြောသည်။ သူက ဂရုမပြုပေ။

"ဆီရောဇာ၊ နောက်နား နည်းနည်းဆုတ် ကားတက် နင်းမိလိမ့်မယ်"ဟု ပြောလိုက်သည်။

လော်ရီကားကြီးမှ စက်နှိုးသံ ထွက်ပေါ်လာပြီ။ ကျီမော့ ဟင်းကားပေါ်တက်ပြီ။စက်သံပိုမိုကျယ်လာပြီး ကားကြီး တအိ အိ လှုပ်နေကာ ရှေ့သို့ ဇတ်ကနဲထွက်၍ နောက်ပြန်ချော်သွား သည်။ ရှေ့နည်းနည်းတိုး၍ နောက်ပြန်ဆုတ်သည်။ ထို့နောက်

ကားကြီး ထွက်သွားမည်။ ပင်းတံခါးများ ပိတ်၍ မီးအိမ်ကို ငြိမ်းလိုက်ကြမည်။ အားလုံးကိစ္စ ပြီးတော့မည်။

ဆီရောဇာသည် ကားနံဘေး တဖြောက်ဖြောက် ကျနေသော ဆီးနှင်းများအောက်တွင် ရပ်နေသည်။ ပေးထားသောသူ၏ ကတိတည်စေရန် အစွမ်းကုန် အံကြိတ် ကြိုးစားထားရသည်။ တခါတခါသာလျှင် ရှိုက်၍ ရှိုက်၍ နေလိုက်မိသည်။ တိတ်တိတ်ကြိတ်၍ ညှိုးညှိုးငယ်ငယ်ဖြင့် ဆွဲဆွဲငင်ငင် ရှိုက်လိုက်ခြင်းများ ဖြစ်သည်။

တစက်တည်းသော မျက်ရည်ပေါက်သည် မျက်လုံးအိမ်မှ အတင်း တိုးထွက်လာ၍ မီးအိမ်၏ အလင်းရောင်တွင် ပြောင်လက်နေသည်။ ထိုမျက်ရည်ပေါက်သည် ခက်ခက်ခဲခဲနှင့် ကျဆင်းလာသော မျက်ရည်ဖြစ်သည်။ ကလေး ကလေး၏ မျက်ရည်မဟုတ်။ လုလင်ငယ် တယောက်၏ မျက်ရည်။ ခါးသီးသော ပူလောင်သော မာနမျက်ရည် ဖြစ်သည်။

ထိုနေရာတွင် ဆက်လက် မတ်တတ်ရပ်နေ၍မဖြစ်တော့သဖြင့် သူသည် လှည့်ထွက်သွားသည်။ စိတ်နှလုံး ပူပန်ခြင်း ပြင်းပြစွာဖြင့် ခေါင်းငိုက်စိုက်ချ၍ အိမ်ဆီသို့ လျှောက်သွားလေသည်။

"ရပ်အုံး၊ ရပ်အုံး" ကော်ရက်စကျီလက်က ရေးကြီးသုတ်ပြာ လှမ်းအော်လိုက်သည်။ ကားရှေ့ခန်းကိုလည်း လက်နှင့်ပုတ်၍ အရပ်ခိုင်းသည်။

"ဆီရောဇာ....လာ၊ လာ၊ မြန်မြန်လုပ်။ မင်းပစ္စည်းတွေ သွားယူ၊ ဒို့နဲ့လိုက်ခဲ့ရမယ်"

ကော်ရက်စကျီလက်သည်ကားပေါ်မှခုန်ဆင်းလိုက်သည်။

"မြန်မြန်လုပ်ဟေ့....မင်းပစ္စည်း ဘာရှိလို့တုံး။ အကုန်

ယူခဲ့။ ကစားစရာတွေဘဲ မဟုတ်လား၊ မကြာပါဘူး၊ လုပ်လုပ်"

"မိကျာ....ဘာစိတ်ကူးရလို့တုံး"။ "မိကျာ စဉ်းစား ပါအုံး"။ "မိကျာ....ရှင်ရူးနေပြီ"ဟု အန်တီပါရွာက တံခါးဝမှ ၎င်း၊ မေမေက လော်ရီကားထဲမှ၎င်း တပြိုင်နက် ပြောလိုက်ကြသည်။

ကော်ရက်စကျူလက်က ဒေါ်ပွပွနှင့် ပြန်အော်သည်။

"ဘာရူးရမှာလဲ။ ကလေး ဘာဖြစ်နေတယ် ထင်သလဲ။ နားမလည်ကြဘူးလား။ အရှင်လတ်လတ် ရင်ခွဲနေသလို ဖြစ်နေတာ မသိကြဘူးလား။ မင်းတို့ ကြိုက်တာလုပ်။ ငါတော့ မကြည့်ရက်တော့ဘူး။ ဒါဘဲ"

"အလိုလေး .... ဘုရား .... ဘုရား" ဟိုလိုက်သွားရင်၊ ဒီကလေး သေလိမ့်မယ်" အန်တီပါရွာက ငိုပြောသည်။

"မဆိုင်တာ မပြောစမ်းပါနဲ့။ ကျုပ် တာဝန်ယူတယ်၊ နားလည်လား။ ဒီကလေး ဘာမှမဖြစ်စေရဘူး။ အဓိပ္ပါယ် မရှိတာတွေ ပြောနေကြတာ။ ဆီရောဇာ....လာ....မြန်မြန်လုပ်"

သူသည် အိမ်ထဲသို့ ပြေးဝင်သွားသည်။

ပထမတွင် ဆီရောဇာသည် မလှုပ်မရှက် ရပ်နေသည်။ ကိုယ်ကိုလှုပ်ရှား၍မရ။ သူနားကိုသူမယုံ....သူကြားရ သည်ကို မယုံကြည်ဝံ့၊ ရင်တွင်းမှ တဒိန်းဒိန်း မြည်သံကို ကြားနေရသည်။ပြီးနောက် အိမ်တွင်းသို့ တဟုန်ထိုးဝင်သွား၍ အခန်းတိုင်း အမောတကြီး ဖြတ်ပြေးသည်။ ပြေးရင်း လွှားရင်း မျောက်ရုပ်ကလေးကို ကောက်ယူခဲ့သည်။ ထို့နောက် ကြောက်စိတ် ရုတ်တရက် ဝင်လာသည်။ မေမေနှင့် အန်တီ ပါရွာတို့က ဝိုင်းပြောကြ၍ ကော်ရက်စကျူလက်စိတ်ပြောင်းများသွားမလားဟု စိုးရိမ်လာသည်နှင့် သူထံသို့ ပြန်ပြေးသွားသည်။

သို့ရာတွင် ကော်ရက်စကျိုလက်ကမူ သူ့ဆီသို့ အပြေးလာ၍ မြန်မြန်လုပ်၊ မြန်မြန်လုပ်ဟု ပြောနေသည်။

သူတို့အားလုံး ဆီရောဇာ၏ ပစ္စည်းများကို လိုက်သိမ်းကြသည်။ အန်တီ ပါရှာနှင့် လူကီယာနစ်တို့က ဝိုင်းကူကြသည်။ လူကီယာနစ်က ဆီရောဇာ၏ အိပ်ရာကို လိပ်ပေးသည်။

"မိကျာ....ခင်ဗျားလုပ်တာမှန်တယ်၊ တကယ်ကို မှန်တာဘဲ"ဟု သူက ပြောသေးသည်။ "ဒါမှပေါ့"

ဆီရောဇာသည် သူ၏ အဖိုးတန်ပစ္စည်း တွေသမျှကို ပြာပြာသလဲ သိမ်းကြုံး၍ အန်တီပါရှာပေးထားသော သေတ္တာထဲသို့ ပစ်သွင်းသည်။ မြန်မြန်၊ မြန်မြန်....သူတို့ ထွက်များသွားမှဖြင့် နောက်တမိနစ်မှာ သူတို့ ဘာလုပ်မလဲ မသိနိုင်ဘူး။ သူ့နှလုံးသည် လည်ချောင်းတွင် တက်၍ ခုံနေသည်ဟု ထင်မှတ်ရသည်။ အသက်ရှူ ကြပ်၍ ဘာကိုမျှလည်း မကြားနိုင်။

"မြန်မြန်လုပ်....မြန်မြန်လုပ်ပါ"ဟု သူ့အား အနွေးထည်များထပ်ဝတ်ပေးနေသော အန်တီ ပါရှာကို ပြောလိုက်သည်။

သူသည် ဇွတ်အတင်း ရုန်းထွက်၍ ကော်ရက်စကျိုလက်ကို လိုက်ရှာသည်။ သို့ရာတွင် လော်ရီမှာ အပြင်တွင် ရပ်နေဆဲဖြစ်သည်။ ကော်ရက်စကျိုလက်သည် ကားပေါ်သို့ပင် မတက်သေးချေ။

"အန်တီတို့အားလုံး နှုတ်ဆက်လိုက်အုံးလေ"ဟု ဆီရောဇာကို ပြောလိုက်သည်။

နောက် ဆီရောဇာကို ပွေ့ချီပြီး မေမေနှင့် လျှောညာ၏ ဘေးသို့ ထိုးသွင်း ပေးလိုက်သည်။ မေမေ၏ စောင်နှင့်



2:26 PM 112/113

လည်း ခြုံပေးသည်။ လော်ရီစထွက်ပေပြီ။ အခုမှသေချာပြီ။ စိတ်အေးရပေပြီ။ ကားမောင်းသူ၏ အခန်းတွင် လူများပြည့်ကြပ်နေသည်။ တယောက်၊ နှစ်ယောက်၊ သုံးယောက်၊ လေးယောက် စဉ်းစားသာကြည့်ပါတော့။သိုးရေအနံ့လည်းရသည်။ ကျီမော့ဟင်းလည်း ဆေးလိပ်သောက်နေသည်။ ဆီရောဇာမှုန်လာ၍ ချောင်းဆိုးရသည်။ သူသည် မေမေနှင့် ကျီမော့ဟင်းကြားတွင် ညပ်၍နေသည်။ သူ့ဦးထုပ်က မျက်စေ့တဖက်ကို ဖုံးနေသည်။ လည်စည်းက လည်ပင်းမှာ တင်းကြပ်နေသည်။ ကားမီးရောင်တွင် ဆီးနှင်းပွင့်များ ပြန့်လွင့်နေသည်မှတပါး ဘာမျှ မမြင်ရချေ။ ကားထဲမှာ ကျဉ်းကြပ်လှသည်။ နေရထိုင်ရ မသက်သာလှ၊ ဒါပေမဲ့ ဘာအရေးလဲ၊ ဒို့ခရီးထွက်နေကြပြီ။ အားလုံး အတူတူ ခရီးထွက် နေကြပြီ၊ ဒို့ကို ကျီမော့ဟင်းက ခေါ်ဆောင်သွားနေပြီ မဟုတ်လား။ ကားနောက်ဖက် ဟိုအမြင့်ကြီးပေါ်မှာ ကော်ရက်စကျီလက်တယောက်ရှိသည်။ သူက ငါ့ကို ချစ်သည်။ ငါ့အတွက် တာဝန်ယူသည်။ သူက ဆီးနှင်းထဲမှာ လိုက်ပြီး ဒို့ကို ရှေ့ခန်းမှာ ထည့်လိုက်သည်။

ဒို့ကို ဟိုလမိုဂေါ်ရီ အရောက် ခေါ်သွားမည်။ အလို.... ဘုရား....။ ဟိုလမိုဂေါ်ရီကို ဒို့ရောက်တော့မည်။ ဝမ်းသာစရာကောင်းလိုက်တာ....အဲဒီမှာ ဘာတွေများ ရှိပါလိမ့်။ ဒို့သွားနေမှာမို့ ပျော်စရာ ကောင်းမှာဘဲ။ ကြီးကျယ် ခန်းနားမှာဘဲ....။

ကျီမော့ဟင်း၏ သတိပေးကားဟွန်းသံ ပေါ်လာသည်။ စိတ်ကူးဖြင့် ပျော်နေသော ဆီရောဇာဆီသို့ ပြောင်လက်နေသော ဆီးနှင်းများသည်တဟုန်ထိုး ပြေးဝင်လာတော့သတည်း။